The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 47
တနင်္လာနေ့တိုင်းထုတ်ဝေသည်
November 26, 2018

# မြန်မာ-ထိုင်း ကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများဖြင့် မဟာဗျူဟာကျစွာတည်ရှိနေသောမြဝတီကုန်သွယ်ရေးဇုန်

စာမျက်နှာ - ၁၈



အိန္ဒိယနိုင်ငံရှိ ဒေသအချို့၌ မိုးခေါင်ခြင်းကြောင့် kharif ရာသီ ပဲသီးနှံအထွက်နှုန်းကို ထိခိုက်မှုရှိနေ

စာမျက်နှာ - ၈

ပြည်ပဈေးကွက် အလားအလာကောင်းသော ဒန့်သလွန်ပင်အား စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ကြပါစို့ . . . .

စာမျက်နှာ - ၁၂

မြန်မာ့ ငါး၊ ပုစွန်နှင့် ရေထွက်ပို့ကုန်များ အလားအလာကောင်း

စာမျက်နှာ - ၂၂








Golden Lion
ရွှေပင် ၊ ရွှေသီး ၊ ရွှေဦးကြီးတို့ သုံးစွဲခလေ့ ... ရွှေခြင်္သေ့
ပဲအထွက်တိုး ...
ရှုပါဂရိုး
မတ်ပဲ၊ ပဲတီစိမ်း အထူးရွက်ဖျန်းမြေဩဇာ
အပင်သန်မာကြီးထွားစေပြီး ဘေးကိုင်းထွက်မှု ကောင်းစေသည်။
အမြစ်ဖွံ့ဖြိုးမှု နှင့် အပွင့်၊ အသီးတင်မှု ကောင်းစေသည်။
ပိုးမွှား၊ ရောဂါ နှင့် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိစေသည်။
ဆေးဖျန်းပုံး(၁)ပုံးလျှင် ရှုပါဂရိုး(အေ) (၅၀-၁၀၀)စီစီ နှင့် ရှုပါဂရိုး(ဘီ) (၅၀-၁၀၀)စီစီ ရောစပ်ပက်ဖျန်းပါ။
ရွှေခြင်္သေ့ အဆင့်မြင့်စိုက်ပျိုးရေးစွမ်းအားစုကုမ္ပဏီလီမိတက် A member of the GL Group




ထူးကဲရသာ
Since 1988
ရွှေနေကြာ

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်

## မြန်မာနိုင်ငံ၏ဈေးကွက်စီးပွားရေးအားမြှင့်တင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းအဖြစ် တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးလက်မှတ်ရေးထိုးပွဲနှင့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်(ပထမ)အကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် ဖရက်ဒရစ်နော်မန် လွတ်လပ်မှုဖောင်ဒေးရှင်းတို့အကြား မြန်မာနိုင်ငံ၏ ဈေးကွက် စီးပွားရေးအားမြှင့်တင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းအဖြစ် တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီး သက်တမ်းတိုးသည့် နားလည်မှုစာချွန်လွှာကို ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဖရက်ဒရစ်နော်မန်ဖောင်ဒေးရှင်းမှ ဒေသဆိုင်ရာ ဒါရိုက်တာတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

လက်မှတ်ရေးထိုးပွဲမပြုလုပ်မီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ယှဉ်ပြိုင်မှုကော်မရှင်အဖွဲ့ဝင်များ၊ ဖရက်ဒရစ်နော်မန်ဖောင်ဒေးရှင်းမှ Mr. Moritz Peter Kleine Brockhoff ဦးဆောင်သော ကိုယ်စားလှယ်များကို ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။

မူလနားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံတွင် လွတ်လပ်၍မျှတသောယှဉ်ပြိုင်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်စီးပွားရေးကို ပူးပေါင်းမြှင့်တင်ရန်နှင့် လူထုအခြေပြု အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာ ဆက်စပ်နေသောပုဂ္ဂိုလ်များ၊ အထူးသဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများအတွက် အသိပညာ

**စာမျက်နှာ ၈ သို့**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် British High Commission ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ HM Trade Commissioner ဖြစ်သူ Ms. Natalie Black ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန် ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် British High Commission ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ Her Majesty's Trade Commissioner ဖြစ်သူ Ms. Natalie Black နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Patrick Brendon Chugg ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဧည့်ခန်းမ-၁ ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနှင့် ဗြိတိန်နိုင်ငံ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍမှသာမက အခြားကဏ္ဍများမှ ပို့ကုန်များအား ဗြိတိန်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဗြိတိန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် အားပေးမြှင့်တင်ဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ၌ နိုင်ငံခြားသား ကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား စည်းကမ်းချက်များနှင့်အညီ လက်လီလက်ကားကုန်စည်ရောင်းဝယ်ခွင့်ပြုခြင်းအပါအဝင် အခြားဖြေလျှော့ဆောင်ရွက်ပေးမှုများနှင့် အဆင့်ဆင့်ဆက်လက်၍ ဖြေလျှော့ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ တရားမဝင်ကုန်သွယ်မှု တားဆီးပိတ်ပင်ရေးအတွက် နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးမှု အစီအစဉ်များရယူကာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံအား ဥရောပသမဂ္ဂမှ ပေးအပ်ထားသည့် ကုန်သွယ်မှုအထူးအခွင့်အရေး Generalized System of Preference (GSP) နှင့် Everything But Arms (EBA) တို့အား ပြန်လည်စိစစ်သုံးသပ်နေသည့်အပေါ် ဗြိတိန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကိုလည်း အားပေးထောက်ခံပေးသွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Doing Business 2019 (Myanmar) အစီရင်ခံစာရှင်းလင်းပွဲသို့ တက်ရောက်အမှာစကားပြောကြား




ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်လျက်ရှိသည့် Doing Business 2019 (Myanmar) အစီရင်ခံစာနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို နိုဝင်ဘာလ ၁၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ Novotel Max Hotel တွင် ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်၍ အဖွင့်အမှာစကားပြော ကြားခဲ့သည်။

ရှင်းလင်းပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အဖွင့်အမှာစကား ပြောကြားရာ ကမ္ဘာ့ဘဏ်မှ Doing Business အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပြီး ယခုနှစ်တွင် မြန်မာနိုင်ငံရရှိသည့် အဆင့်မှာ ယခင်နှစ်အတိုင်း

**စာမျက်နှာ ၂၇ သို့**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးငြိမ်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဝါးတန်းကုန်စည်ဒိုင်ကို ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်ပုံမှန်ရှိတဲ့ ဆန်ဟောင်းများ ဈေးငြိမ်နေကြောင်း သိရ ပါတယ်။ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၅၂၀၀၀ နဲ့ လက်စတစ်အိတ် ကျပ်၅၁၀၀၀၊ပုသိမ်/မြောင်းမြပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၅၆၀၀၀နဲ့ လက်စတစ်အိတ် ကျပ် ၅၄၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၅၀၀၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၄၉၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၆၂၀၀၀ - ကျပ် ၆၄၀၀၀ရှိပြီး ဈေးငြိမ်နေတာတွေ့ရပါတယ်။ ဆန်သစ်ကတော့ ယခုတစ်ပတ်မှာ ပိတ်ရက်များတဲ့အတွက် ဆန်အဝင်နည်းသွားလို့ အနည်းငယ်ဈေးတက်သွားကြောင်း ကုန်စည်ဒိုင်မှ သိရပါတယ်။ ပေါ်ဆန်းအသစ်တစ်အိတ် ကျပ် ၃၁၀၀၀-ကျပ် ၃၄၀၀၀၊ ကျားပျံအသစ်တစ်အိတ်ကျပ် ၃၃၀၀၀-ကျပ် ၃၆၀၀၀ရှိပြီး တစ်အိတ်ကို ကျပ်၁၀၀၀ခန့် ဈေးတက်ကြောင်း သိရပါတယ်။ ဆန်အဝင်ပုံမှန်ပြန်ဖြစ်သွားပါက ဈေးနှုန်းလည်း ပုံမှန်ပြန်ဖြစ်မယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။

ယခုတစ်ပတ် ဆန်ကြမ်းဈေးလည်း ပုံမှန်ရှိကြောင်းသိရပါတယ်။ ဧည့်မထ ၂၅ မှတ်အသစ်တစ်အိတ်ကျပ် ၁၈၂၀၀-ကျပ်၁၈၅၀၀၊ရက်၉၀ဆန်အဟောင်း တစ်အိတ်ကျပ် ၂၅၅၀၀-ကျပ် ၂၆၀၀၀၊သီးထပ်ရှယ်အဟောင်းတစ်အိတ်ကျပ် ၂၃၀၀၀-ကျပ် ၂၄၀၀၀၊ မိုးသုခ တစ်အိတ် ကျပ် ၂၄၅၀၀- ကျပ် ၂၆၀၀၀ ရှိပြီး ဆန်အဝင်နဲ့အရောင်းအဝယ်ပုံမှန်ရှိတဲ့အတွက် ဈေးငြိမ်နေကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။ ယခုတစ်ပတ်မှာ ဆန်အဝင်နည်းသွားတဲ့ ဆန်ချောအသစ်များ အနည်းငယ်ဈေးတက်သော်လည်း လာမယ့်ရက်သတ္တပတ်အတွင်းမှာ ဆန်အဝင်ပုံမှန်ပြန်ရှိသွားနိုင်မယ်လို့ ကုန်စည်ဒိုင်မှသိရပါတယ်။

**ယဉ်ယဉ်အေး**

# ညှော်မထမိုး(စပါး)ဈေးနှုန်းအနည်းငယ်မြင့်တက်

၂၀၁၈-၂၀၁၉ တွင်တောင်ငူခရိုင်အတွင်း၌ ဧည့်မထမိုး(စပါး)ဈေးနှုန်းအတက်အကျ ပုံမှန်သာရှိနေကြောင်း၊ ယခင်သီတင်းပတ်က ဧည့်မထမိုး (စပါး) တင်း ၁၀၀လျှင် ကျပ် ၅၁၀၀၀၀ မှ ယခုသီတင်းပတ်တွင် ကျပ် ၅၃၀၀၀၀ ခန့်ရှိ၍ ကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်လာပြီး စပါးအသစ်အရောင်းအဝယ်အေးနေကြောင်း သိရပါသည်။

ဆန်ဈေးနှုန်းမှာလည်း ယခင်သီတင်းတစ်ပတ်က ဆန်တစ်အိတ်လျှင် (ဧည့်မထ) အသစ် ကျပ် ၁၉၅၀၀ မှ ယခုသီတင်းတစ်ပတ်မှာ ကျပ် ၂၀၀၀၀ ရှိ၍ ကျပ် ၅၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း ဆန်ကုန်သည်ပွဲစားများထံမှ စုံစမ်းသိရပါသည်။

**စောသန်းထိုက်ကျော်(တောင်ငူ)**

# ဆန်တင်ပို့မှုပိုမို

နိုဝင်ဘာ ၁၀ ရက်မှ ၁၆ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန် ဒေါ်လာ ၅ ဒသမ ၀၈၄ သန်းတန်ဖိုးရှိ ဧည့်ထမဆန် ၁၇၀၀၃ တန်ကျော် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၅၅၆၆ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၂၇၇၅ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၈၆၅၇တန်တင်ပို့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ၅တန်တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ် ဆန်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၉၀၉ တန် ပိုမိုကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ၀၂၉ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၀၀ ကျော် တင်ပို့ခဲ့ရာ လွယ်ဂျယ်စခန်းမှ တန်ချိန် ၆၀ကျော်နဲ့ တာချီလိတ်စခန်းမှ တန်ချိန် ၄၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန်ချိန် ၅၀ ခန့် ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆၉ သန်း တန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် ၇၅၈၅ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ ဗီယက်နမ်နိုင်ငံသို့ ၁၆၂၅ တန်၊ ဖိလစ်ပိုင်နိုင်ငံသို့တန်ချိန် ၂၀၀၀၊ စင်ကာပူနိုင်ငံသို့ ၇၂ တန်၊ တရုတ်နိုင်ငံသို့ ၅၁ တန်ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၃၈၀ နဲ့ အီးယူနိုင်ငံများသို့ ၂၄၅၇ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ၄၀၃၅ တန် လျော့ကျခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ်ဆန်နဲ့ ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ဆန် ၂၄၅၈၈ တန်နဲ့ ဆန်ကွဲ ၃၉၇၅ တန် ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ ဆန်ပိုမိုတင်ပို့ခဲ့သော်လည်း ဆန်ကွဲတင်ပို့မှုလျော့ကျခဲ့တာတွေ့ရပါတယ်။

**ယဉ်ယဉ်အေး**

# ပုသိမ်မြို့နယ်တွင် မိုးကောက်စောစပါးသစ် ဈေးကွက်ဝင် ဆန်အဟောင်းဈေးကွက် အရောင်းအဝယ်ပုံမှန်ရှိ



ပုသိမ်မြို့နယ်အတွင်း မိုးကောက်စောစပါးသစ်များ ဈေးကွက်သို့ဝင်ရောက်လျက်ရှိပြီး ဒီဇင်ဘာလလောက်ဆိုလျှင် ဈေးကွက်၌ပို၍ စပါးအထွက်လှိုင်လာမည်ဖြစ်ကြောင်း၊ လက်ရှိမိုးဧည့်မထစပါးသစ်ပေါင်(၅၀) တင်း(၁၀၀) ကို ကျပ် ၆၀၀၀၀၀ ဝန်းကျင်၊ဆန်တစ်အိတ်ကိုကျပ် ၂၀၅၀၀ - ၂၁၀၀၀၊ ပေါ်ဆန်းရင်စပါးသစ်ငါးဆယ်နှစ်ပေါင်ခွဲ တင်း(၁၀၀)ကို ကျပ် ၉၃၀၀၀၀ ခန့်၊ ပေါ်ဆန်းဆန်တစ်အိတ်ကိုကျပ် ၃၆၀၀၀-၃၇၀၀၀ အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်သတင်းများမှသိရသည်။

စပါးဟောင်း မိုးဧည့်မထဆန်တစ်အိတ်ကို ကျပ် ၂၇၀၀၀၊ နွေဧည့်မထဆန်တစ်အိတ်ကို ကျပ် ၂၄၀၀၀ ဖြင့် ဈေးကွက်တွင် ရောင်းဝယ်လျက်ရှိပြီး လက်ရှိ မိုးဧည့်မထဆန်သစ် တစ်အိတ်လျှင် ကျပ် ၂၀၅၀၀-၂၁၀၀၀ သာရှိ၍ မိုးဧည့်မထအဟောင်း ကျပ် ၆၀၀၀ ဝန်းကျင်၊ နွေဆန်အဟောင်း တစ်အိတ်ကျပ် ၃၀၀၀ ဝန်းကျင်ဈေးနှုန်းကွာဟမှုရှိကြောင်း၊ ပေါ်ဆန်းတစ်အိတ်လျှင် အဟောင်းကျပ် ၅၁၀၀၀၊ ပေါ်ဆန်းအသစ် ကျပ် ၃၆၀၀၀- ၃၇၀၀၀ ရှိပြီး ပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၁၅၀၀၀ ဝန်းကျင်ဈေးနှုန်းကွာခြားမှုရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး(ပသ)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၃-၁၁-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၇ | ၃၈၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၇ | ၃၇၅ | ▽ | ၄၀၆ | ၄၀၃ | ▽ | ၃၇၀ | ၃၇၅ | △ | ၃၅၇ | ၃၆၃ | ▽ |
| ဆန်ဖြူ ၁၀% | ၃၇၅ | ၃၇၃ | ▽ | ၄၀၁ | ၃၉၈ | ▽ | - | - | - | ၃၅၂ | ၃၅၈ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၃ | ၃၇၁ | ▽ | ၃၉၆ | ၃၉၃ | ▽ | - | - | - | ၃၄၇ | ၃၅၃ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၄ | ▽ | ၃၉၀ | ၃၈၃ | ▽ | ၃၅၅ | ၃၆၀ | △ | ၃၂၀ | ၃၂၈ | ▽ |
| ပေါင်းဆန် | ၄၀၅ | ၄၀၄ | ▽ | - | - | - | ၃၅၈ | ၃၅၈ | □ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၂၃-၁၁-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၇၀၀၀ | □ | ၁၀၉၀၀ | □ | ၄၅၀၀၀ | □ |
| ပုသိမ် | ၆၇၁၀ | □ | ၂၇၀၀၀ | □ | ၁၁၃၆၀ | □ | ၅၁၀၀၀ | □ |
| ပဲခူး | ၆၆၅၀ | □ | ၂၇၀၀၀ | □ | ၁၂၀၀၀ | □ | ၅၃၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၂၆၀၀၀ | □ | ၁၇၀၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၆၄၀၀ | □ | ၂၆၀၀၀ | □ | ၁၃၀၀၀ | □ | ၅၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၅၀၀ | □ | ၃၂၀၀၀ | □ | - | - | ၅၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၄၀၀ | □ | ၂၃၂၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၅၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၈၀၀၀ | □ | - | - | ၆၄၀၀၀ | □ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၁၅၀၀ | □ | ၅၀၀၀၀ | □ |
| လှိုင်ကော် | ၈၆၉၀ | □ | ၄၃၀၀၀ | □ | - | - | ၆၃၀၀၀ | □ |
| မြိတ် | ၆၈၀၀ | □ | ၂၈၀၀၀ | □ | - | - | ၅၈၀၀၀ | □ |
| ဘားအံ | ၇၃၀၀ | □ | ၂၈၅၀၀ | □ | - | - | ၅၆၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၉-၁၁-၂၀၁၈ မှ ၂၃-၁၁-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 499 | 24,013,509.560 |
| 2 | Form D | 86 | 2,528,103.970 |
| 3 | Form E | 81 | 2,890,100.132 |
| 4 | Korea GSP | 6 | 125,882.830 |
| 5 | Form AK | 82 | 4,394,410.210 |
| 6 | Form AJ | 11 | 613,121.090 |
| 7 | Form AI | 34 | 3,614,121.090 |
| 8 | Form AANZ | 7 | 61,054.490 |
| 9 | Form DFTP | | |
| 10 | Form CHINA | | |
| **Grand Total** | | **806** | **38,240,541.588** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၃-၁၁-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၆/၁၁ | ၂၃/၁၁ | ပြောင်းလဲမှု | ၁၆/၁၁ | ၂၃/၁၁ | ပြောင်းလဲမှု | ၁၆/၁၁ | ၂၃/၁၁ | ပြောင်းလဲမှု | ၁၆/၁၁ | ၂၃/၁၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၅၁၀ | ၁၄၄၂ | ▼ | ၁၄၃၃ | ၁၄၆၇ | ▲ | ၁၅၀၀ | ၁၄၂၅ | ▼ | ၁၄၅၀ | ၁၄၅၀ | ■ |
| ပဲစင်းငုံ | ၁၁၉၂ | ၁၂၉၇ | ▲ | ၁၁၀၀ | ၁၁၃၃ | ▲ | ၁၁၅၀ | ၁၁၀၀ | ▼ | ၁၁၉၀ | ၁၁၇၅ | ▼ |
| ပဲတီစိမ်း | ၁၇၅၀ | ၁၈၀၀ | ▲ | ၁၇၆၀ | ၁၈၃၃ | ▲ | ၁၅၂၆ | ၁၅၂၆ | ■ | ၁၇၅၅ | ၁၇၅၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၃၆၂ | ၁၃၂၈ | ▼ | ၁၃၄၂ | ၁၃၀၅ | ▼ | ၁၄၂၀ | ၁၄၇၅ | ▲ |
| ပဲလွန်းဖြူ | ၁၀၅၀ | ၁၀၅၀ | ■ | ၁၄၁၇ | ၁၄၁၇ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၂၄၀ | ၁၂၁၀ | ▼ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၂၆၀ | ■ | ၂၉၃၃ | ၂၉၃၃ | ■ | ၂၁၀၅ | ၂၁၀၅ | ■ | ၃၁၆၀ | ၃၁၆၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၁၀.၁၁.၁၈)ထိ | (၁၇.၁၁.၁၈)ထိ | (၁၇.၁၁.၁၈) ထိ |
| မတ်ပဲ | ၅၁၁၃၀၂ | ၂၇၀၀၄ | ၅၂၈၃၀၆ |
| ပဲတီစိမ်း | ၁၀၅၂၅၈ | ၂၇၀၁ | ၁၀၇၉၅၉ |
| ပဲစင်းငုံ | ၁၆၈၉၇၄ | ၃၃၄၂ | ၁၇၂၃၁၆ |
| ကုလားပဲ | ၄၉၇၅၆ | ၄၈ | ၄၉၈၀၄ |
| ပဲလွန်းဖြူ | ၂၁၉၂၄ | ၄၀၃ | ၂၂၃၂၇ |
| မြေထောက်ပဲ | ၁၀၀၄၃ | ၃၀ | ၁၀၀၇၃ |

## ခွဲခြမ်းသမားပုံမှန်ဝယ်ယူမှုရှိနေတဲ့ မကွေးကုလားပဲ

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့ ပဲဈေးကွက်မှာ ကုလားပဲ လက်ကျန် အနည်းငယ်ရှိပေမယ့် ခွဲခြမ်းစက်များကအဝယ်ရှိနေတာကြောင့် တစ်ရက်အိတ် ၂၀၀ နီးပါးရောင်းရကြောင်းသိရသည်။

ခွဲခြမ်းစက်သမားများက ကုလားပဲကိုကြိတ်ခွဲပြီး အလှူအတန်းများတွင် အသုံးပြုကြသလို ကျောက်ပန်းတောင်း၊ နတ်မောက်၊ မကွေးကိုတင်ပို့တာကြောင့် အဝယ်သွက်နေကြောင်း ပဲဈေးကွက်မှသိရသည်။

ပဲဈေးမှာ ကုလားပဲတစ်တင်း ကျပ် ၂၆၃၀၀ မှ ၂၆၇၀၀ နှင့် ဈေးပေးဝယ်နေကာ ဈေးတန့်နေကြောင်း မြို့မတောင်ရပ်မှ ပဲပွဲစားတစ်ဦးက ပြောသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲတီစိမ်းနှင့် နှမ်းဝါ(ယော) အနည်းငယ်ဈေးတက်နေ

ယခုတစ်ပတ်ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ (အဟောင်း)မှာ ဈေးအနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၂၂၆၀၀-၂၂၈၀၀-၂၃၅၀၀-၂၃၉၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ခန့်၊ ပဲစင်းငုံနီ (အသစ်) တစ်တင်းလျှင် ကျပ် ၂၀၅၀၀-၂၁၀၀၀-၂၁၈၀၀ ဖြင့် အိတ် ၆၀မှ ၁၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

တန်ဆောင်တိုင်ကာလအတွင်း ကုလားပဲအနည်းငယ် အရောင်းအဝယ်သွက်လျက်ရှိပြီး ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၆၇၀၀-၂၇၀၀၀ ဖြင့် အိတ် ၅၀ မှ ၂၀၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၄၀၀၀-၂၄၂၀၀-၂၄၇၀၀-၂၅၅၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၆၅၀၀-၂၆၇၀၀-၂၇၀၀၀ ဖြင့် အိတ် ၅၀ မှ ၂၀၀ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ်တွင် ပဲတီစိမ်းသေးမှာ ဈေးအနည်းငယ်တက်လျက်ရှိပြီး ပဲတီစိမ်းအသေး တစ်တင်းလျှင် ကျပ် ၃၀၀၀၀-၃၃၅၀၀ ဖြင့် အိတ် ၅၀ မှ ၃၀၀ ခန့်၊နှမ်းဝါ (ယော)မှာလည်း အနည်းငယ်ဈေးတက်နေပြီး တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် အိတ် ၅၀ခန့်၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၅၀၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ပြောင်းဖူးစေ့ (CP) မှာ ဈေးအနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၇၈၀၀-၈၀၀၀-၈၁၀၀ ဖြင့် အိတ် ၅၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်ဈေးကွက်သတင်းများမှ သိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## အညာဒေသ၌ မတ်ပဲဈေးမြင့်တက်၍ လက်ကျန်နည်းပါး

မကွေးတိုင်းဒေသကြီး ရေနံချောင်း၊ ချောက်၊ ပွင့်ဖြူ မြို့နယ်များတွင် စိုက်ပျိုးသည့် မတ်ပဲမှာ တစ်တင်းလျှင် ကျပ် ၇၀၀မြင့်တက်လာကာ ပြည်ပဝယ်လိုအားကြောင့်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကိုကိုင်းမြေများတွင်သာ စိုက်ပျိုးကြပြီး ယခုနှစ်နှစ်ဦးပိုင်းက မတ်ပဲ၊ ပဲစင်းငုံအစားထိုး စိုက်ကြ၍ စိုက်တောင်သူတစ်ဦးလျှင် ဧက၅ ဧက စိုက်ကြရာက ယခုထက်ဝက်သာစိုက်ခဲ့ကြောင်း၊ သို့အတွက် ပဲထွက်နှုန်းမှာယခင်နှစ်ကာလတူထက်နည်းကြောင်း ပွင့်ဖြူမြို့နယ်နှင့်ရေနံချောင်းမြို့နယ်ရှိ တောင်သူများက ပြောသည်။

လက်ရှိဈေးကွက်မှာက မတ်ပဲ တစ်တင်း ကျပ် ၃၀၀၀၀ ဈေးပေးဝယ်တယ်။ ယခင်တစ်ပတ်ကတော့ မတ်ပဲတစ်တင်း ကျပ် ၂၃၀၀၀ ပဲရှိတာပါ။ ဈေးတွေတက်တယ်။ တစ်တင်းကျပ် ၇၀၀၀ ဈေးတက်နေကြောင်း ပြည်ပဝယ်လိုအား ကောင်းနေ၍ အဝယ်သွက်ကြောင်းသိရသည်။ အဆိုပါဒေသမှမတ်ပဲများကို မန္တလေးသို့တင်ပို့ကြောင်း သိရသည်။

**ရွှေဇင်**


## ကျောက်ပန်းတောင်းမြို့နယ်တွင် စမုံနက်နှမ်းနှင့်နှမ်းနက်ဈေးတက်နေ

ကျောက်ပန်းတောင်းမြို့နယ်တွင်စမုံနက်နှမ်းနှင့်နှမ်းနက်များ အဝယ်သွက်ကာ ဈေးမြင့်တက်နေကြောင်း ဒေသခံဈေးကွက်က သိရသည်။ လက်ရှိဆောင်းနှမ်းတွေပေါ်နေပါပြီ။ စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၇၄၀၀၀ ကနေ ကျပ် ၇၈၀၀၀ ပေါက်ဈေးရှိပါတယ်။ နှမ်းနက်တစ်တင်း ကျပ် ၇၂၀၀၀ ကနေ ကျပ် ၇၇၀၀၀ ဈေးပေါက်ပါတယ်။ အားလုံးဈေးတက်တယ်။ ယခင်တစ်ပတ် မှာ စမုံနက်တစ်တင်း ကျပ် ၇၀၀၀၀ ကနေ ကျပ် ၇၃၀၀၀ဈေးဖြစ်ခဲ့ပြီး နှမ်းနက်မှာ တစ်တင်း ကျပ် ၇၃၀၀၀ဈေးရှိကြောင်း ရေနံချောင်းမြို့နယ်က ပွဲစားများထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အမြောင်ကန်ကျေးရွာ တောင်သူဦးဝင်းဌေးက "နှမ်းနက်ဈေးကမြင့်လာတယ်။ လက်ရှိကတောင်သူဆီမှာက နှမ်းများများစားစားမရှိဘူး။ နှမ်းထွက်လည်း ယခင်နှစ်ကထက်နည်းတဲ့အပြင် ဝယ်ယူသူများတယ်။ ဝယ်ရောင်းလုပ်နေကြတယ်"ဟုပြောသည်။ အဆိုပါဒေသထွက်နှမ်းများကို ရန်ကုန်-မန္တလေးဈေးကွက်သို့တင်ပို့နေကြောင်း သိရသည်။

**ရွှေဇင်**

## EU ပဲဈေးကွက်ခိုင်မာရေးသင်တန်းများ ဆက်လက်ပို့ချ



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ စိုင်တီကျေးရွာအုပ်စု၌ ၂၀၁၈ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် တောင်သူလယ်သမားများသို့ GAP/GHP နည်းစနစ်များအတိုင်း အရည်အသွေးမီ ပဲတီစိမ်းများ ပိုမိုစိုက်ပျိုး တတ်လာစေရေး စားသုံးသူရေးရာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ သင်တန်းများပို့ချဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါသင်တန်းသို့ဧက ပေါင်း ၉၆၃ ဧက ကိုယ်စားပြုတောင်သူ ၁၁၁ ဦး တက်ရောက်ခဲ့ပါတယ်။ ယခုကဲ့သို့သင်တန်းပေးခြင်းမှာ ၅နှစ်မြောက် ဆောင်ရွက်ခြင်းဖြစ်ပြီး တောင်သူများစိုက်ပျိုးထွက်ရှိသည့် ပဲတီစိမ်းများအား EU အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့ရောင်းချနိုင်ရေးနှင့်ရရှိပြီး ဈေးကွက်တည်မြဲရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရပါတယ်။

ပဲခူးတိုင်းဒေသကြီးမှာ ပဲတီစိမ်းစိုက်ဧက ၅ သိန်းကျော်ရှိပြီး နှစ်စဉ် တန်ချိန်ပေါင်း ၂၄၀၀၀၀ ခန့်ထွက်ပါတယ်။ယခုလိုသင်တန်းများပို့ချပေးခြင်းဖြင့် တောင်သူများ GAP/GHP နည်းစနစ်များနှင့်အညီ အရည်အသွေးမီ ပဲတီစိမ်းများ ပိုမိုစိုက်ပျိုးထုတ်လုပ်လာနိုင်ပြီး နိုင်ငံတကာဈေးကွက်သို့လည်း ပိုမိုတင်ပို့ရောင်းချလာနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ပို့ကုန်ပမာဏတိုးမြှင့်လာခြင်းနှင့်အတူ နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာမှာဖြစ်သလို တောင်သူများ၏ဝင်ငွေလည်း ပိုမိုတိုးတက်ရရှိလာပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမှာဖြစ်သည့်အတွက် ယခုကဲ့သို့တောင်သူ အသိပညာပေးသင်တန်းများကို စဉ်ဆက်မပြတ် ပို့ချဆောင်ရွက်ပေးရခြင်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**မင်းဆွေ(ပဲခူး)**

## ဈေးအေးနေတဲ့ မတ်ပဲ

သာယာဝတီခရိုင် ပဲမျိုးစုံဈေးကွက်မှာ ရောင်းဝယ်မှုဖြစ်တဲ့ မတ်ပဲသီးနှံမှာ နိုဝင်ဘာလဆန်းပိုင်း၌ ပြည်ပဝယ်လိုအားကြောင့် ပိဿာ(၂၀) တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ခန့်ထိ ဈေးနှုန်းမြင့်တက်သွားသော်လည်း ယခုသီတင်းအပတ်အတွင်းမှာတော့ ကျပ် ၂၉၅၀၀ ခန့်ထိ ဈေးပြန်လည်အေးသွားကြောင်းသိရပါတယ်။ ထိုသို့ဈေးအေးသွားရခြင်းမှာ ဈေးကွက်ဝယ်လိုအားနည်းခြင်း၊ တင်ပို့မှုနည်းခြင်းကြောင့်ဖြစ်တယ်လို့ သိရှိရပါတယ်။

**ဝေဝေဖြိုး (သာယာဝတီ)**

## ပွင့်ဖြူစားတော်ပဲဈေး အမြင့်နှင့်စွာနေ

ပွင့်ဖြူမြို့နယ် နန်းတော်ကျွန်း၊ ငါးခြောက်ကျွန်း၊ လေးအိမ်၊ ဘိစပ်ခုံ၊ ကုန်းဆောင်း၊ ဇီးကျွန်း၊ ပေါက်ကုန်းကျေးရွာများထွက် စားတော်ပဲများ ရေနံချောင်းဈေးကွက်ကိုအဓိကဝင်နေပြီး ဈေးအမြင့်နှင့် ဈေးစွာနေကြောင်း ရေနံချောင်းမြို့ ကုန်သည်လမ်းက ပဲပွဲစားတစ်ဦးက ပြောသည်။

စားတော်ပဲဈေးမှာပြီးခဲ့တဲ့ အောက်တိုဘာလကတည်းက တစ်တင်း ကျပ် ၄၀၀၀၀ နှင့်ဈေးမြင့်နေခဲ့ကာ လုံးဝပြန်မကျဘဲရှိနေကြောင်း လက်ရှိလည်း လက်လီသမားအပြင်နယ်ဝယ်လိုအားလည်းရှိတယ်ဟု ပဲဈေးကွက်မှသိရသည်။

အဆိုပါကျေးရွာများသည် မြစ်ရိုးတစ်လျှောက် မော်တော်စက်လှေများနှင့် ရေနံချောင်းမြို့ လေးတိုင်စင်ဆိပ်ကမ်း၊ ဘူးကျွန်းဆိပ်ကမ်းများမှတစ်ဆင့် တင်ပို့ကာ ရေနံချောင်းဈေးကွက်သို့ အဓိကရောင်းချကြောင်းသိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ဆန်စပါး ရောင်းဝယ်နေမှုများကို စိစစ်လေ့လာကြရာဝယ်

**စောမောင်-တောင်ကြီး**

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိက အားထားရသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ လယ်ယာကဏ္ဍမှ ထွက်ရှိသည့် သီးနှံများအပေါ် အဓိကအမှီပြုနေရပါတယ်။ အထူးသဖြင့် ဆန်စပါးကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာခဲ့ပြီး ပြည်ပသို့ဆန်ပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်းလာခဲ့တာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံ၏ဆန်ပြည်ပတင်ပို့မှုကို ပြန်လည်စိစစ်ကြည့်ပါက ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဆန် မက်ထရစ်တန်ချိန် ၁ ဒသမ ၅ သန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဆန် မက်ထရစ် တန်ချိန် ၁ ဒသမ ၈ သန်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဆန်မက်ထရစ်တန်ချိန် ၃ ဒသမ ၅၉ သန်းထိ တိုးမြှင့်တင်ပို့နိုင်ခဲ့ပါတယ်။ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ရရှိခဲ့လို့ အစိုးရသစ်လက်ထက်တွင် အမြင့်ဆုံးစံချိန် တင်ပို့မှုဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဆန်မက်ထရစ်တန်ချိန် ၄သန်း တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁ဒသမ ၅ဘီလီယံရရှိရန် ရည်မှန်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။နိုင်ငံတော်၏ရည်မှန်းချက်ပြည့်မီရေးအတွက် ဆောင်ရွက်ရာတွင် စပါး၊ ဆန်များကို ပြည်ပနိုင်ငံများသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ရောင်းဝယ်မှုတားဆီးနိုင်ရေးများကိုလည်း ထည့်သွင်းစဉ်းစားရမယ့် အချက်တစ်ချက်ဖြစ်ပါတယ်။

သို့အတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးတွင် နယ်စပ်ဖြတ်ကျော်တရားမဝင် ရောင်းဝယ်မှုများကို စိစစ်ဆောင်ရွက်လျက်ရှိတာကိုလည်း တွေ့ရပါတယ်။

တိုင်းဒေသကြီးနဲ့ပြည်နယ်များအနက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ စပါးဆန်ရောင်းဝယ်နေမှုများကို ကျိုင်းတုံမြို့ စားသုံးသူရေးရာဦးစီးဌာနမှ ကွင်းဆင်းလေ့လာမှုများအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် စပါးကို မိုး+နွေစိုက်ဧက ၂၉၃၀၀ ကျော်စိုက်ပျိုးပါတယ်။ တစ်ဧက အထွက်နှုန်း ၇၅ တင်းခန့်ထွက်ရှိနိုင်လို့ စုစုပေါင်း အထွက် ၂၁၉ ဒသမ ၁၅ သိန်းတင်းရှိပါတယ်။ စားသုံးမျိုးအလေအလွင့်နုတ်ပါက ၆၃၆၀၀၀၀ ကျော်ပိုလျှံမှုရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ဆန်ဖူလုံမှု ၁၄၀ ရာခိုင်နှုန်း ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ကာလက တောင်သူနှင့်ကုန်သည်များ ပြည်ပသို့ စပါးအတိုင်း တင်ပို့ရောင်းချမှုပြုခဲ့ကြတယ်လို့ ဆိုပါတယ်။ ထိုသို့ ပြုခဲ့သည့်အတွက် ၂၀၁၃ ခုနှစ်နောက်ပိုင်း စပါးအတိုင်းရောင်းချခွင့် မပေးတော့ကြောင်း သိရပါတယ်။ ကျိုင်းတုံပို့ကုန်သွင်းကုန်ရုံးကို ၂၀၁၄ ခုနှစ် ဧပြီ ၉ ရက်မှာ ဖွင့်လှစ်ခဲ့ပြီး ဆန်နှင့် ဒေသထွက်ကုန်များအား ကုမ္ပဏီလုပ်ငန်းရှင်များက တရားဝင် လိုင်စင်ITCကတ်နဲ့ကျိုင်းတုံ-မိုင်းလားလမ်းမှတစ်ဆင့်တရုတ်ပြည်ကို ပို့ကုန်/သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ခဲ့တယ်လို့ ဆိုပါတယ်။ မိုင်းလားဒေသဟာဆိုရင် နှစ်စဉ်ဆန်တန်ချိန် ၃၀၀၀၀ ခန့် ဈေးကွက်ရှိတဲ့ဒေသတစ်ခုဖြစ်ပါတယ်။ ဆန်စက် ၃၆ လုံးရှိတဲ့အနက် ၁၅ လုံးသာကြိတ်ခွဲလည်ပတ်ပြီး တန် ၅၀ ကျ ဆန်စက်ကြီးတစ်လုံးလည်း လည်ပတ်ကြိတ်ခွဲလျက်ရှိပါတယ်။ ယခင်နှစ် ၂၀၁၇ ခုနှစ်ကဆိုရင် စပါး ၄၀ ကီလိုတစ်အိတ်လျှင် ကျပ် ၁၂၀၀၀ မှ ကျပ် ၁၅၀၀၀ နှင့် ပြည်ပမှလာရောက်ပြီး တရားမဝင်ဝယ်ယူမှုရှိတယ်လို့ သိရပါတယ်။

ပြည်ပသို့ တရားဝင်ဆန်တင်ပို့ခွင့် Quota မရှိပါ။ တစ်ဖက်နိုင်ငံမှ ဆန်အရည်အသွေးပေါ် ဈေးနှိမ်ဝယ်၍ဈေးကွက်တည်ငြိမ်မှုမရှိပေ။ ထိုင်းနှင့်လာအိုနိုင်ငံတို့ကဲ့သို့ တရုတ်ဈေးကွက်ဝေစုအပြည့်အဝမရပါ။ ယင်းဒေသတွင် ဆန်ကိုရေရှည်သိုလှောင်ထားခြင်းထက် တွက်ခြေကိုက်သည့်စပါးကို တိုက်ရိုက်တရားမဝင် နယ်စပ်ဖြတ်ကျော်ရောင်းဝယ်နေကြောင်း တွေ့ရပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကုန်သွယ်မှုလမ်းကြောင်းတွေကတော့ ကျိုင်းတုံ-မိုင်းလားလမ်း၊ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယမ်းလမ်းမှ စီလူး-မိုင်းလားထိလမ်း၊ မိုင်းဖြတ်-မိုင်းယောင်း-မိုင်းယုလမ်းတို့ဖြစ်ပါတယ်။ ဆန်ကုန်သည်များ စီးပွားရေးတွက်ခြေကိုက်မှုမရှိခဲ့လို့ ယနေ့အထိ တရားဝင်ဆန်တင်ပို့မှုစာရင်းများ တိုးလက်လာမှုမတွေ့ရပါ။ ဒေသထွက် ဆန်နှင့်စပါး အခြားနည်းလမ်းမျိုးစုံတို့ဖြင့် တစ်ဖက်နိုင်ငံသို့ သယ်ဆောင်မှုရှိနေပါတယ်။ ဒေသဆန်စီးဆင်းမှု တစ်လတန် ၂၀၀ ရှိပြီး စပါးပေါ်ချိန်နေ့စဉ်တင်း ၁၀၀၀ နှင့်အထက် တစ်ဖက်နိုင်ငံသို့ စီးထွက်မှုရှိပါတယ်။ ပုံမှန်သွားလာမှုမဟုတ်ပေ။ အခြားကုန်ပစ္စည်းများနှင့်ရောနှော တင်ပို့ခြင်းဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံများမှ ကုန်သည်များနှင့်ဒေသကုန်သည်လုပ်ငန်းရှင်များချိတ်ဆက်ကာ မိုင်းလားအထိပို့ဆောင်ပေးရပြီး တစ်ဖက်ကုန်သည်များမှ လာရောက်ဝယ်ယူကြတယ်လို့ ဆိုပါတယ်။

တာချီလိတ်မြို့နယ်မှလွဲ၍ မြို့နယ်များတွင် စပါးဆန်ထွက်ကုန်ပိုလျှံမှုရှိသော်လည်း ဈေးကွက်ကျယ်ပြန့်မှုမရှိဘဲ တန်ဖိုးမြှင့်ထုတ်ကုန် မထုတ်လုပ်နိုင်ခြင်းကြောင့် နီးစပ်ရာ တစ်ဖက်နိုင်ငံဈေးကွက်သို့သာသင့်ရာ နည်းလမ်းဖြင့် တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်းတွေ့ရပါတယ်။ နယ်စပ်ဒေသများရဲ့ အချို့နေရာဒေသတွေဟာ ယခုအချိန်အထိ လုံခြုံရေးအရ ကန့်သတ်ထားမှုကြောင့် သွားလာရေးမလွယ်ကူသော နယ်မြေရှိမြို့နယ်ကျေးရွာတွေဟာ စပါးကို တိုက်ရိုက်ရောင်းဝယ်မှုပြုနေကြမှာဖြစ်ပါတယ်။ ဒါ့ကြောင့် နယ်စပ်ဒေသများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများ လုံးဝပပျောက်ရန် ခက်ခဲပြီး လျော့နည်းကျဆင်းမည့်နည်းလမ်းများကိုသာ ရှာကြံဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

စပါးဆန်သည် နိုင်ငံတော်၏ အရေးကြီးသီးနှံဖြစ်၍ ဆန်စပါးမူဝါဒအရ ဒေသထွက်ဆန်ကို ပြည်တွင်းမှာ လွတ်လပ်စွာ စီးဆင်းခွင့်ရှိပေမယ့် စပါးကို နယ်စပ်ဖြတ်ကျော်ရောင်းချရန် ခွင့်ပြုထားခြင်းမရှိတဲ့အတွက် ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ စပါးတိုက်ရိုက်ထွက်ရှိမှုများလာပါက ပြည်တွင်းဆန်စက်များ ကြိတ်ခွဲမှုရပ်ဆိုင်းပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိခိုက်လာနိုင်ခြင်းနဲ့ကုန်သွယ်မှုကို ထိခိုက်လာနိုင်ခြင်းစတဲ့ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများကို ကြုံတွေ့လာနိုင်မှာဖြစ်ပါတယ်။

လက်ရှိတွင်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာဒေသ အုပ်ချုပ်ရေးအဖွဲ့များမှလည်း တရားမဝင် ကုန်သွယ်မှုများ လျော့နည်းကျဆင်းစေရန် နည်းလမ်းမျိုးစုံဆောင်ရွက်လျက်ရှိသလို ဒေသနေပြည်သူများ၊ တာဝန်ကျအဖွဲ့အစည်း အသီးသီးကလည်း တရားမဝင်သွားလာမှုများ သတင်းပေးခြင်းကို ထိရောက်စွာအရေးယူဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဒေသစပါးဆန် စိုက်ပျိုးထုတ်လုပ်သူများအတွက် ဆန်ကို သင့်လျော်သောတရားဝင်လမ်းကြောင်းတစ်ခုဖြင့် ထွက်ပေါက်ပေးကာ တစ်ဖက်နိုင်ငံနှင့် ဆန်ဈေးကွက်ခိုင်မာမှုရှိစေရန် GtoG ချိတ်ဆက်ဆောင်ရွက်ပေးမည်ဆိုပါက ကုန်သွယ်မှု သိသိသာသာ တိုးတက်လုပ်ကိုင်လာနိုင်မှာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများသို့ စပါးများ တရားမဝင် နယ်စပ်ဖြတ်ကျော်ရောင်းဝယ်မှုများဟာလည်း များစွာလျော့နည်းကျဆင်းသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်မက်ထရစ်တန်ချိန် ၄ သန်း တင်ပို့နိုင်မှုကိုလည်း များစွာ အထောက်အကူပြုနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

■

## မြန်မာ့ဆိပ်ကမ်းတွင် ၂၀ . ၁၁ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - GSS YANGON | ကုန်သေတ္တာ ၆၈၈ တင် ၅၉၁ ချရန် |
| စက်မှုဆိပ်ကမ်း (၂) | - ALS SUMIRE | ကုန်သေတ္တာ ၃၈၁တင် ရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - COCOGYUN | Steel Bar ၉၅၀၀ ချရန် |
| သီလဝါဆိပ်ကမ်း (၅) | - AZAMARA QUEST | Cruise Vessel Pax 606 Nos |
| MMTM JETTY | - MT OCEAN BASS | Diesel Oil ၁၂၄၉၄ ကုန်ချရန် |
| ELITE JETTY | - MT NORD SWAN | MOGAS (92Ron) ၁၈၈၄၃ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TUG;MARITIME | REPAIR AND MAIWTENANCE | INDIA | ၂၃.၁၁.၂၀၁၈ |
| PUTRI SMIT BORNEO | FOR SMIT BORNEO | | |
| VIKING SEA | Unite Vehicle(RO/RO) ၁၄၀ ကုန်ချရန် | JAPAN | ၂၃.၁၁.၂၀၁၈ |
| THAI BINH_688 | Urea(In Bulk) ၁၂၀၀၀ ကုန်ချရန် | CHINA | ၂၃.၁၁.၂၀၁၈ |
| KYAUK PHYU | Urea(In Bulk) ၅၀၀၀ ကုန်ချရန် | INDIA | ၂၄.၁၁.၂၀၁၈ |
| TAW WIN NAN | G/C ၄၃၅ ကုန်ချရန် | THAI | ၂၆.၁၁.၂၀၁၈ |
| NORTH QUAY | Steel Product ၃၁၂၃၀ ကုန်ချရန် | CHINA | ၂၉.၁၁.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINA BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၁၁.၂၀၁၈ |
| IAL-001 | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၂၁.၁၁.၂၀၁၈ |
| CAPE FLOREA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁.၁၁.၂၀၁၈ |
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၁.၁၁.၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၁.၁၁.၂၀၁၈ |
| SOUL OF LUCK | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၁.၁၁.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၁၁.၂၀၁၈ |
| OCEAN PRABE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၂.၁၁.၂၀၁၈ |
| UNI ANGEL | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၂၃.၁၁.၂၀၁၈ |
| SANGIO RGIO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၄.၁၁.၂၀၁၈ |
| AS FLONA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၄.၁၁.၂၀၁၈ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၅.၁၁.၂၀၁၈ |
| AS SOPHIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၅.၁၁.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၁၁.၂၀၁၈ |
| EF ELENA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၁၁.၂၀၁၈ |
| MCC HALONG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၆.၁၁.၂၀၁၈ |
| MCC SHANG HAI | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၈.၁၁.၂၀၁၈ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁၁.၂၀၁၈ |
| ISEACO GENESIS | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁၁.၂၀၁၈ |
| KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၁၁.၂၀၁၈ |
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၉.၁၁.၂၀၁၈ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၉.၁၁.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၁၂.၂၀၁၈ |
| PACITA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁.၁၂.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၁၂.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.FLY SEA | MOGAS (92Ron) | SINGAPORE | ၂၀.၁၁.၂၀၁၈ |
| MT.ATALANTA | Diesel Oil | SINGAPORE | ၂၂.၁၁.၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | MALAYSIA | ၂၃.၁၁.၂၀၁၈ |
| MT.TASCO-1 | BITUMEN | MALAYSIA | ၂၃.၁၁.၂၀၁၈ |
| MT.VIETNAM LUCKY | P'Oil(In Bulk) | INDONESIA | ၂၃.၁၁.၂၀၁၈ |
| MT.OCEAN SPRING | Diesel Oil+MOGAS (92Ron) | SINGAPORE | ၂၃.၁၁.၂၀၁၈ |
| MT.PHUBAI PATTRA-2 | Diesel Oil | SINGAPORE | ၂၄.၁၁.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၂၆.၁၁.၂၀၁၈ |
| MT.VITESSE | Diesel Oil | SINGAPORE | ၂၆.၁၁.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | SINGAPORE | ၂၈.၁၁.၂၀၁၈ |
| MT.BABYLON | Diesel Oil | SINGAPORE | ၂၉.၁၁.၂၀၁၈ |

## မူဆယ်မှ ပရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀၈ သန်း တန်ဖိုးရှိပရဆေးကုန်ကြမ်းအမယ် (၁၀) မျိုးကို တန်ချိန်အားဖြင့် ၉၉၄ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၀၂၇ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၃ တန်လျော့နည်း တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ မိကျောင်းကွမ်းဖတ်စေ့၊ သီဟိုဠ်စေ့၊ ကြောင်ပန်းစေ့၊ နန္ဒင်းတက်၊ ဒရင်ကောက်မြစ်၊ ကွမ်းသီးခွံ၊ တောချင်း၊ ဆီးသီးခြောက်နဲ့ ချည်ပေါင်ဖာလာ (အခွံပါ/မပါ) တို့ဖြစ်ပါသည်။

အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၇၂၈ တန်ဖိုးရှိ တောချင်း ၃ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ကြက်သွန်

# အညာကြက်သွန်နီဈေးအနည်းငယ်ပြန်ကျ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ကြက်သွန်ဈေးကွက်တွင် ကြက်သွန်နီဈေးကျဆင်းလျက်ရှိပြီး လက်လီသမားများသာအဝယ်ရှိကြောင်း ရောင်းဝယ်သူများထံက သိရသည်။

"ယခုတစ်ပတ်မှာ ကြက်သွန်နီလက်လီအဝယ်ရှိတယ် ကျောက်ပန်းတောင်း၊ ပွင့်ဖြူ မကွေးဘက်ကလည်းဝယ်တယ်။ ယခုနယ်ကြက်သွန်ဥကြီးရယ်မဟုတ်တော့ဘူး အမျိုးအစားစုံအောင်ရောင်းရတယ်" ဟုပွဲစားက ပြောပါသည်။

ယခုတစ်ပတ် လက်လီဈေးမှာ ကြက်သွန်အကြီးတစ် ပိဿာလျှင်ကျပ် ၁၃၀၀၊ ကြက်သွန်အလတ်တစ်ပိဿာလျှင် ကျပ် ၁၂၀၀၊ အသေးအခွံချွတ် ကြက်သွန်ကတော့ ကျပ် ၇၀၀ ဖြင့်ရောင်းချလျက်ရှိပြီး ယခင်တစ်ပတ်ကထက် တစ်ပိဿာလျှင် ကျပ် ၂၀၀ မှ ၃၀၀ အထိ ဈေးကျလာကြောင်းသိရသည်။

"ကြက်သွန်နီအသစ်ကလည်းပေါ်ဖို့ နီးနေပြီဆိုတော့ ဈေးကျတယ်။ လက်ကျန်လည်း တောင်သူနဲ့ပွဲစားတွေထံမှာ နည်းလာတယ်။ ဒါပေမယ့် လက်လီကတော့ အဝယ်ရှိနေတာ ဈေးကျပေမယ့် မသိမသာကျတာပါ"ဟုလက်လီရောင်းသူ မသန်းဝင်းက ပြောသည်။

**ရွှေဇင်**

## ရော်ဘာ

# နယ်စပ်မှ ရော်ဘာတင်ပို့မှုလျော့ကျပြီး ရေကြောင်းမှပိုမိုတင်ပို့

နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၄ သန်းတန်ဖိုးရှိ ရော်ဘာ RSS-1 အမျိုးအစား တန်ချိန် ၂၀၀နဲ့ RSS-3 အမျိုးအစား ၆၁၆ တန်နီးပါး၊လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၆၉ သန်းတန်ဖိုးရှိ RSS-3 အမျိုးအစား ၇၄၆ တန်ကျော် တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၄ သန်း တန်ဖိုးရှိ ရော်ဘာ Latex 60 ရာခိုင်နှုန်း DRC တန်ချိန် ၁၆၀ တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ် ရော်ဘာတင်ပို့မှု စုစုပေါင်းမှာ တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၀၆၇ သန်းနဲ့ ရော်ဘာ ၁၇၂၂ တန်ကျော်ဖြစ်ကြောင်း သိရှိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၈၉ တန်တင်ပို့မှုလျော့ကျတာတွေ့ရပါတယ်။



နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၁၅ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၄၀၉ တန်ကျော်ကို ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၂၉၄ တန်၊ မလေးရှားနိုင်ငံသို့ RSS-3 နဲ့ MSR-20 အမျိုးအစား ၂၀၈ တန်၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၇၀၆ တန်နဲ့ အိန္ဒိယနိုင်ငံသို့ MSR-10 အမျိုးအစား ၂၀၂ တန်တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခင် တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၂၉၇ တန်ပိုမိုကြောင်း သိရပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေး အပြောင်းအလဲမရှိကြောင်းနဲ့ ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရပါတယ်။

**ယဉ်ယဉ်အေး**

## ပြောင်း

# တရုတ်နိုင်ငံနဲ့ထိုင်းနိုင်ငံသို့ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ စခန်းစုံမှ နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ၈၉၈ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၇၉၂၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၉၀၀၁ တန်ကျော်၊ လွယ်ဂျယ်မှ ၁၇၇၄ တန်ခွဲ၊ ချင်းရွှေဟော်မှ တန် ၇၀၀၀ နဲ့ ကန်ပိုက်တီမှ တန် ၁၅၀ ဖြစ်ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်၊လွယ်ဂျယ်နဲ့ချင်းရွှေဟော် စခန်းသုံးခုမှ ပြောင်းတန်ချိန် ၁၀၂၁၀ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ၁၇၇၁၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင် တစ်ပတ်က ပြောင်းတစ်တန်ဈေး ၃၃၆၃၆၄ကျပ်ရှိရာမှ နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း ၃၃၇၅၁၄ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ယခုတစ်ပတ်ပြောင်းကား ၄၄၂ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ် ထက် ၁၂၃ စီးပိုမိုခဲ့ကြောင်း သိရပါတယ်။

အလားတူအဆိုပါ သီတင်းပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄၁၇၉၀ တန်ဖိုးရှိပြောင်း ၁၉၉ တန်ကိုလည်းကောင်း၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၉၈၃၅ တန်ဖိုးရှိ ပြောင်းတန် ၁၀၀ ကိုလည်းကောင်း ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## မွေးမြူရေးအစာများ ဈေးနှုန်းတက်လာ၍ အသားငါးဈေးနှုန်းများတက်လာ

ယခုတစ်ပတ် ပဲခူးဈေးကွက်ရှိ သား/ငါးလက်လီဈေးကွက်တွင် ဝက်သားတစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ ကြက်သား (CP) တစ်ပိဿာလျှင် ကျပ်၇၀၀၀၊ ကြက်သား (ဒေသတောကြက်) တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ ငါးခူ တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ငါးရံ့ တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ငါးသလောက် တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ ငါးကြင်းဖြူ တစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဖြင့် ဈေးနှုန်း အတက်အကျမရှိဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါသည်။

**သန်းသန်း(ပဲခူး)**

## ချင်း

# ပုံမှန်ဈေးနဲ့အရောင်းအဝယ်ဖြစ်နေတဲ့ ချင်း

ယခုတစ်ပတ် ပဲခူးဈေးကွက်တွင် ချင်းဈေးမှာအတက်အကျမရှိဘဲ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ကျပ် ၂၂၀၀ အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ အခြားအတွက်သုံးသည့် လှီးပြီးသားချင်းမှာ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ကျပ် ၃၅၀၀ ဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရပါသည်။

**မော်မော်အောင်**

# မူဆယ်မှနမ်းပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၃၁၉ သန်း တန်ဖိုးရှိ နှမ်းနက် ၂၅ တန်ကျော်နဲ့ နှမ်းညို (အခွံချွတ်) ၁၈၄ တန်ကျော် စုစုပေါင်း တန် ၂၁၀ ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းညို(အခွံချွတ်) ၂၃ တန်နဲ့နှိုင်းယှဉ်ပါက ၁၈၇ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၃၉ သန်းတန်ဖိုးရှိနှမ်းရောင်စုံ ၂၈၅၇ တန်ကျော်တင်ပို့ခဲ့ရာ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းနက် ၉၈၆ တန်၊ နှမ်းဖြူ ၅၀၄ တန်၊ နှမ်းညို ၈၈၉ တန်၊ နှမ်းညို (အခွံချွတ်) ၂၇၈ တန်ကျော်နဲ့ နှမ်းဝါ တန် ၂၀၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ နှမ်းတန်ချိန် ၄၄၀၆ တန်ကျော်တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် ၁၅၄၉ တန် လျော့နည်းခဲ့တာတွေ့ရပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ နိုဝင်ဘာ ၁၀ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၂၀၂၅၀၈၆ ကျပ် ဈေး၊ နှမ်းနက်တစ်တန်လျှင် ၂၁၃၉၁၁၁ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ဒီတစ်ပတ် ချင်းတန်ချိန် ၅၀ ကျော်တင်ပို့

နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်းချင်း ၅၄ ဒသမ ၄တန်ကို ပင်လယ်ရေကြောင်းလမ်းမှတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ပါတယ်။

ယခင်သီတင်းပတ်က ချင်း ၂၆ တန်ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် ချင်း ၂၈ တန်ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၇၉၂ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

## မန်ကျည်း

# ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုလျော့

နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိသီတင်းပတ်အတွင်း မန်ကျည်း ၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံမှာ ယီမင်နိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၂၅၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၀၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

## ချင်းရွှေဟော်မှ ဝဥပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၈၅၀၀ တန်ဖိုးရှိ ဝဥအစိုတန် ၅၀၀နဲ့အမေရိကန်ဒေါ်လာ ၂၄၅၁၂၅ တန်ဖိုးရှိ ဝဥခြောက် ၁၃၂ တန် ခွဲကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ဝဥအစိုတန် ၄၀၀ နဲ့ ဝဥခြောက် ၁၇ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ဝဥအစိုတန် ၁၀၀နဲ့ ဝဥခြောက် ၁၁၅ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဝဥအစိုကို သေချာလှီးပြီး နေပူနှစ်ရက်လှန်း၍ လည်းကောင်း၊ ပေါင်းခံပြီး အခြောက်ပြုလုပ်၍လည်းကောင်း ဈေးကွက်မှာရောင်းချကြောင်း၊ တရုတ်နိုင်ငံက ဝဥဆိုပြီးရောဝယ်တယ်။ ဂျပန်နိုင်ငံဝယ်လက်က သန့်ရှင်းသပ်ရပ်ပြီး အရည်အသွေးမီမှ ဝယ်ကြောင်း၊ မြန်မာနိုင်ငံမှ ဝဥသည် အင်ဒိုနီးရှားနိုင်ငံမှထွက်ရှိတဲ့ ဝဥထက် အရည်အသွေးပိုကောင်းကြောင်း သိရပါတယ်။

**မော်မော်အောင်**

# အိန္ဒိယနိုင်ငံရှိ ဒေသအချို့၌ မိုးခေါင်ခြင်းကြောင့် kharif ရာသီ ပဲသီးနှံအထွက်နှုန်းကို ထိခိုက်မှုရှိနေ

မဟာရာသျှတ္တရာ၊ ကာနာတာကာ၊ အင်ဒရာပရာဒေ့ရှ်နှင့် ဂူဂျာရတ်ပြည်နယ်များရှိ ပဲအဓိက စိုက်ပျိုးသည့်ဒေသများ၌ မိုးရေချိန် လုံလောက်စွာရရှိမှု မရှိသောကြောင့် အိန္ဒိယနိုင်ငံ၌ ပဲဈေးနှုန်းများသည် ပြီးခဲ့သည့် ၂ နှစ်နီးပါးအတွင်း အကျဈေးဖြင့်သာရှိခဲ့ရာမှ ပြီးခဲ့သည့် ရက်သတ္တပတ် အနည်းငယ်အတွင်း ပဲစင်းငုံနှင့် မတ်ပဲကဲ့သို့သော ပဲမျိုးစုံဈေးနှုန်း များမှာ အတန်အသင့် ပြန်လည် ကောင်းမွန်လာပြီဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယရှိ Kalburgi၊Akola နှင့် Indore ကဲ့သို့သော ဈေးကွက်များတွင် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲ ဈေးနှုန်းများမှာ ပြီးခဲ့သည့် ၂ ပတ်/ ၃ ပတ်ကျော်အတွင်း ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ကြောင်း၊ မိုးရေလုံလုံ လောက်လောက် မရနိုင်ခဲ့သည့် မုတ်သုံမိုးကြောင့် Maharasthra၊ Karnataka and Gujarat ပြည်နယ်ရှိ ဒေသတချို့တွင် မိုးခေါင်ရေရှားဖြစ်စေခဲ့ပြီး၊ ပဲစင်းငုံ စိုက်ပျိုးမှုကို ထိခိုက်စေခဲ့ကာ စိုက်ဧက၏ ၆၀ ကျော်အပေါ် မိုးရေနည်းပါးမှုဒဏ် သက်ရောက်မှုရှိခဲ့ကြောင်း၊ ကုန်သည်များနှင့် တောင်သူများ၏ ခန့်မှန်းချက်အရ ပဲစင်းငုံသီးနှံမှာ ယခုအခါ ပန်းပွင့်ပြီး၊ အစေ့ထည့်နေချိန်ဖြစ်ရာ ၎င်းပြည်နယ်များ၏ ပဲစင်းငုံ ထုတ်လုပ်မှုပမာဏမှာ ပြီးခဲ့သည့်နှစ် ထုတ်လုပ်မှု အောက် ၅၀ ရာခိုင်နှုန်းဝန်းကျင်ထိပင် လျော့နည်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ အစိုးရအနေဖြင့် တောင်သူလယ်သမားများထံ နစ်နာကြေးငွေများကို ချက်ချင်းစတင်ထုတ်ပေးသင့်သည်ဟု Karnataka Tur Growers Association ၏ ဥက္ကဋ္ဌဖြစ်သူ Basavaraj Ingin က ပြောကြားထားပြီး၊ လက်ရှိကာလတွင်လည်း ရက်သတ္တပတ်ပေါင်းများစွာ မိုးရွာသွန်းခြင်းမရှိသဖြင့် ကုလားပဲစိုက်ပျိုးနိုင်မည့် အလားအလာနည်းပါးလျက်ရှိသည်ဟုယင်းက ထည့်သွင်းပြောကြားထားကြောင်း သိရှိရပါသည်။

အလားတူပင် Karnataka ပြည်နယ်နှင့် ကပ်လျက် Maharashtra ပြည်နယ်တွင် လည်း ခရိုင်အမြောက်အများ၌ မိုးခေါင်သည့်အခြေအနေ ကြေညာထားပြီးဖြစ်ရာ ပဲစင်းငုံ စိုက်ပျိုးမှုကို ထိခိုက်မှုရှိခဲ့သည်ဟု Maharashtra Agricultural Prices Commission ဥက္ကဋ္ဌ က ပြောကြားခဲ့ကြောင်း၊ အနောက်တောင် မုတ်သုံမိုးသည် နိုင်ငံတစ်ဝန်းလုံးတွင် ပျမ်းမျှအားဖြင့် ၉ ရာခိုင်နှုန်းသာလျော့နည်းခဲ့ပြီး၊ Marathawada တွင် ၂၂ ရာခိုင်နှုန်း၊ Vidarbha တွင် ၈ ရာခိုင်နှုန်း၊ ပဲအဓိကစိုက်ပျိုးသည့် ဒေသဖြစ်သည့် Karnataka မြောက်ဖျားတွင် ၂၉ ရာခိုင်နှုန်းတို့ အသီးသီး လျော့နည်းခဲ့ကြောင်း၊ Maharashtra ပြည်နယ်တွင် မြို့နယ် ၁၅၀ က မိုးခေါင်သည့် အခြေအနေကြေညာထားပြီး၊ Karnataka ၌ မြို့နယ်/ကျေးရွာအုပ်စုပေါင်း ၁၀၀ တွင် ကြေညာထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ ပဲထုတ်လုပ်မှုစုစုပေါင်းပမာဏတွင် Maharashtra နှင့် Karnataka ပြည်နယ်နှစ်ခု၏ ထုတ်လုပ်မှုမှာ ၄၀ ရာခိုင်နှုန်းနီးပါးအထိ ပါဝင်နေရာ ၂၀၁၆-၁၇ ရာသီတွင် အဆိုပါ ပြည်နယ်များက တန်ချိန် ၄ဒသမ၈၇ သန်းထိ စံချိန်တင်ထုတ်လုပ်နိုင်ခဲ့ပြီး၊ ၂၀၁၇-၁၈ ရာသီတွင် တန်ချိန် ၄ဒသမ၂၅ သန်းသို့ လျော့ကျလာခဲ့ကြောင်း၊ ပြီးခဲ့သည့်စက်တင်ဘာလကုန်တွင် စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ၂၀၁၈-၁၉ ရာသီ သီးနှံထုတ်လုပ်မှုပမာဏအတွက် ပထမအကြိမ် ခန့်မှန်းစာရင်းတွင် ပဲစင်းငုံထုတ်လုပ်မှုပမာဏကို တန်ချိန် ၄ဒသမ၀၈ သန်း သို့ ထပ်မံလျှော့ချခန့်မှန်းထားကြောင်း တွေ့ရှိရပါသည်။

**ယဉ်ယဉ်နွယ် (စီးပွားရေးသံမှူး)**

## မိုးခေါင်ခြင်း၏သက်ရောက်မှု

သို့ရာတွင် ပဲအဓိကစိုက်ပျိုးသည့်ဒေသများတွင် လက်ရှိအချိန်ထိ ၂လနီးပါးအထိ မိုးမရွာသည့်အခြေအနေနှင့် ကြုံနေရသည်ဖြစ်ရာ ပဲမျိုးစုံအထွက်နှုန်းမှာ တန်ချိန် ၃ဒသမ၅ သန်း ဝန်းကျင်ထိ ထပ်မံလျော့ကျနိုင်သည်ဟု ကုန်သည်အချို့က ခန့်မှန်းနေကြကြောင်း၊ သီးနှံသစ် များမှာ ဒီဇင်ဘာ ၁၅ ရက်နောက်ပိုင်းတွင် ဈေးကွက်သို့ စတင် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သိရှိရပါသည်။


| Kharif pulses output | 2017-18 4th advance estimates | 2018-19 1th advance estimates |
|---|---|---|
| Tur | 4.25 | 4.08 |
| Urad | 2.84 | 2.65 |
| Moong | 1.44 | 1.58 |
| Lentils | 0.82 | 0.91 |
| **Total Kharif Pulses** | **9.34** | **9.22** |

သို့ဖြစ်၍ လာမည့်လ သီးနှံသစ်ရောက်ရှိချိန်တွင် ပဲစင်းငုံဈေးနှုန်းမှာ လက်ရှိဈေးအောက် ကျဆင်းနိုင်ဖွယ်မရှိဘဲ MSP ဈေးနှုန်းဝန်းကျင်တွင် ရှိနေနိုင်သည်ဟု Kalburgi မှ ပဲခွဲစက်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားထားကြောင်း၊ အောက်တိုဘာလလယ်တွင် ၁ ကွင်တယ်လျှင် ရူပီး ၃၅၀၀- ၃၆၀၀ ဝန်းကျင်တွင် ဝဲလည်နေခဲ့သည့် ပဲစင်းငုံ ဈေးနှုန်း မှာ ယခုအခါ ၄၅၀၀ ဝန်းကျင်တွင် ရှိနေကြောင်း၊ အလားတူပင် မတ်ပဲနှင့် ကုလားပဲလုံးဖြူမှာလည်း ယခင်က ရူပီး ၄၀၀၀ ဝန်းကျင်သာရှိခဲ့ရာမှ ယခုအခါ ရူပီး ၅၀၀၀ အထိ မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်မှုမှာ အလွန်လျှင်မြန်နေကြောင်း၊ သို့ရာတွင် NAFED တွင် အရန်သိုလှောင်ထားသည့်ပဲများရှိသည့်အတွက် ဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ကြောင်း၊ ယခုအခါ ပဲခွဲစက်များသည် ၎င်းတို့၏ လိုအပ် ချက်ပြည့်မီရန်အတွက် NAFED မှ ထုတ်ရောင်းမည့်ပဲများကို စိတ်ဝင်စားနေကြောင်း၊ အရှေ့မြောက်မုတ်သုံမိုးဝင်ရောက်မှုနောက်ကျခဲ့ခြင်းသည် Andhra Pradesh ပြည်နယ်၌ ပဲလိုအပ်ချက် ဖြစ်ပေါ်စေခဲ့ပြီး၊ ပဲဈေးနှုန်း အပေါ် လွှမ်းမိုးမှု ဖြစ်စေခဲ့သည်ဟု သုံးသပ်ဖော်ပြ ထားပြီး၊ လက်ရှိတွင် NAFED လက်ဝယ်ရှိ အရန်ပဲပမာဏမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရပါသည်-

**Stocks with NAFED** (In tonnes)

| | Toor (As on Nov 6) | Urad (As on Nov 12) | Chana (As on Nov 9) |
|---|---|---|---|
| Maharashtra | 2,71,838 | 27,684 | 1,70,540 |
| Karnataka | 2,27,603 | 0.15 | 81,585 |
| Gujarat | 69,834 | 15,509 | 88,910 |
| Rajasthan | – | 64,011 | 5,44,344 |
| Andhra Pradesh | – | 86 | 59,763 |
| Telangana | – | – | 48,500 |
| Uttar Pradesh | – | 7,217 | 13,187 |
| Madhya Pradesh | – | – | 15,80,400 |
| West Bengal | – | 351 | – |
| **Total** | **5,69,276** | **114860** | **25,87,232** |



Source: NAFED

အိန္ဒိယ၌ ပြီးခဲ့သည့် ၂ နှစ်အတွင်း ပဲဈေးနှုန်းများမှာ ကျရိပ်ဖြင့်သာ ရှိခဲ့သည့်အတွက် ကုန်သည်များအနေဖြင့်လည်း လက်ဝယ်တွင် သိုလှောင်မှုနည်းပါးခဲ့ပြီး၊ ပဲအနည်းငယ်သာရှိကြောင်း၊ သို့ဖြစ်၍ သီးနှံအထွက်နှုန်းနည်းခြင်းနှင့် သိုလှောင်ထားသည့် ပမာဏ မရှိခြင်းတို့သည် လာမည့်နေ့များတွင် ပဲဈေးနှုန်း မြင့်တက်စေလိမ့်မည်ဟု ကုန်သည်များက ယုံကြည်ထားကြောင်း သိရှိရပါသည်။

## ပဲစင်းငုံထုတ်လုပ်မှုခန့်မှန်းပမာဏလျော့နည်းကျဆင်း

ပဲစင်းငုံစိုက်ပျိုးမှုအနေဖြင့် Gujarat ပြည်နယ် တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများ၌ ရေရရှိနိုင်မှု အခြေ အနေကောင်းမွန်သည့်တိုင် ပြီးခဲ့သည့်နှစ်က ဈေးမကောင်းသည့်အတွက် တောင်သူများက စိုက်ပျိုးလိုမှုနည်းပါးခဲ့ကြပြီး၊ ပြည်နယ်အတွင်းစိုက်ဧရိယာမှာ ယခင်နှစ်က ဟတ်တာဧက ၂၇၂၈၀၀ ရှိခဲ့ရာမှ ယခုနှစ်တွင် ၂၅၅၆၅၅ သာရှိခဲ့ပြီး၊ ယခင်နှစ်အောက် ၆ ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းခဲ့ကြောင်း၊ အစိုးရအနေဖြင့်လည်း ပဲစင်းငုံအတွက် MSP ဈေးနှုန်းကို ယခင်နှစ်က ၁ ကွင်တယ်လျှင် ရူပီး ၅၄၅၀ သာသတ်မှတ်ပေးထားရာမှ ယခုနှစ်တွင် ၅၆၇၅ အထိ သိသိသာသာ တိုးမြှင့်သတ်မှတ်ပေးထားကြောင်း သိရှိရပါသည်။

Gujarat ပြည်နယ်၏ ပဲစင်းငုံထုတ်လုပ်မှု ပမာဏအနေဖြင့် ၂၀၁၈-၁၉ ခုနှစ်အတွက် တန်ချိန် ၃၁၄၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားရာ ယင်းပမာဏသည် ၂၀၁၇-၁၈ ရာသီ အတွက် နောက်ဆုံးအကြိမ်ခန့်မှန်းထားသည့်ပမာဏ ၃၃၇၀၀၀ အောက် ၇ ရာခိုင်နှုန်းခန့် လျော့နည်းနေကြောင်း သိရှိရပါသည်။

ပဲသီးနှံထုတ်လုပ်မှုအနေဖြင့် အဓိကစိုက်ပျိုးသည့် Maharashtra၊ Karnataka နှင့် Gujarat ပြည်နယ်တို့၌ ထိခိုက်မှုများ ရှိခဲ့သည်အတွက် ထုတ်လုပ်မှုပမာဏ တန်ချိန် ၃ဒသမ၅ သန်းခန့် လျော့ကျမည်ဟု ယူဆကြောင်း၊ ယင်းပမာဏအား ဖြည့်ဆည်းရန်အတွက် နိုင်ငံတစ်ဝန်းလုံးရှိ Nafed ကုန်လှောင်ရုံများ၌ သိုလှောင်ထားသည့် ပဲစင်းငုံ တန်ချိန် ၈ သိန်းခန့် ရှိကြောင်း၊ သို့ရာတွင် ဈေးကွက်၌ ပစ္စည်း ပြတ်လတ်မှုဖြစ်ပေါ်နေသည့်အတွက် ပဲစင်းငုံဈေးမှာ မကြာမီစတင်မြင့်တက်လာမည်ဟု ခန့်မှန်းကြောင်း သိရှိရပါသည်။

## မတ်ပဲထုတ်လုပ်မှုကျဆင်း

ယခုထွက်ရှိမည့် kharif ရာသီသီးနှံတွင် Gujarat ပြည်နယ်၌ ပဲစင်းငုံ စိုက်ဧကသာမက မိုးရေချိန်မှာ ယခင်နှစ်ထက် ၂၃ ရာခိုင်နှုန်းနည်းပါးမှုကြောင့် မတ်ပဲစိုက်ဧကမှာလည်း ပြီးခဲ့သည့် နှစ်တွင် ဟက်တာဧက ၁၃၀၀၀၀ ခန့်ရှိခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ ဧက ၁၀၇၄၀၀ သို့ ၁၇ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သို့ဖြစ်၍ ၂၀၁၈-၁၉ kharif ရာသီတွင် Gujarat ပြည်နယ်၏ မတ်ပဲ ထုတ်လုပ်မှု ခန့်မှန်းပမာဏမှာ တန်ချိန် ၇၅၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားပြီး၊ ယခင်နှစ်ပမာဏ ၉၃၀၀၀ အောက် ၂၀ ရာခိုင်နှုန်း ခန့် လျော့နည်း ခန့်မှန်းထားကြောင်း၊ လက်ရှိ တွင် သီးနှံသစ်များမှာ ဈေးကွက်အတွင်းသို့ စတင်ရောက်ရှိပြီဖြစ်ရာ မတ်ပဲဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် ရူပီး ၃၇၅၀ မှ ၅၈၈၀ အတွင်း ရှိနေပြီး၊ အချို့ဈေးကွက်များ၌ ၁ ကွင်တယ်လျှင် ၆၁၅၀ ထိ ရှိနေကြောင်း၊ လက်ရှိနှစ်အတွက် အစိုးရက သတ်မှတ်ပေးထားသည့် MSP ဈေးနှုန်းမှာလည်း ၁ ကွင်တယ်လျှင် ရူပီး ၅၆၀၀ ရှိကြောင်း သိရှိရပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

---

**စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန. . . မှအဆက်**

ဗဟုသုတမြှင့်တင်ခြင်းနှင့် စွမ်းဆောင်ရည်တည် ဆောက်ပေးရန်အတွက် ပူးပေါင်းဆောင်ရွက် မှုများကို တည်ဆောက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် စတင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်ပြုလုပ်ရန်အတွက် သက်တမ်းတိုးလက်မှတ်ရေးထိုးခြင်းဖြစ်သည်။

ဆက်လက်၍ ၁၃:၀၀ နာရီ၌ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပထမအကြိမ် အစည်း အဝေးကို ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးက တက်ရောက်အမှာစကားပြောကြားပြီး ယှဉ်ပြိုင်မှုကော်မရှင်အနေဖြင့်ဆောင်ရွက်ပြီးစီးခဲ့မှု အခြေအနေများ၊ ဆောင်ရွက်ဆဲအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကာ အစည်းအဝေးအား ညနေ ၁၅:၃၀ နာရီတွင် ရုပ်သိမ်းခဲ့သည်။ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်အား ဖွဲ့စည်းပြီးဖြစ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် ဥပဒေနှင့်အညီ မျှတစွာယှဉ်ပြိုင်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

အဆိုပါလက်မှတ်ရေးထိုးပွဲနှင့် အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် အတွင်းရေးမှူး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## ဒီတစ်ပတ်ဓာတ်ဆီ၊ ဒီဇယ်တန်ချိန် ဂ၅၀၀၀ ကျော်ဝင်

နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၄၀၉၂၉၅၂၆ တန်ဖိုးရှိ ဒီဇယ် ၆၀၈၁၄ ဒသမ ၁၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၄၄၀၁၀၈၂ တန်ဖိုးရှိဓာတ်ဆီ ၂၄၄၈၀ ဒသမ ၇၆ တန်၊ စုစုပေါင်း ၈၅၂၉၄ ဒသမ ၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၆၀၂၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၅၆၀ ကျော် အဝင်ပိုခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၂၇၉၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၄၈၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့်ဒီတစ်ပတ်မှာ ဒီဇယ်အဝင်ပိုခဲ့ပြီး ဓာတ်ဆီအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၂၄၅၁၃၈ တန်ဖိုးရှိ ဒီဇယ် ၅၁၁၅ ဒသမ ၉၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နိုဝင်ဘာ ၁၀ ရက်မှ၁၆ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၇၃၃၂ သန်းတန်ဖိုးရှိလက်ဖက်ခြောက် ၂၆ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၅တန်နဲ့ နှိုင်းယှဉ်ပါက ၉ တန် လျော့နည်းခဲ့ပေမယ့် တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် ပုံမှန်တင်ပို့မှုရှိတာ တွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၅၁၀၀ တန်ဖိုးရှိလက်ဖက်ခြောက် တန် ၉၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မြန်မာ့လက်ဖက်က အားသာချက်တွေရှိကြောင်း၊ အရည်အသွေးကောင်းလို့ အမေရိကန်နိုင်ငံကနေ လက်ဖက်အချို့ခြောက် တန် ၁၀၀၀ ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဓာတုဆေးသုံးစွဲမှုနည်းပါးပြီး အော်ဂဲနစ် Green Tea အဖြစ် သတ်မှတ်ကြောင်း မြန်မာနိုင်ငံ လက်ဖက်ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## မူဆယ်မှရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ် ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နိုဝင်ဘာ ၁၀ ရက်မှ ၁၆ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၉၁ သန်းတန်ဖိုးရှိရေထွက်ကုန် ၂၇၈၀ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၂၇၉၇ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၁၇တန်လျော့နည်းခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၉ သန်းလျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ငါးလေးခြောက်၊ ပုစွန်ခြောက်၊ ပုစွန်ဖွဲ့၊ ငါးရှဉ့်နဲ့ငါးမျိုးစုံ တင်ပို့မှုလျော့နည်းခဲ့တာကြောင့် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းခဲ့ရကြောင်း၊ တစ်ဖက်နိုင်ငံဈေးမှာ ကဏန်းတစ်တန်လျှင် ယွမ် ၆၂၅၀၀ နဲ့ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၃၈၀၀၀ ဈေးရှိကြောင်း မူဆယ်ရေထွက်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### Energy NYMEX 23-11-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 53.18 | -1.45 | -2.64 |
| Brent Crude Futr (USD/bbl) | 61.78 | -0.82 | -1.34 |
| Gasoline Rbob Fut (Cent/gal) | 147.21 | -3.86 | -2.56 |
| Natural Gas Futr (USD/MMBtu) | 4.29 | -0.16 | -3.57 |
| Heating Oil Futr (Cent/gal) | 193.86 | -3.16 | -1.60 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 19-November | 14.33 | 2675.44 | 1928.72 | 6186.85 | 841.00 |
| 20-November | 14.35 | 2673.01 | 1914.62 | 6213.08 | 851.00 |
| 21-November | 14.36 | 2661.33 | 1938.64 | 6198.09 | 844.00 |
| 22-November | 14.47 | 2695.27 | 1949.22 | 6228.72 | 843.00 |
| 23-November | 14.46 | 2680.51 | 1938.20 | 6216.82 | 843.00 |

## ပြည်တွင်းငွေလဲနှုန်း အတက်အကျနည်းခဲ့

ပြည်တွင်းငွေလဲဈေးကွက်သည် နိုဝင်ဘာတတိယပတ်အတွင်း ဈေးနှုန်းအတက်အကျနည်းခဲ့သော်လည်း ဈေးငြိမ်ခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၇၄ကျပ်မှ တစ်ဒေါ်လာလျှင် ၁၅၇၃ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်ဆံရေးဝန်ကြီးဌာနပေါ်ပေါက်လာပြီးနောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာနိုင်ခြင်း၊ ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သော စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရလွယ်ကူသောနိုင်ငံများစာရင်းတွင် အဆင့်ထပ်မံမြင့်တက်စေရန် ဆောင်ရွက်လာခြင်း၊ နိုင်ငံခြားဘဏ်များကိုလည်း ပြည်တွင်းဈေးကွက်တွင် ဝင်ရောက်လုပ်ကိုင်စေခြင်း အစရှိသည့် ပြုပြင်ပြောင်းလဲမှုများမှာ ပြည်တွင်းငွေလဲနှုန်းကို သက်ရောက်မှုရှိခဲ့ကြောင်း၊ ထို့ပြင် တန်ဆောင်တိုင်ရုံး ပိတ်ရက်များရှိခဲ့ခြင်းကြောင့် ငွေလဲဈေးကွက်အရောင်းအဝယ်အေးခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် နိုဝင်ဘာ၁၉ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၈၆ကျပ်၊ ဝယ်ဈေး ၁၅၈၁ကျပ်မှနိုဝင်ဘာ၂၀ရက်တွင် ရောင်းဈေး ၁၅၈၅ကျပ်၊ဝယ်ဈေး ၁၅၈၁ကျပ်ရောက်ရှိခဲ့ပြီး နိုဝင်ဘာ ၂၃ရက်တွင် ရောင်းဈေး ၁၅၈၄ကျပ်၊ ဝယ်ဈေး၁၅၈၀ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေးမြင့်တက်ခဲ့သောရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှုန်းသည် ယခင်ရက်သတ္တပတ်အတွင်း ကျပ်၁၀၃၆၅၀၀ ရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ဈေးမြင့်တက်ခဲ့ကြောင်းသတင်းရရှိသည်။ နိုဝင်ဘာဒုတိယပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၃၆၅၀၀ ရှိခဲ့ရာမှ နိုဝင်ဘာတတိယပတ်တွင် ကျပ်၁၀၃၈၅၀၀ထိ ထပ်မံမြင့်တက်ခဲ့ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးက ပြန်တက်လာတယ်။ အရောင်းအဝယ်တော့ ပုံမှန်ပဲ။ ဒေါ်လာက ဈေးတန်းနေတော့ ရွှေကလည်း အတက်အကျသိပ်မရှိဘူး။ တန်ဆောင်တိုင်ပိတ်ရက်ရှိပေမယ့် အရောင်းအဝယ် ဖြစ်ခဲ့တယ်။ ပွင့်လင်းရာသီဖြစ်လာလို့ အရောင်းအဝယ်သွက်လာမယ်လို့ထင်တယ်။ ကမ္ဘာ့ရွှေက ပြန်တက်တယ်။ အမေရိကန်နဲ့ တရုတ်တို့ ကုန်သွယ်ရေးသဘောတူညီချက်ရဖို့ အလားအလာတွေရှိတယ်ဆိုပြီး အမေရိကန်သမ္မတက ပြောသွားတာလည်းရှိတော့ ကမ္ဘာ့ရွှေဈေးက ပြန်တက်လာတယ်"ဟု ပြည်တွင်းရွှေ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် နိုဝင်ဘာ၁၉ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၃၅၅၀၀ရှိခဲ့ရာမှ နိုဝင်ဘာ ၂၀ရက်တွင် ကျပ်၁၀၃၆၀၀၀ သို့ မြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်တွင် ကျပ် ၁၀၃၈၅၀၀သို့ ထပ်မံမြင့်တက်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ နိုဝင်ဘာ ၁၉ရက်က ရွှေတစ်အောင်စလျှင် ၁၂၂၂အမေရိကန်ဒေါ်လာရှိခဲ့ရာမှ နိုဝင်ဘာ ၂၀ရက်တွင် တစ်အောင်စလျှင် ၁၂၂၄အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၂၃ရက် တွင် ၁၂၂၇ အမေရိကန်ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

## တန်ဆောင်တိုင်ရုံးပိတ်ရက်အပြီး စတော့ဈေးငြိမ်

ရန်ကုန် စတော့အိတ်ချိန်းဈေးကွက်အတွင်းရှိ အစုရှယ်ယာများသည် ယခု ရက်သတ္တပတ်အတွင်း ဈေးငြိမ်သက်ခဲ့ကြောင်း ရန်ကုန်အစုရှယ်ယာဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ရန်ကုန် စတော့အိတ်ချိန်း၏ နိုဝင်ဘာ ၂၃ရက်တွင် အရောင်းအဝယ်ဖြစ်ခဲ့သော အစုရှယ်ယာများအနက် ဈေးကွက်ပိတ်ချိန်တွင် FMI အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀၀၀၀၊ MTSH အစုရှယ်ယာတစ်စုလျှင် ကျပ် ၃၁၀၀၊ MCB အစုရှယ်ယာတစ်စုလျှင် ကျပ် ၇၂၀၀၊ FPB အစုရှယ်ယာတစ်စုလျှင် ကျပ် ၂၄၀၀၀၊ TMHအစုရှယ်ယာတစ်စုလျှင် ကျပ် ၂၉၀၀ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။

ယခု ရက်သတ္တပတ်အတွင်း ရန်ကုန်စတော့အိတ်ချိန်းတွင်အရောင်းအဝယ်ဖြစ်ခဲ့သောအစုရှယ်ယာ အရေအတွက်မှာ နိုဝင်ဘာ ၁၉ ရက်တွင် ၅၇၁၉ စုရှိခဲ့ပြီး MTSH အစုရှယ်ယာရောင်းဝယ်မှုများခဲ့ကြောင်း၊ နိုဝင်ဘာ ၂၀ရက်တွင် ၄၇၀၀စုရှိခဲ့ပြီး FMI အစုရှယ်ယာ ရောင်းဝယ်မှုများခဲ့ကြောင်း၊ နိုဝင်ဘာ ၂၃ရက်တွင် ၁၂၁၃၅စုရှိခဲ့ပြီး MTSH အစုရှယ်ယာရောင်းဝယ်မှုများခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း ထုတ်ပြန်ချက်များအရ သိရသည်။

ရန်ကုန် စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Research နှင့် Japan Exchange Groupတို့မှ ပူးပေါင်းတည်ထောင်ခဲ့ပြီး ၂၀၁၆ခုနှစ် မတ်လတွင် အစုရှယ်ယာရောင်းဝယ်မှုကို စတင်ခဲ့သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

November 23, 2018
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.38 |
| BDT Bangladesh Taka | 83.97 |
| CAD Canada Dollars | 1.32 |
| CNY China Yuan Renminbi | 6.94 |
| EUR Euro | 0.88 |
| H KDHong Kong Dollars | 7.83 |
| I NR India Rupees | 70.68 |
| I DR Indonesia Rupiahs | 14535.01 |
| JPY Japan Yen | 112.86 |
| MYR Malaysia | 4.20 |
| PKR Pakistan Rupees | 134.52 |
| PHP Philippines Pesos | 52.35 |
| RUB Russia Rubles | 65.64 |
| SGD Singapore Dollars | 1.37 |
| KRWSouth Korea Won | 1130.13 |
| LKR Sri Lanka Rupe | 179.44 |
| THB Thailand Baht | 32.99 |
| GBP United Kingdom Pounds | 0.78 |
| VND VietnamDon | 23296.39 |

*Source:xe.com*

## World Gold Price

November-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 19 | 1222 | 1219 | 1220 |
| 20 | 1225 | 1223 | 1224 |
| 21 | 1226 | 1224 | 1224 |
| 22 | 1230 | 1229 | 1228 |
| 23 | 1230 | 1228 | 1228 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 19-11- 2018 | 1036.50 | 1036.00 |
| 20-11- 2018 | 1035.50 | 1035.00 |
| 21-11- 2018 | - | - |
| 22-11- 2018 | - | - |
| 23 -11- 2018 | 1039.50 | 1039.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 19 | 6.94 | 32.97 | 83.23 | 71.83 |
| 20 | 6.94 | 32.92 | 83.20 | 71.33 |
| 21 | 6.94 | 33.00 | 83.17 | 71.33 |
| 22 | 6.94 | 32.99 | 83.56 | 71.09 |
| 23 | 6.94 | 32.99 | 83.97 | 70.68 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ရေလမ်းမှဘိလပ်မြေအဝင်ပိုပြီး နယ်စပ်လမ်းမှ အဝင်လျော့

နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၈၉၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၈၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ တန်ချိန် ၂၀၀ နဲ့ ဗီယက်နမ်နိုင်ငံမှ ၈၁ တန်တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဘိလပ်မြေ တန်ချိန် ၁၀၀နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၈၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၄၁၃၀ ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၁၉၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၂၀၆၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

# တောင်ကြီး ဘိလပ်မြေဈေးကွက်အရောင်းအေး



**မော်လမြိုင် ဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ဆင်မြန်မာက ကျပ် ၅၀ ဈေးမြင့်ခဲ့ပြီး ကြံ့(မြန်မာ)က ကျပ် ၁၀၀ ဈေးကျခဲ့ကာ ကျန်ဘိလပ်မြေများက ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာကျပ် ၄၉၀၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၀၀၊ ကြံ့နှစ်ကောင်(အနီ) ကျပ် ၄၇၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အေသုံးလုံးက ကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၆၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၅၀၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊အပါချီကျပ် ၄၇၀၀၊ ဘလူး ဒိုင်းမွန်းကျပ် ၄၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အပါချီက ကျပ် ၁၀၀၊ ကမ္ဘောဇက ကျပ် ၂၀၀ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင် ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာစိန်(ထိုင်း)ကျပ်၇၇၀၀၊အေသုံးလုံးကျပ် ၅၂၀၀၊အပါချီ ကျပ် ၄၁၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## စားသုံးဆီ / ဓာတ်မြေဩဇာ

## ဓာတ်မြေဩဇာ

# ဒီတစ်ပတ် မြေဩဇာအဝင်လျော့

နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၄၃၂၀၆၈ တန်ဖိုးရှိမြေဩဇာ ၈၆၂၉ ဒသမ ၀၇၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၂၃၀တန်၊ ဂျာမနီနိုင်ငံမှ ၁၉၅၃ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၆ တန်၊ ဂျပန်နိုင်ငံမှ ၇၈ ဒသမ ၁၀ တန်၊ ကိုရီးယားနိုင်ငံမှ ၁၀၁၄ ဒသမ ၃၀ တန်၊ မလေးရှားနိုင်ငံမှ ၄၄၂ တန်၊ ရုရှားနိုင်ငံမှ ၅၅၉ ဒသမ ၂၀ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၉၅၂ ဒသမ ၄၂ တန်၊ထိုင်းနိုင်ငံမှ ၂၄၁ ဒသမ ၁၄ တန်၊ တ္ဘဲမေးနစ္စတန်နိုင်ငံမှ ၂၅၁ ဒသမ ၈၃၅ တန်၊ ယူအက်စ်အေမှ ၁၆၅၁ ဒသမ ၀၇၆ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၅၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ပိုတက်၊ အာမို၊ ယူရီးယား၄၆%တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၂၀၀၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၁၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

# မြေဩဇာဈေးကွက်အရောင်းပုံမှန်ရှိ

နိုဝင်ဘာ ၁၀ ရက်မှ ၁၆ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၉၉၂၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၂၂၆၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၂၃၃၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းပါ မြေဩဇာအဝင်လျော့ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊မကွေးနဲ့မန္တလေးမှာ အရောင်းပုံမှန်ရှိပြီး တောင်ကြီးမှာအရောင်းအေးတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးနှုန်းက ငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ်၄၈၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**တန်ဆောင်တိုင်ပွဲတော်ကြောင့်အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား-ပုလဲ(ကမ္ဘာလုံး၊ ရွှေတောင်၊ ပန်းဖူး)က ကျပ် ၁၅၀၀ ဈေးမြင့်ပြီး ယူရီးယား(ယူအေအီး)က ကျပ် ၅၀၀ ဈေးကျကာ ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၃၂၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၇၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၁၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား(တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ်၃၁၀၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၉၅၀၀၊ မြားကမ္ဘာကျပ် ၁၉၀၀၀၊ ရွက်ဖျန်းကျပ် ၂၅၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀ ၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၈၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၉၀၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၃၁၈၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၃၁၈၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ မြားကမ္ဘာ(၁၅း၇း၈)ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၄၂၀၀၊ တောင်သူမ ကျပ် ၁၈၆၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၃၁၄၄၅ တန်ဖိုးရှိ နို့ဆီ ၅၅၀ ဒသမ ၁၁၆ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မလေးရှားနိုင်ငံမှ ၂၄ ဒသမ ၈၀၄တန်နဲ့ စင်ကာပူနိုင်ငံမှ ၅၂၅ ဒသမ ၃၁၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တင်သွင်းခဲ့တဲ့တံဆိပ်များမှာကောင်းဘဲလ်၊ ဒွန်းနဲ့ အိုကေတို့ဖြစ်တယ်လို့သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန်၅၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၀ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၆၅၇၀၆၈ တန်ဖိုးရှိနို့မှုန့် ၂၇၅ ဒသမ ၃၉၂ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှ ၂၅၂ ဒသမ ၃၇၅ တန်၊ ကိုရီးယားနိုင်ငံမှ ၂၂ ဒသမ ၁၇၇ တန်နဲ့ ယူကေမှသုညဒသမ ၈၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၁၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၇၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ယူရီးယားက ကျပ် ၄၀၀၊ ပိုတက်၊ အာမို(၁၀း၁၀း၅)နဲ့ ပန်းသီးစုံက ကျပ်၅၀၀၊ တီစူပါ၄၆%က ကျပ် ၆၀၀ ၊ မြားသီးစုံက ကျပ် ၉၀၀ဈေးမြင့်ခဲ့ပြီး အာမို(၁၀း၁၀း၅)က ကျပ် ၂၀၀ ဈေးကျခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၃၀၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၃၀၇၀၀၊ တီစူပါ (၄၆%-တရုတ်) ကျပ် ၂၃၄၀၀၊ မြားသီးစုံ ကျပ် ၁၇၈၀၀၊ ပန်းသီးစုံ ကျပ် ၁၇၉၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၈၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၅၀၀ပိုတက်ကျပ် ၂၉၂၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၁၁ မှ ၁၆/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၁၁ မှ ၉/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၁၇.၅၀ | (-) | ၁၇.၅၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၈၀.၀၀ | - | (+) | ၈၀.၀၀ |
| ၅။ | တာချီလိတ် | ၂၂၀၀.၀၀ | ၃၄၅၀.၀၀ | (-) | ၁၂၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀.၀၀ | ၂၅.၀၀ | (+) | ၂၅.၀၀ |
| ၈။ | မြိတ် | ၁၈၀၀.၀၀ | ၂၇၀၀.၀၀ | (-) | ၉၀၀.၀၀ |
| | စုစုပေါင်း | ၄၁၃၀.၀၀ | ၆၁၉၂.၅၀ | (-) | ၂၀၆၂.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၁၁ မှ ၁၆/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၁၁ မှ ၉/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၉၄၄.၆၀ | ၂၃၁၄.၅၀ | (-) | ၃၆၉.၉၀ |
| ၂။ | လွယ်ဂျယ် | ၁၀၉.၀၀ | ၅၅၄.၅၀ | (-) | ၄၄၅.၅၀ |
| ၃။ | ချင်းရွှေဟော် | ၃၁၃၅.၂၅ | ၂၉၃၀.၇၅ | (+) | ၂၀၄.၅၀ |
| ၄။ | ကန်ပိုက်တီ | ၁၁၂၁.၀၀ | ၁၅၆၇.၀၀ | (-) | ၄၄၆.၀၀ |
| ၅။ | မြဝတီ | ၁၇၉၂.၅၈ | ၁၉၅၈.၁၀ | (-) | ၁၆၅.၅၂ |
| ၆။ | ကော့သောင်း | ၂၃.၆၀ | - | (+) | ၂၃.၆၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၆၀၀.၀၀ | ၂၉၄၀.၉၅ | (-) | ၁၃၄၀.၉၅ |
| ၉။ | တမူး | ၂၀၀.၀၀ | - | (+) | ၂၀၀.၀၀ |
| | စုစုပေါင်း | ၉၉၂၆.၀၃ | ၁၂၂၆၅.၈၀ | (-) | ၂၃၃၉.၇၇ |

ခင်မိုးသူ

# မိသားစု အစားအသောက်ဘေးကင်းလုံခြုံမှုဆီသို့

## ကျော်ဝင်း(မုံရွာ)

လူ့ဘဝလူ့လောကကြီးတွင် လူဖြစ်သည်နှင့် မိသားစုဘဝရပ်တည် ရှင်သန်အောင် ဆောင်ရွက်နေထိုင်ကြပါတယ်။ မိသားစုဘဝရှင်သန်အောင်မြင် တိုးတက်စေရန် တွေးခေါ်ကြံဆဆောင်ရွက်လျက်ရှိကြပါတယ်။ မိသားစုဘဝရပ်တည်ရေးအတွက် စားဝတ်နေရေးသည် အဓိကအရေးပါလှပါတယ်။ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးတွင် နိစ္စဓူဝ အဓိကလုံးပန်းကြသည်မှာ စားရေးအဆင်ပြေရန်ဦးစွာပထမဖြစ်ပါတယ်။ မိသားစုအတွက် နေ့စဉ်သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းသော သန့်ရှင်းသော အစားအစာချက်ပြုတ်စားနိုင်ရေးအတွက်ရွေးချယ်စားသောက်သုံးစွဲတတ်စေရန် အရေးကြီးလှပါတယ်။

ကျွန်တော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာတိုင်းရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ မုံရွာမြို့၊ ဒေါနခြံရပ်ကွက်တွင်မိသားစုနဲ့နေထိုင်ပါတယ်။ ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက် ဆိုရိုးစကားရှိရာ သောက်သုံးရေကို မုံရွာမြို့ပေါ်ရှိ သောက်သုံးရေသန့် ထုတ်လုပ်ရောင်းချသူများထံမှ ၂၀ လီတာဗူးကြီး တစ်ဗူးကျပ် ၄၀၀ နှုန်းဖြင့် ဝယ်ယူသောက်သုံးချက်ပြုတ်ပြီး တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် သုံးစွဲရေကို မုံရွာမြို့ပေါ်ရှိစည်ပင်ရေနှင့် မြေအောက်ရေတွင်းသုံးစွဲခြင်းဖြစ်၍ မိသားစုကျန်းမာရေးအရ အဆင်ပြေပါတယ်။

မိသားစုအတွက် မုံရွာမြို့၊ ပြည်ထောင်စုလမ်းနှင့် မီးရထားသံလမ်း အရှေ့ဘက်၊ ဘုရားနီဘုရားအနီးဈေးသို့ နေ့စဉ်ဈေးဝယ်၍ ချက်ပြုတ်စားသောက်နေထိုင်ပါတယ်။ လိုအပ်သော စားသုံးဆီ(မြေပဲ/နှမ်း)ကို မိမိမွေးရပ်မြေ၊ အရာတော်မြို့နယ်ဆီစက်များမှ တိုက်ရိုက်ဝယ်ယူသုံးစွဲပါတယ်။ သံလမ်း အရှေ့ဘက်၊ နံနက်ဈေးသို့ နနွင်းမှုန့်၊ အရောင်တင်မှုန့်၊ငရုတ်သီးမှုန့် ဆေးဆိုးအရောင်ပါ/ မပါ ရွေးချယ်ဝယ်ယူပါတယ်။ ဆေးဆိုးတာတွေ့လျှင် ဈေးရောင်းသူကို မရောင်းချရန်လက်ကား ယူရောင်းချပါကလည်း ကြိတ်ခွဲစက်ပိုင်ရှင်ထိဆေးဆိုးမသုံးရန်ပြောပြပြီး ရောင်းချနိုင်ရန် ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်ဝယ်ယူသော ဟင်းချက်စရာများမှာ ငါး၊ ကြက်ဥ၊ ပုစွန်၊ ပဲပြုတ်၊ ခရမ်းသီး၊ မျှစ်၊ အားလူး၊ ခရမ်းချဉ်ပဲသီး၊ ကန်စွန်းရွက်၊ ကိုက်လန်၊ မုန်လာဥ၊ မုန်လာပွင့်၊ မုန်လာထုပ်၊ ငရုတ်သီး၊ ငှက်ပျောသီး စသည်တို့ဖြစ်ပါတယ်။ အဆိုပါ ဟင်းချက် စားစရာများသည် ပိုးသတ်ဆေးဖျန်းခြင်း၊ ဓာတုဗေဒဆိုးဆေးအရောင်တင်ခြင်း ဆောင်ရွက်ထားကြသည်ကို တွေ့ရှိနေရပါတယ်။

ကျွန်တော်ဈေးဝယ်ထွက်ခဲ့ရာ မျှစ်ရောင်းသူနှင့်တွေ့ရတယ်။ မျှစ်ဈေးက တစ်ပိဿာ ကျပ် ၈၀၀ ဈေးမများ၍ ဝယ်နိုင်ပါတယ်။ မျှစ်ကတော့ အရောင်ဆေးဆိုးထားတာကြောင့် ဆေးမဆိုးသောမျှစ်ရချင်ပါတယ်ပြောရာ ဈေးသည်မှဈေးဗန်းထဲရှိ အရောင်းမဆိုးသော မျှစ်ထုတ်ရောင်းပေးပါ၏။ ကျွန်တော်အနေဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းဖြစ်ကြောင်း၊ အစားအသောက်များကို အရောင်မဆိုးစေချင်ကြောင်း၊ ခွင့်မပြုဓာတုဆိုးဆေးများဖြစ်၍ ကင်ဆာနှင့်အခြားရောဂါများဖြစ်ပွားနိုင်ကြောင်း အရောင်မဆိုးဘဲ ရောင်းချရန်ပြောရာ ဦးလေးကလည်း ကျွန်မမနေ့က အရောင်မဆိုးတဲ့မျှစ်ရောင်းချပါတယ်။ ဈေးဝယ်တစ်ဦးမျှမမေး၊ ကိုင်၍ပင်မကြည့်၊ ဈေးဦးမပေါက်ခဲ့ကြောင်း၊ ဒါကြောင့် ဒီနေ့ ဆေးဆိုးရောင်းချပါတယ်။ ဝယ်ယူသူများအနေဖြင့်လည်း ဝယ်ယူကြပါတယ်။ ရောင်းကောင်းတယ်လို့ပြောပါတယ်။ ကျွန်တော်တို့ဈေးဝယ်သူများကလည်း မျက်စိပသာဒအရောင်လှလှကြိုက်၏။ ဆိုးဆေးအန္တရာယ်မမြင် ဖြစ်နေကြတယ်။

ခရမ်းသီးဆက်ဝယ်ရာ တစ်ပိဿာ ကျပ် ၈၀၀ ပါ ဈေးရောင်းသူမှ အလုံးကြီးရွေး၊ ပိုးမပေါက်တာရွေးပါ၊ စေတနာထက်သန်စွာ ပြောရောင်းပါ၏။ ကျွန်တော်က ပိုးပေါက်တာပေးပါ ပြောရာဈေးသည်မှအံ့အားသင့်၏။ ဘာကြောင့်ပါလဲ၊ကျွန်တော်က ခရမ်းသီးပင်ကို ပိုးမကျစေရန် ပိုးသတ်ဆေးဖျန်းကြတယ်။ ပိုးသတ်ဆေး ဓာတ်ကြွင်းကျန်ရှိရင် အသီးကိုပိုးမဖေါက်၊ အသီးကို ပိုးဖောက်လျှင် ဓာတုဆေးကြွင်း ကင်းနေလို့ ပိုးကိုမြင်ရတယ်။ ပိုးဖယ်ပြီး ချက်ပြုတ်စားပါမယ် ခရမ်းသီးစိုက်ပျိုးသူ တောင်သူများထံမှ ခရမ်းသီး လက်ကား ဝယ်ယူသူတိုင်း ပိုးသတ်ဆေးဖျန်းမလွန်ကဲအောင် ဆေးလျော့ဖျန်းရန် ပြောပေးကြရန် ဆွေးနွေးတိုက်တွန်းခဲ့ပါတယ်။

ခရမ်းချဉ်သီးဝယ်ရာတွင်မုံရွာ ဒေသထွက်တိုင်ထောင်သီး၊ ရှမ်းပြည်နယ်မှလာသော အသီး၊ တရုတ်ပြည်ကလာသော အလုံးကြီးအသီးများကို တွေ့ခဲ့ဘူး၏။ ခရမ်းချဉ်သီးတစ်ပိဿာ ကျပ် ၁၀၀၀ မှ ၁၄၀၀ ဖြစ်နေ၏။ ခရမ်းချဉ်သီးအညှာဆိုးဆေးအပ်ပေါက်ရှိ/ မရှိကြည့်ဝယ်ရန် ပိုးသတ်ဆေးလွန်ကဲစွာမဖျန်းရန် ဆွေးနွေးခဲ့ပါတယ်။

ငါး၊ ပုစွန်အစိုရောင်းချသည့်နေရာရောက်ရာ ဈေးသည်မှ ဆေးမဆိုးပါ၊ရေခဲရိုက်ထားတာကိုတွေ့ရှိရပါ၏။ ပုစွန်ဆိပ်အခြောက်ကိုတော့ ဆေးဆိုးတာတွေ့ရပါတယ်။ ကန့်ဘလူ၊ ကျွန်းလှမှ လာရောင်းသည်ကို သိရှိရပါတယ်။ဆေးမဆိုးပဲ ရောင်းပါလားပြောမိ၏။ ပုစွန်ဆိပ်ဈေးသည်မှ နှာခေါင်းရှုံ့၏၊ မဲ့၏။ ကျွန်တော်ကတော့ ဆေးဆိုးပုစွန် ဆိပ်ခြောက်မဝယ်ခဲ့ပါ။ ပဲသီး၊ ကန်စွန်းရွက်၊ ကိုက်လန်၊ မုန်လာဥ၊ မုန်လာပွင့် မုန်လာထုပ်၊ ငရုတ်သီး၊ ငှက်ပျောသီးတို့ကိုပိုးသတ်ဆေးကင်းမည်ဟု ယူဆသော ပိုးကိုက်ပါသောပစ္စည်းများကို ရွေးချယ်ဝယ်ယူမိ၏။ ကျွန်တော်က ဈေးဝယ်ရင်း ဈေးသည်များနှင့် စားသုံးသူရေးရာအကြောင်းဆွေးနွေး၏။ ဈေးသည်များမဲ့ကြ၊ ရွဲ့ကြသည်များလည်းရှိ၏။ အသိပညာရရှိကြောင်းပြောသူလည်းတွေ့ရ၏။ တစ်ရက်တွင် ကျွန်တော်ဈေးဝယ်သွားရာသို့ အိမ်မှအမျိုးသမီးဇနီးသည် လိုက်ပါဈေးဝယ်၏။ ကျွန်တော်က ဈေးဝယ်ရင်း ဈေးဝယ်၊ဈေးသည်ကို ဟောပြောဆွေးနွေးပြုလုပ်တော့ အိမ်ရှင်ဇနီးသည်က ဆွဲဆိတ်၏။ တော်အရိုက်ခံရလိမ့်မယ်၊ ဈေးသည်ပုံစံတွေကြည့်ပါဦးပြော၏။ နောက်ရက် ဈေးဝယ်ထွက်တော့ အိမ်ရှင်မဇနီးသည် မလိုက်ခဲ့တော့ပါ။

ကျွန်တော်ဈေးဝယ်သည့် သီးနှံဟင်းလျာထဲတွင် အန္တရာယ်ကင်းသော အာလူး၊ ဂေါ်ရခါးသီး၊ ငါး၊ပဲပြုတ်၊ကြောင်လျှာသီး၊ ကြက်သွန်ဖြူ/ နီ ပဲဖြစ်မည်ထင်ပါတယ်။ ကျန်သီးနှံများ မျက်စိအမြင်ဖြင့် ပိုးသတ်ဆေးလွန်ကဲခြင်း၊ မှိုမတက်ခြင်းသီးနှံများ ရွေးချယ်ဝယ်ယူခဲ့ပါတယ်။

၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀)ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်းခဲ့ရာ ဥပဒေတွင် စားသုံးသူဆိုသည်မှာ ကုန်စည်(သို့)ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုအတွက်မဟုတ်ဘဲ စားသုံးခြင်း(သို့) သုံးစွဲခြင်းပြုသူဖော်ပြထားပြီး ခင်ဗျားတို့/ကျွန်တော်တို့ပြည်သူလူထုပဲဖြစ်ပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးဆိုသည်မှာ ကုန်စည်(သို့)ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍စားသုံးသူအား ဥပဒေဆိုင်ရာ အကာအကွယ်ပေးခြင်း၊ ကျန်းမာရေးနှင့်ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးခြင်းပင်ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း လုပ်ဆောင်၍မရနိုင်ပေ၊ အစိုးရဌာနများ၊ NGO အဖွဲ့အစည်း များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူအားလုံးပူးပေါင်း ပါဝင်မှသာလျှင် ထိရောက်အကျိုးရှိမည်ဖြစ်ပါတယ်။ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များပါရှိ၏။ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၊ တိုင်း/ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center) (CICC) ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ တိုင်ကြားမှုများကို လက်ခံခြင်း၊ စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။

**စာမျက်နှာ-၂၁သို့**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၃-၁၁-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၀၀ | ၁၈၀၀ | ▽ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၅၀၀ | ၇၃၀၀ | △ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၅၃၀၀ | ၅၃၀၀ | □ | ၅၃၀၀ | ၅၃၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၃-၁၁-၂၀၁၈ US$/Ton

| အမျိုးအစား | နိုဝင်ဘာဒုတိယပတ် | နိုဝင်ဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၉၂.၅၀ | ၄၆၃.၅၀ | ▽ |
| RBD P.Olein | ၄၉၇.၂၀ | ၄၇၃.၂၀ | ▽ |
| RBD P.Stearin | ၄၆၃.၂၅ | ၄၃၉.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၃-၁၁-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၃၆.၅၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၃၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၆၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၅၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၆.၃၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၂၉.၇၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၇၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၇၃.၆၅၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၃-၁၁-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 520 ဒေါ်လာနှင့် USD ဈေး ၁၅၇၃ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၃-၁၁-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၇၃ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ ကုန်သွယ်မှုအခြေအနေ

မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှုအနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၄သန်း၊ သွင်းကုန် အနေဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၉ သန်း ဆောင်ရွက် နိုင်ခဲ့ပါသည်။

စုစုပေါင်း ကုန်သွယ်မှုပမာဏအနေဖြင့် သုညဒသမ ၀၇၃ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ အောက်တိုဘာလ လျာထားချက် အနေဖြင့် ပို့ကုန် သုည ဒသမ ၀၅၀သန်း၊ သွင်းကုန် သုည ဒသမ ၀၅၀ သန်း လျာထားခဲ့သော်လည်း ပို့ကုန်အနေဖြင့် တစ်ဖက်နိုင်ငံမှ ကြက်သွန်ဖြူထွက်ရှိနေသဖြင့် အနည်းငယ်သာတင်ပို့နိုင်မှုကြောင့် ပို့ကုန်တင်ပို့မှုလျော့နည်းခဲ့ပြီး သွင်းကုန်အနေဖြင့် မိမိဘက် ဒေါ်လာဈေးမြင့်တက်မှုကြောင့် ပြည်တွင်းဝယ်လိုအား လျော့နည်းခဲ့သဖြင့် တင်သွင်းနိုင်မှု လျော့နည်းခဲ့ပါသည်။

ယခုအခါ တစ်ဖက်နိုင်ငံမှ ငရုတ်သီးခြောက် ဝယ်လိုအားမြင့်တက်မှုကြောင့် ပို့ကုန်အနေဖြင့် ပိုမိုတင်ပို့နိုင်မည်ဟု ခန့်မှန်းရပါသည်။ သွင်းကုန်အနေဖြင့်လည်း ပွင့်လင်းရာသီရောက်လာသဖြင့် ဆောက်လုပ်ရေးသုံးဖြစ်သော ဘိလပ်မြေတင်သွင်းမှု ပိုမိုလာမည်ဟု မျှော်မှန်းရပါသည်။

ကုန်သွယ်မှု တိုးတက်စေရေးအတွက် တစ်ဖက်နိုင်ငံနှင့် ညှိနှိုင်းလျက်ရှိသည့်အပြင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် ကုန်သွယ်နိုင်စေရေးအတွက်နှစ်နိုင်ငံနယ်စပ်ဈေးအား ၂၀၁၉ ခုနှစ်အတွင်း မယ်စဲ့မြို့တွင် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှု လျင်မြန်စေရေးနှင့် ကုန်သွယ်ရေးလမ်းကြောင်းများ ကောင်းမွန်စေရေးအတွက် ပြည်နယ်အဆင့်များ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသကုန်သည်များနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

**အောင်စိုး (မယ်စဲ့)**

# စီးပွားရေးလုပ်ငန်းရှင်များအား ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဆွေးနွေး

ကချင်ပြည်နယ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၂ ရက်တွင် မြစ်ကြီးနားမြို့ရှိ အလှကုန်ပစ္စည်းများ လက်လီလက်ကား ရောင်းချသည့် စီးပွားရေး လုပ်ငန်းရှင်များအား သုံးစွဲသူများအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အလှကုန်ပစ္စည်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တားမြစ်ထားသည့် အလှကုန်ပစ္စည်းများနှင့်ပတ်သက်၍ အလှကုန်ပစ္စည်းများအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ပါသည်။

အသိပညာပေး ဆွေးနွေးပွဲ၌ စားသုံးသူရေးရာဦးစီးဌာန မြစ်ကြီးနားခရိုင်ဦးစီးမှူး ဦးကျော်မြင့်က စီးပွားရေးလုပ်ငန်းရှင်တိုင်း လိုက်နာဆောင်ရွက်ရမည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များအကြောင်း၊ တာဝန်နှင့် တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက အရေးယူခံရမည့်ပြစ်ဒဏ်များအကြောင်း၊ စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် သတင်းအချက်အလက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြပေးရန် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၆ ရက် တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာ စာအမှတ် ၁/၂၀၁၈ အား ဖြန့်ဝေရှင်းလင်းခြင်း၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာအကြောင်းများကို ရှင်းလင်းခြင်း၊ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ အလှကုန်ပစ္စည်းများအကြောင်း အသိပညာပေးဟောပြောပွဲသို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ အလှကုန်ပစ္စည်းများ ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

**ခွန်ထွန်း**

# ကုန်သွယ်မှု လျာထားချက် ပြည့်မီသွားသော ကျိုင်းတုံ ကုန်သွယ်ရေးစခန်း

ရှမ်းပြည်နယ်အရှေ့ပိုင်း၏မြို့တော်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် အခြေစိုက်ရာ ကျိုင်းတုံမြို့သည် ဆောင်းနှင်းအေးအေးကြောင့် အချမ်းပိုလျက်ရှိသလို ကုန်သွယ်မှုများလည်း ပိုမိုတိုးတက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း လက်ရှိလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ပို့ကုန် သုည ဒသမ ၁၁၁ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၉၃ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ သုညဒသမ ၂၀၄ ဒေါ်လာ သန်းဆောင်ရွက်ခဲ့သဖြင့် နိုဝင်ဘာလ၏ ကုန်သွယ်မှုလျာထားချက် သုည ဒသမ ၂၀၀ ဒေါ်လာသန်းအပေါ် ၁၀၂ ရာခိုင်နှုန်းဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် လမကုန်မီတွင်ပင် လျာထားချက်ပြည့်မီကျော်လွန်ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ကျိုင်းတုံ ပို့ကုန်သွင်းကုန်ရုံးအနေဖြင့် ကုန်သွယ်မှုပမာဏ ဆက်လက် တိုးတက်လာစေရန်အတွက် အမယ်သစ်ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေးနှင့် ဈေးကွက် ဝယ်လိုအားရှိသော သွင်းကုန်ပစ္စည်းများ တိုးတက်တင်သွင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ကျော်သူဝင်း (မာတာ)**

# ရိဒ်ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာလတွင် ကွမ်းသီးတင်ပို့မှုပိုမိုလာ

ချင်းပြည်နယ်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည့် ပို့ကုန်ပစ္စည်း ကွမ်းသီးမှာ ယခု အောက်တိုဘာလတွင် ၁၂၄၇ ဒသမ ၀၅၇ တန်၊ တန်ဖိုး ၁ ဒသမ ၃၇၆ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ပြီး ယခင်လ စက်တင်ဘာလတွင် ကွမ်းသီးတင်ပို့ခဲ့သည့် ၅၂၂ ဒသမ ၈၀၉ တန်၊ သုည ဒသမ ၅၈၅ ဒေါ်လာသန်းနှင့် နှိုင်းယှဉ်ပါက စက်တင်ဘာလထက် ၇၂၄ ဒသမ ၂၄၈ တန်၊ သုည ဒသမ ၇၉၁ ဒေါ်လာသန်း ပိုမိုပြီး ကာလတူထက်လည်း ၂၅ ဒသမ ၈၆၂ တန်၊ သုည ဒသမ ၅၉၅ ဒေါ်လာသန်း ပိုမိုခဲ့ကြောင်း သိရှိရပါသည်။

**ပြည့်ဖြိုးအောင် (ရိဒ်)**




# ရေနံဈေးကွက် အလားအလာ

ရေနံဈေးနှုန်းမှာ ရက်သတ္တပတ် ခြောက်ပတ်ကြာ ကျဆင်းခဲ့သဖြင့် OPEC နှင့် ၎င်း၏ မဟာမိတ်များက ကမ္ဘာလုံးဆိုင်ရာ အဆမတန် ပိုလျှံခြင်းမှ ထိန်းချုပ်နိုင်ရန် ရေနံထုတ်လုပ်မှုကို လျှော့ချထုတ်လုပ်ခဲ့ကြောင်း ရေနံဈေးနှုန်းမှာ တက္ကဆက်ပြည်နယ်တွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၄၆ ထိကျဆင်းခဲ့ပြီး ဒူဘိုင်းတွင် တစ်စည်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၇ ရှိကြောင်းနှင့် ထိုင်းနိုင်ငံ ဈေးကွက်တွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၄ မှ ၅၉ ကြားရှိကြောင်း ထိုင်းစက်သုံးဆီအသင်းမှ ပြောကြားခဲ့ပြီး ဆော်ဒီအာရေးဘီးယားမှ ရှေ့လာမည့်လတွင် တစ်ရက်လျှင် ရေနံစည် ငါးသိန်းလျှော့ချထုတ်လုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဈေးကွက်ထဲအလွန်အကျွံထုတ်လုပ်တင်သွင်းလာနိုင်မှု၊ ဈေးကွက်ဝယ်လိုအား ကျဆင်းလာနိုင်မှုတို့ကြောင့် ရင်းနှီးမြှုပ်နှံသူများအတွက် စောင့်ကြည့်ရမည့် အနေအထားဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှေးကွေး လာသည့် အချိန်ကြာမြင့်ခြင်းကလည်း စက်သုံးဆီဈေး အတက်အကျပေါ် ရိုက်ခတ်မှုရှိကြောင်း သိရှိရပါသည်။

OPEC သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ရေနံနိုင်ငံများနှင့် တွေ့ဆုံပြီး ရှေ့လာမည့်နှစ်တွင် ဆောင်ရွက်မည့် အစီ အမံများကို ချမှတ်မည်ဖြစ်ကြောင်း၊ အမေရိကန်အနေဖြင့် အီရန်မှ ရေနံတင်သွင်းနေသော ရှစ်နိုင်ငံကို စီးပွားရေးအရ ပိတ်ဆို့မှုမှ လျှော့ပေါ့ပေးရန် ဆုံးဖြတ်နိုင်ဖွယ်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ရေနံဈေးကွက် ချိန်ခွင်လျှာ ဖြစ်စေရန် OPEC မှ ရေနံစိမ်းထုတ်လုပ်မှုအား အောက်တိုဘာလတွင် ထုတ်လုပ်သော စည် ၁ ဒသမ ၄ သန်း ထက်လျှော့၍ ထုတ်လုပ်မည်ဖြစ်ကြောင်းနှင့် OPEC အပါအဝင် အဓိကအဖွဲ့အစည်းများက ကမ္ဘာလုံးဆိုင်ရာ ရေနံစိမ်း ဝယ်လိုအား လျော့နည်းမည်ဟုခန့်မှန်းထားပြီး လာမည့်နှစ်တွင် စည် ၇၀၀၀၀ ထိ လျှော့ချထုတ်လုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အမေရိကန်မှ ၂၀၁၈ ခုနှစ်တွင် ထုတ်လုပ်မှုပမာဏကို တစ်ရက်လျှင်စည်ပေါင်း ၁၁ ဒသမ ၇ သန်းထိ တိုးမြှင့် ထုတ်လုပ်လျက်ရှိပြီး ယေ့လကျောက်မှ ထုတ်လုပ်သော ရေနံအား လာမည့်လတွင် စည်ပေါင်း ၁ ဒသမ ၁၃ သိန်းထိ ပိုမိုထုတ်လိမ့်မည်ဟု ခန့်မှန်းထားကြောင်းနှင့် တရုတ်၊ ဂျပန်နိုင်ငံအပါအဝင် အချို့နိုင်ငံများပေါ်တွင် အမေရိကန် မှ အရေးယူပိတ်ဆို့မှုများလျော့ကျစေရန် အီရန်က ရေနံထုတ်လုပ်မှုကို တစ်ဝက်လျှော့ချမည်ဖြစ်ကြောင်း သိရှိရ ပါသည်။

**Sources: Bangkok Post သတင်းစာ**

**ခိုင်(တာချီလိတ်)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် နိုဝင်ဘာ ၁၉ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၆ နိုင်ငံသာရှိ၍ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ် သည့် ဂျော်ဂျီယာနိုင်ငံတွင်ပင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁ ဒသမ ၃၀ ရာခိုင်နှုန်းသာ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ အစ္စရေး၊ ကူဝိတ်၊ မလေးရှား၊ နီပေါ၊ ပါကစ္စတန်၊ ကာတာ၊ ရုရှား၊ ဗီယက်နမ် စသည့် နိုင်ငံများ အပါအဝင် ၄၄ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၆၁ နိုင်ငံရှိ၍ မက္ကဆီကို၊ ချက်၊ ကနေဒါ၊ ဖင်လန်၊ နော်ဝေ၊ ဟောင်ကောင်၊ ပိုလန်၊ အီတလီ၊ ထိုင်း၊ ဘရာဇီး၊ ပြင်သစ်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဂရိ၊ ဂျပန်၊ အိန္ဒိယ၊ စင်ကာပူ၊ UK၊ စပိန်၊ ခရိုအေးရှား၊ ဒိန်းမတ်၊ ယူကရိန်း၊ ဘယ်လ်ဂျီယံ၊ တောင်ကိုရီးယား၊ နယ်သာလန်၊ အမေရိကန်၊ ထိုင်ဝမ်၊ သီရိလင်္ကာ၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ တရုတ်၊ ကမ္ဘောဒီးယား စသည့်နိုင်ငံတို့ပါဝင်ပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်း မှ ၉ ဒသမ ၄၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်းနှင့် ယခင်တစ်ပတ်ထက် ဈေးနှုန်းကျဆင်းမှုနှုန်း ပိုမိုမြင့်မားခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၄ ဒသမ ၁၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၉ ဒသမ ၄၀ ရာခိုင်နှုန်း အသီးသီး ဈေးနှုန်းကျဆင်းခဲ့ပြီး လာအိုနိုင်ငံ တွင် သုည ဒသမ ၃၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၉ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ယခုတစ်ပတ်၏ ဈေးနှုန်းကျဆင်းမှုနှုန်း အမြင့်မားဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၀ နိုင်ငံရှိခဲ့၍ Aruba နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂ ဒသမ ၂၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ အစ္စရေး၊ ဂျော်ဒန်၊ ကူဝိတ်၊ မလေးရှား၊ နီပေါ၊ ပါကစ္စတန်၊ ပိုလန်၊ ကာတာ၊ ဆွစ်ဇာလန်၊ တူရကီ၊ အာရပ်၊ ဗီယက်နမ် စသည့်နိုင်ငံများ အပါအဝင် ၄၈ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၅၃ နိုင်ငံရှိပြီး ချက်၊ နော်ဝေ၊ ဂျော်ဂျီယာ၊ ဆွီဒင်၊ ဘရာဇီး၊ ဂရိ၊ အီတလီ၊ ဩစတြေးလျ၊ ကနေဒါ၊ UK၊ ဟောင်ကောင်၊ ဒိန်းမတ်၊ ပေါ်တူဂီ၊ အမေရိကန်၊ ခရိုအေးရှား၊ ပြင်သစ်၊ ဂျပန်၊ ထိုင်း၊ တောင်ကိုရီးယား၊ စပိန်၊ အိန္ဒိယ၊ နယ်သာလန်၊ စင်ကာပူ၊ ထိုင်ဝမ်၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ တရုတ်၊ ကမ္ဘောဒီးယား စသည့်နိုင်ငံတို့ဖြစ်ကာ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၃ ရာခိုင်နှုန်း ထိကျဆင်းခဲ့ ကြောင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ဒသမ ၃ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ပြီး ယခုတစ်ပတ်တွင် ဈေးနှုန်းကျဆင်းမှု အမြင့်ဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၇၀ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၄ ဒသမ ၄၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၆ ဒသမ ၃၀ ရာခိုင်နှုန်းအသီးသီး ဈေးနှုန်းကျဆင်းခဲ့ပြီး လာအိုနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ကျန်အာဆီယံနိုင်ငံ တို့တွင် ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် ဖြစ်ပေါ် နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာ ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဒဲ့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၇ ဖြင့် လည်းကောင်း၊ ဒဲ့မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၇ ဖြင့်လည်းကောင်း၊ ဒဲ့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၇ ဖြင့် လည်းကောင်း၊ ဒဲ့မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၆၅ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဒဲ့မထ ၅ မှတ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၀၆ ဖြင့်လည်းကောင်း၊ ဒဲ့မထ ၂၅ မှတ် ဆန်တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၃၉၀ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ တွင် ဒဲ့မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာ တွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ထိုင်း နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းများ အနည်းငယ်ဈေး ကျခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ဆန်ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး အိန္ဒိယနိုင်ငံတွင် ဒဲ့မထ ၂၅ မှတ်ဆန်မှာ အနည်းငယ် မြင့်တက် ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဗီယက်နမ်တောင်ပိုင်း မဲခေါင်ဒေသမှ တောင်သူများသည် ၂၀၁၈ ခုနှစ်အတွင်း ကုန်ထုတ်စွမ်းအားနိမ့်သည့် လယ်ယာမြေ ၆၈၀၁၉ ဟက်တာကို အမြတ်ပိုရသည့် သီးနှံများပြောင်းလဲစိုက်ပျိုး ခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သီးနှံစိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။ မဲခေါင်မြစ်ဝကျွန်းပေါ် တောင်သူများသည် စိုက်ဟက်တာ ၆၂၂၃ ပေါ် တွင်စပါးစိုက်ပျိုးခြင်းမပြုတော့ဘဲ ပြောင်းဖူး၊ ပဲနှင့်သစ်သီး ဝလံများ ပြောင်းလဲစိုက်ပျိုးလာကြသည်။ သီးနှံပြောင်းလဲမှုသည် တောင်သူဝင်ငွေ တိုးတက်စေခဲ့ပြီး သီးနှံစိုက်ပျိုးရေးဦးစီးဌာနသည် အကျိုးအမြတ်နည်းသည့်စပါးအစား အမြတ်ပိုများသည့်သီးနှံများ ပြောင်းလဲစိုက်ပျိုးမှုကို ဆက်လက်အားပေးမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် မဲခေါင်ပြည်နယ်များအနေဖြင့် စပါးဧရိယာ ၁၂၄၅၂၆ ဟက်တာကို အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် ပြင်ဆင်ထား ကြောင်း ထုတ်ပြန်ခဲ့သည်ကို လေ့လာသိရှိရပါသည်။

ထိုင်းဆန်အပေါ် ဝယ်လိုအား ဆက်တက်ရန်ရှိသဖြင့် ယခုနှစ် ထိုင်းဆန်တင်ပို့မှုသည် တန်ချိန် ၁၁ သန်းထက် လျော့နည်းမည်မဟုတ်ကြောင်း ထိုင်းနိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာနက ယုံကြည်လျက်ရှိသည်။ ထိုင်းနိုင်ငံသည် အစိုးရချင်းသဘောတူစာချုပ်မှတစ်ဆင့် တရုတ်နိုင်ငံ နှံ့စားသီးနှံ၊ စားသုံးဆီနှင့် စားသောက်ကုန် ကော်ပိုရေးရှင်း (COFCO) ထံသို့ ခြောက်ကြိမ်မြောက် ဆန်ရောင်းချခဲ့ပြီး စုစုပေါင်းဆန်တန်ချိန် တစ်သိန်းရှိကြောင်းဌာန၏ အထွေထွေညွှန်ကြားရေးမှူး Adul Chotinisakorn က ပြောကြားခဲ့သည်ကို သိရှိရပါသည်။ ဖိလစ်ပိုင်နှင့် ဂျပန်နိုင်ငံတို့ကလည်း ဆန်တင်သွင်းရေး လေလံများကျင်းပလျက်ရှိရာ ထိုင်းနိုင်ငံသည် ထိုနှစ်နိုင်ငံထံမှ ဆန်မှာယူမှုအသစ်များ ရရှိဦးမည်ဟု မျှော်လင့်ကြောင်း၊ ထိုင်းနှင့် ဂျပန်တို့သည် ဆန်တန်ချိန် ၈၇၀၀၀ အရောင်းအဝယ်စာချုပ်တွင် သဘောတူညီပြီးဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံသည် ဇန်နဝါရီမှ အောက်တိုဘာလအတွင်း ဆန်တန်ချိန် ၈ ဒသမ ၉ သန်း ရောင်းချခဲ့ပြီးဖြစ်၍ ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနသည် လယ်ယာထုတ်ကုန်များ၏ ဈေးနှုန်းအတက်အကျကို စောင့်ကြည့်လျက်ရှိပြီး ထုတ်ကုန်တန်ဖိုးကျဆင်းမသွားစေရန် အထူးအစီအမံများ ဆောင်ရွက်ရန်ပြင်ဆင်နေကြောင်း၊ ယခုနှစ်၏ နောက်ဆုံးသုံးလအတွင်း လယ်ယာထုတ်ကုန်များ ရောင်းချမှုကို မြှင့်တင်နိုင်ရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရောင်းလိုအားများနေသော အုန်းသီး၊ စားအုန်းဆီ၊ ဆန်နှင့် နာနတ်သီးတို့ကို ဦးစားပေးမည်ဟု ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။

ပြည်တွင်းဆန်ဈေးကွက်အတွင်း အီးယူမှ ဆန်တင်ပို့ခွင့် ပိတ်သွားသည်ဟူသော သတင်းများပေါ်ထွက်လာခြင်းကြောင့် မိုးစပါးပေါ်ချိန်တွင် ဆန်ဈေးနှုန်းများကျဆင်းသွားမည်ကို စိုးရိမ်နေကြပါသည်။ ထို့ကြောင့် အီးယူနိုင်ငံများသို့ဆန်တင်ပို့ခွင့် ရပ်ဆိုင်းမှုမရှိခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကြေညာချက်ထုတ်ပြန်ရန် စီစဉ်နေကြောင်း သိရှိရပါသည်။ အမှန်မှာ အီးယူနိုင်ငံသည် အခွန်ကင်းလွတ်ခွင့်ကို ရုပ်သိမ်းပြီး အခွန်ပြန်ကောက်သည့်စနစ်သို့သွားရန်ဖြစ်ပါသည်။ ထို့ကြောင့် အကောက်ခွန်မကောက်ရအောင် သက်ဆိုင်ရာတာဝန်ရှိသူများမှ ဆွေးနွေးနေကြပါကြောင်း၊ ဆန်အမျိုးအစားပေါ်မှာလည်း မူတည်နေပါကြောင်း၊ ဆန်အမျိုးအစား အားလုံးအပေါ်တွင် အခွန်ကောက်ခံခြင်းမျိုးမဟုတ်ဘဲ တင်ပို့မည့်အမျိုးအစားထဲမှ မည်သည့်ဆန်အမျိုးအစားကို ရွေးချယ်ပြီး အကောက်ခွန်ကောက်မည်ဆိုတာတွေလည်းရှိသောကြောင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေ့လာသိရှိရပါသည်။

အီးယူနိုင်ငံမှ မြန်မာနိုင်ငံသို့ ပေးထားသည့် GSP အခွင့်အရေးအား သုံးနှစ်ရုပ်သိမ်းရန် စဉ်းစားနေပြီး ယင်းအပေါ် မြန်မာနိုင်ငံဘက်မှ ဆွေးနွေးလိုသည့် အချက်များအား နိုဝင်ဘာ ၁၉ ရက်နောက်ဆုံးထားတင်ပြရန်နှင့် ယခင်က အခွန်မကောက်သည့်အတွက် မြန်မာနိုင်ငံ၏ ဆန်ဝယ်ယူလျှင် အခြားနိုင်ငံများထက် ဈေးသက်သာသည့်အတွက်ကြောင့်သာ ဝယ်ယူကြခြင်းဖြစ်ပြီး အခွန်ပြန်ကောက်မည်ဆိုလျှင် ဈေးနှုန်းတူညီသွားပြီဖြစ်သောကြောင့် အရည်အသွေးပိုင်းဆိုင်ရာကိုသာကြည့်ပြီး ဝယ်ယူကြတော့မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်မှုမျိုးကို လက်ခံရန် အခက်အခဲများရှိနေကြောင်း သိရှိရပါသည်။ သို့သော်လည်း အခွန်ကောက်ခံမည်ဆိုပါလျှင် တင်ပို့ရောင်းချသူများထံမှ ကောက်ယူမည်မဟုတ်ဘဲ ဝယ်ယူသူများဘက်သို့ကောက်ယူမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်တွင်းဈေးကွက်အနေဖြင့် ရခိုင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် ဆန်စပါး အရောင်းအဝယ်ဈေးကွက်မှာရောင်းချတင်ပို့ရမည့် ဆန်ဈေးကွက်ပျောက်ဆုံးနေမှုကြောင့် ဆန်ဈေးနှုန်း ထိုးကျနေကာ ဒေသတွင်းရှိ ဆန်စပါးကုန်သည်များ အခက်တွေ့နေကြကြောင်း သိရှိရပါသည်။ ပုံမှန်အားဖြင့် ရခိုင်ဆန်စပါးကုန်သည်များအနေဖြင့် ရန်ကုန်၊ မန္တလေးစသည့် ပြည်တွင်းဈေးကွက်များနှင့် တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချလေ့ရှိရာ လက်ရှိတွင်တရုတ်နိုင်ငံမှ ဝယ်ယူမှုဆိုင်းငံ့ထားခြင်းကြောင့် ရခိုင်ဒေသဈေးကွက်အား တစ်ဆင့်ရိုက်ခတ်ကာ အရောင်းအဝယ်အားလုံးရပ်တန့်နေရကြောင်း ရခိုင်ဒေသရှိ ဆန်စပါးကုန်သည်တို့က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၂ | ၀.၆၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၃ | ၀.၈၄ |
| ၃ | ထိုင်း | လီတာ | ၁.၁၀ | ၀.၈၉ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၁ | ၀.၈ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၈ | ၁.၂၅ |
| ၆ | မလေးရှား | လီတာ | ၀.၅၂ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၄ | ၀.၈၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၉ | ၀.၉၂ |
| ၉ | လာအို | လီတာ | ၁.၂၇ | ၁.၀၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ နှင့် ဒီဇယ် ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၀ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၆၂ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၆ ဒေါ်လာနှုန်းဖြင့် ၂၅ နိုင်ငံမြောက်တွင် ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသော နိုင်ငံများတွင်ပါဝင်ကြောင်း တွေ့ ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများ စာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၀၉ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | Barbados | လီတာ | ၁.၉၅ |
| ၃ | အီရန် | လီတာ | ၀.၂၉ | နော်ဝေ | လီတာ | ၁.၉၂ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၃၅ | Wallis and Futuna | လီတာ | ၁.၈၉ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၅ | အီတလီ | လီတာ | ၁.၈၇ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | နော်ဝေ | လီတာ | ၁.၉၀ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | အိုက်စလန် | လီတာ | ၁.၈၆ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဆွစ်ဇာလန် | လီတာ | ၁.၈၃ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဆွီဒင် | လီတာ | ၁.၈၀ |
| ၅ | Ecuador | လီတာ | ၀.၂၇ | အီတလီ | လီတာ | ၁.၇၇ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၂ | ၁.၀၀ |
| ၂ | ဂျပန် | လီတာ | ၁.၃၅ | ၁.၁၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၂ | ၁.၀၄ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း

## ကြယ်စင်(တန့်ဆည်မြေ)


Crude Oil နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၆.၁၁.၂၀၁၈ | စည် | ၅၆.၄၆ |
| ၂ | ၁၉.၁၁.၂၀၁၈ | စည် | ၅၆.၇၆ |
| ၃ | ၂၀.၁၁.၂၀၁၈ | စည် | ၅၃.၄၃ |
| ၄ | ၂၁.၁၁.၂၀၁၈ | စည် | ၅၃.၄၃ |
| ၅ | ၂၂.၁၁.၂၀၁၈ | စည် | ၅၄.၆၃ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၄ ရက်မှ နိုဝင်ဘာလ ၁၉ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှု ကမ္ဘာ့ပျမ်းမျှဈေးနှုန်းအား အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပါသည် -




**စာမျက်နှာ ၁၇ သို့**

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ဗဟိုဘဏ်ရည်ညွှန်း ငွေလဲနှုန်းတွင် အောက်တိုဘာလ ဒုတိယတစ်ပတ်၌ တစ်ဒေါ်လာ ကျပ် ၁၅၇၃-၁၅၇၄ ဖြင့်လည်းကောင်း၊ ပြည်တွင်းရွှေဈေးကွက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၃၀၀၀၀ အထက်ဖြင့်လည်းကောင်း အမြင့်ဈေး၌ပင် ဆက်လက်တည်ရှိနေကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံဗဟိုဘဏ်မှ ပြည်တွင်းဘဏ်လိုင်စင်ရယူထားသော နိုင်ငံခြားဘဏ် ၁၃ ခုကို ပြည်တွင်းကုမ္ပဏီ (Local Corporate) များအား Any Financing and Other Banking services များကို ဝန်ဆောင်မှုပေးရန် နိုဝင်ဘာလ ၈ ရက်မှစတင်ခွင့်ပြုလိုက်ကြောင်း သိရှိရပါသည်။ ၎င်းနိုင်ငံခြားဘဏ်များအား ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် ကုမ္ပဏီ ငွေစာရင်းသာခွင့်ပြုခြင်းဖြစ်ပြီး တစ်ဦး ချင်းငွေစာရင်း ဖွင့်ခွင့်မပြုခြင်း၊ ချေးငွေအတိုးနှုန်းများအား ပြည်တွင်းဘဏ်များနည်းတူ ဗဟိုဘဏ်သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံရမည်ဖြစ်ခြင်းကြောင့် ပြည်တွင်းဘဏ်များအပေါ် ချက်ချင်းလှုပ်ခတ်မှုမဖြစ်နိုင်သော်လည်း ပြည်တွင်းဘဏ်များအနေဖြင့် International trade, Treasury, Trade Financing တို့နှင့် သက်ဆိုင်သည့် Service များကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားဘဏ် ၁၃ ခုမှ ဘဏ်တစ်ခုလျှင် ဒေါ်လာသန်း ၁၀၀ ခန့်ဖြင့် တစ်နှစ်အတွင်း ဒေါ်လာ စုစုပေါင်း ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့် ပြည်တွင်းသို့ ဝင်ရောက်လာပါက ပြည်တွင်း ဒေါ်လာလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။


၎င်းအပြင် နိုင်ငံခြားဘဏ်တွေက ပြည်တွင်းလုပ်ငန်းများအတွက် ချေးငွေများပေးရုံသာမက ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုပါ မြှင့်တင်ပေးနိုင်မည်ဖြစ်သဖြင့်

**စာမျက်နှာ ၁၆ သို့**

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးကွက်အနေဖြင့် ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ ကမ္ဘာ့သကြားဈေးအနေဖြင့် ယခင်တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ယခုအပတ်တွင် ဈေးနှုန်းများ တဖြည်းဖြည်း ကျဆင်းလာကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၁၁-၂၀၁၈ နေ့တွင် အမေရိကန်ဒေါ်လာ ၃၅၃ ဒသမ ၇၅ ပေါက်ဈေးရှိခဲ့ရာမှ ဆက်လက်ကျဆင်းလာခဲ့ပြီး၁၅-၁၁-၂၀၁၈ နေ့တွင် အမေရိကန်ဒေါ်လာ ၃၃၅ ဒသမ ၇၀ အထိ ဈေးနှုန်းကျဆင်းခဲ့ပြီး အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိရာ ၂၁-၁၁-၂၀၁၈ နေ့တွင် ၃၄၄ ဒသမ ၄၅ သို့ဈေးနှုန်း ပြန်လည်မြင့်တက်လာခဲ့ သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 21-Nov-18 | 12.79 cts/lb | 12.98 cts/lb | 344.45 $/T | 15.62 cts/lb |
| 20-Nov-18 | 12.59 cts/lb | 13.01 cts/lb | 340.25 $/T | 15.43 cts/lb |
| 19-Nov-18 | 12.92 cts/lb | 13.06 cts/lb | 346.25 $/T | 15.71 cts/lb |
| 16-Nov-18 | 12.83 cts/lb | 13.11 cts/lb | 343.45 $/T | 15.58 cts/lb |
| 15-Nov-18 | 12.79 cts/lb | 13.18 cts/lb | 335.70 $/T | 15.23 cts/lb |
| 14-Nov-18 | 12.79 cts/lb | 13.26 cts/lb | 345.50 $/T | 15.67 cts/lb |
| 13-Nov-18 | 12.75 cts/lb | 13.35 cts/lb | 342.40 $/T | 15.53 cts/lb |
| 12-Nov-18 | 13.08 cts/lb | 13.42 cts/lb | 347.75 $/T | 15.77 cts/lb |
| 9-Nov-18 | 12.87 cts/lb | 13.48 cts/lb | 344.90 $/T | 15.64 cts/lb |
| 8-Nov-18 | 12.98 cts/lb | 13.56 cts/lb | 344.80 $/T | 15.64 cts/lb |
| 7-Nov-18 | 13.11 cts/lb | 13.62 cts/lb | 346.00 $/T | 15.69 cts/lb |
| 6-Nov-18 | 13.07 cts/lb | 13.66 cts/lb | 345.85 $/T | 15.69 cts/lb |
| 5-Nov-18 | 13.27 cts/lb | 13.68 cts/lb | 350.85 $/T | 15.91 cts/lb |
| 2-Nov-18 | 13.53 cts/lb | 13.70 cts/lb | 359.00 $/T | 16.28 cts/lb |
| 1-Nov-18 | 13.26 cts/lb | 13.68 cts/lb | 353.75 $/T | 16.05 cts/lb |




Source: www.isosugar.org

မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဘက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၊ နယ်စပ်ကုန်သွယ်ရေးအာဏာပိုင်များအနေဖြင့် မြန်မာနိုင်ငံမှ သကြားတင်ပို့မှုများအား တင်းကြပ်စွာ ပိတ်ပင်ထားသော်လည်း မူဆယ်နယ်စပ်တွင် တိုးချဲ့စိုက်ပျိုးထားသော ကြံများကိုမူ ကုန်ကြမ်းအတိုင်း တင်ပို့နေခြင်းကို ပိတ်ပင်ထားခြင်းမရှိဘဲ ခွင့်ပြုပေးနေကြောင်း မြန်မာနိုင်ငံ၊ သကြားနှင့်ကြံလုပ်ငန်းရှင်များအသင်းမှ သိရှိရပါသည်။ လက်ရှိတရုတ်နိုင်ငံမှ ဝယ်ယူတင်သွင်းနေသော သကြားများ၏ ၇၀ ရာခိုင်နှုန်းမှာ စက်မှုလုပ်ငန်းများတွင် သုံးစွဲရန်အတွက် ဝယ်ယူသည့် အမျိုးအစားများဖြစ်ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့သကြားအများဆုံးထုတ်လုပ်သည့် နိုင်ငံများစာရင်းတွင် ၅ နိုင်ငံမြောက်အဖြစ် ရပ်တည်နေပြီး နှစ်စဉ်ပျမ်းမျှ သကြားတန်ချိန် ၁၀ သန်းဝန်းကျင် ထုတ်လုပ်နိုင်သော်လည်း ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းခန့်ရှိနေသည့်အတွက် နှစ်စဉ် သကြားတန်ချိန် ၆ သန်းခန့် လိုအပ်လျက်ရှိကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ တတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၈ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင်ဒေါ်လာ ၂၅၄၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၂-၃၈၂၊ အိန္ဒိယနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၃၈-၅၇၃ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့၏ သကြားဈေးမှာ အနည်းငယ်ကျဆင်းခဲ့ပြီး

**စာမျက်နှာ ၁၆ သို့**

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် အနည်းငယ်ဈေးမြင့်တက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၃၀ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ တတိယအပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၃၅ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၈ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန် ဒေါ်လာ ၁၆၃ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၇ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၆ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ် များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကိုအောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၈ခုနှစ် နိုဝင်ဘာလ ၂၂ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် သုည ဒသမ ၂၄ ရာခိုင်နှုန်း ပြန်လည်မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ တတိယပတ်အတွင်း သကြားဈေးနှုန်းမှာ သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

| စဉ် | မြို့အမည် | သကြား (ကျပ်/ပိဿာ) | | |
|---|---|---|---|---|
| | | နိုဝင်ဘာ ၁၆ | နိုဝင်ဘာ ၁၉ | နိုဝင်ဘာ ၂၀ |
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၅ | လွိုင်ကော် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၁ | နေပြည်တော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source:DACA-Domestic

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၁၀.၂၀၁၈ | ၉၇၀၀၀၀ | ၁၁၈၇ |
| ၂ | ၂.၁၀.၂၀၁၈ | ၉၇၃၀၀၀ | ၁၁၈၈ |
| ၃ | ၃.၁၀.၂၀၁၈ | ၉၇၅၀၀၀ | ၁၂၀၃ |
| ၄ | ၄.၁၀.၂၀၁၈ | ၉၇၇၀၀၀ | ၁၂၀၀ |
| ၅ | ၅.၁၀.၂၀၁၈ | ၉၈၅၀၀၀ | ၁၂၀၀ |
| ၆ | ၆.၁၀.၂၀၁၈ | ၉၉၁၀၀၀ | ၁၂၀၃ |
| ၇ | ၇.၁၀.၂၀၁၈ | ၉၉၀၀၀၀ | ၁၂၀၃ |
| ၈ | ၈.၁၀.၂၀၁၈ | ၉၉၆၀၀၀ | ၁၁၉၄ |
| ၉ | ၉.၁၀.၂၀၁၈ | ၁၀၀၀၀၀၀ | ၁၁၉၀ |
| ၁၀ | ၁၀.၁၀.၂၀၁၈ | ၁၀၁၁၀၀၀ | ၁၁၈၇ |
| ၁၁ | ၁၁.၁၀.၂၀၁၈ | ၁၀၁၅၀၀၀ | ၁၁၉၇ |
| ၁၂ | ၁၂.၁၀.၂၀၁၈ | ၁၀၁၇၀၀၀ | ၁၂၂၁ |
| ၁၃ | ၁၃.၁၀.၂၀၁၈ | ၁၀၁၂၅၀၀ | ၁၂၁၈ |
| ၁၄ | ၁၅.၁၀.၂၀၁၈ | ၁၀၂၀၀၀၀ | ၁၂၃၁ |
| ၁၅ | ၁၆.၁၀.၂၀၁၈ | ၁၀၂၂၅၀၀ | ၁၂၂၉ |
| ၁၆ | ၁၈.၁၀.၂၀၁၈ | ၁၀၂၀၀၀၀ | ၁၂၂၃ |
| ၁၇ | ၁၉.၁၀.၂၀၁၈ | ၁၀၂၂၀၀၀ | ၁၂၂၉ |
| ၁၈ | ၂၀.၁၀.၂၀၁၈ | ၁၀၂၃၀၀၀ | ၁၂၂၇ |
| ၁၉ | ၂၂.၁၀.၂၀၁၈ | ၁၀၂၂၀၀၀ | ၁၂၂၃ |
| ၂၀ | ၂၃.၁၀.၂၀၁၈ | ၁၀၂၁၅၀၀ | ၁၂၂၄ |
| ၂၁ | ၂၆.၁၀.၂၀၁၈ | ၁၀၂၄၀၀၀ | ၁၂၃၃ |
| ၂၂ | ၂၇.၁၀.၂၀၁၈ | ၁၀၃၆၅၀၀ | ၁၂၃၃ |
| ၂၃ | ၂၉.၁၀.၂၀၁၈ | ၁၀၃၆၅၀၀ | ၁၂၃၁ |
| ၂၄ | ၃၀.၁၀.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၃၁ |
| ၂၅ | ၂.၁၁.၂၀၁၈ | ၁၀၄၂၅၀၀ | ၁၂၃၂ |
| ၂၆ | ၃.၁၁.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၃၃ |
| ၂၇ | ၅.၁၁.၂၀၁၈ | ၁၀၄၀၀၀၀ | ၁၂၃၁ |
| ၂၈ | ၈.၁၁.၂၀၁၈ | ၁၀၃၇၅၀၀ | ၁၂၂၄ |
| ၂၉ | ၉.၁၁.၂၀၁၈ | ၁၀၃၃၀၀၀ | ၁၂၂၀ |
| ၃၀ | ၁၂.၁၁.၂၀၁၈ | ၁၀၂၆၀၀၀ | ၁၂၀၇ |
| ၃၁ | ၁၃.၁၁.၂၀၁၈ | ၁၀၂၆၅၀၀ | ၁၁၉၇ |
| ၃၂ | ၁၄.၁၁.၂၀၁၈ | ၁၀၂၈၅၀၀ | ၁၁၉၉ |
| ၃၃ | ၁၆.၁၁.၂၀၁၈ | ၁၀၃၆၅၀၀ | ၁၂၁၈ |
| ၃၄ | ၁၇.၁၁.၂၀၁၈ | ၁၀၃၆၅၀၀ | ၁၂၂၂ |
| ၃၅ | ၁၉.၁၁.၂၀၁၈ | ၁၀၃၅၅၀၀ | ၁၂၂၂ |
| ၃၆ | ၂၀.၁၁.၂၀၁၈ | ၁၀၃၆၀၀၀ | ၁၂၂၄ |


Source: estimate of world's exchange rate and gold price page

Capital Market ပိုမိုဖွံ့ဖြိုးလာနိုင်ကြောင်းနှင့် Import/ Export လုပ်ငန်းများအတွက် ငွေပေးချေသည့် LC/ TT ပိုအဆင်ပြေလာနိုင်ပြီး LC အပေါင်ထား pre-Export financing နှင့် USANCE LC (90 days,120days) တို့အား ပိုမိုသုံးလာနိုင်မည်ဖြစ်သဖြင့် ကုန်သွယ်မှုကိုပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေကြောင်း သုံးသပ်ရပါသည်။

နိုင်ငံခြားဘဏ်များအား ပြည်တွင်းဘဏ်များနည်းတူ ပြည်တွင်း စီးပွားရေးလုပ်ငန်းများကို ချေးငွေဝန်ဆောင်မှုလုပ်ငန်းများ ခွင့်ပြုလိုက်သော်လည်း မြေနှင့် အဆောက်အအုံအား အပေါင်ပစ္စည်းအဖြစ် လက်ခံခွင့်မပြုထားကြောင်း၊ လက်ရှိတွင် securities အဖြစ်ထားသည့် အစိုးရငွေချေးစာချုပ်များ၊ နိုင်ငံခြားငွေ၊ ရွှေစသည်တို့ကိုသာ အပေါင်ပစ္စည်းအဖြစ်လက်ခံ၍ ငွေထုတ်ချေးခွင့်ပြုထားကြောင်း၊ ချေးငွေ၏ ကျပ်ငွေအတွက်အတိုးနှုန်းမှာ ပြည်တွင်းဘဏ်များကို သတ်မှတ်ထားသည့်နှုန်းအတိုင်း ၁၃ ရာခိုင်နှုန်းထက်မပိုသောနှုန်းထားဖြင့် သတ်မှတ်ထုတ်ချေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေအတွက်ကိုမူ အတိုးနှုန်း သတ်မှတ်ထားခြင်းမရှိဘဲ နိုင်ငံခြားဘဏ်များအနေဖြင့် နိုင်ငံတကာတွင်ချေးသည့်နှုန်းထားအတိုင်း သတ်မှတ်ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်တွင်းအခေါက်ရွှေဈေးသည် ယခုတစ်ပတ်အတွင်း ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့သော်လည်း အမြင့်နှုန်းဖြစ်သည့် တစ်ကျပ်သားလျှင် ကျပ် ၁၀၃၀၀၀၀ ခန့်တွင် ပေါက်ဈေးရှိနေပြီး ကမ္ဘာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် တစ်အောင်စလျှင် ၁၂၀၀ ဒေါ်လာခန့်ရှိကြောင်း ဈေးကွက်အတွင်းမှ လေ့လာသိရှိရပါသည်။ အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.8 %၊ Annual Rate of Inflation 5.94 %၊ Year on Year Inflation က 8.59 % ရှိသည်ကိုလည်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source:Central Bank of Myanmar


၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၆-၁၁-၁၈ | ၁၉-၁၁-၁၈ | ၂၀-၁၁-၁၈ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၇၄ | ၁၅၇၃ | ၁၅၇၃ | -၀.၀၆၄ | ⬇ |
| ၂ | Thai Baht | THB | ၃၂.၉၅၅ | ၃၂.၈၈၀ | ၃၂.၉၂၀ | -၀.၁၀၇ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၇၆ | ၁.၃၇၃ | ၁.၃၇၂ | -၀.၃၂၅ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၁၈၈ | ၄.၁၈၈ | ၄.၁၉၀ | ၀.၀၃၆ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၅၈၉ | ၁၄၅၆၅ | ၁၄၅၉၇ | ၀.၀၅၇ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၉၃၉ | ၆.၉၄၀ | ၆.၉၄၂ | ၀.၀၄၄ | ⬆ |
| ၇ | Indian Rupee | INR | ၇၁.၉၁၅ | ၇၁.၉၈၀ | ၇၁.၆၁၁ | -၀.၄၂၃ | ⬇ |
| ၈ | Japanese Yen | JPY | ၁၁၃.၄၇၄ | ၁၁၂.၆၉၅ | ၁၁၂.၅၅၀ | -၀.၈၁၄ | ⬇ |
| ၉ | Austrialia Dollar | AUD | ၁.၃၈၄ | ၁.၃၆၅ | ၁.၃၇၁ | -၀.၉၁၀ | ⬇ |
| ၁၀ | Euro | EUR | ၀.၈၈၂ | ၀.၈၇၆ | ၀.၈၇၃ | -၀.၉၈၀ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၂ | ၀.၇၇၉ | ၀.၇၇၈ | -၀.၅၀၄ | ⬇ |

Source:Central Bank of Myanmar

ယခုတစ်ပတ်အတွင်း ကမ္ဘာ့နိုင်ငံအများစုတွင် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းများ ကျဆင်းခဲ့ကြောင်းတွေ့ရှိရပြီး မြန်မာနိုင်ငံတွင်လည်း ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမဝ၆၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်တွင်း ကျပ်ငွေတန်ဖိုးတည်ငြိမ်ရန် အစိုးရက တရားမဝင်ငွေလဲလုပ်ကိုင်သူများကို ဖမ်းဆီးအရေးယူခြင်း၊ ဗဟိုဘဏ်မှလည်း ဘဏ်များနှင့် ငွေလဲကောင်တာများ ဒေါ်လာဈေး ကစားခြင်း မပြုရန် ညွှန်ကြားချက်ထုတ်ပြန်ပြီး နိုင်ငံခြားငွေလုပ်ငန်းဆိုင်ရာ လိုင်စင်ထုတ်ပေးထားသော အဖွဲ့အစည်းများကို ဒေါ်လာဈေး မကစားရန် ပွင့်လင်းမြင်သာစွာ အသိပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ထိုသို့ဆောင်ရွက်သည့် ရက်အနည်းငယ်အတွင်း၌သာ ဈေးနှုန်းကျဆင်းခဲ့ပြီး ရက်ကြာမြင့်ပါက ဈေးနှုန်းအတက်ဘက်သို့ ပြန်လည်ဦးလှည့်လာကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ အစိုးရအနေဖြင့် ပြည်တွင်းကျပ်ငွေတန်ဖိုး တည်ငြိမ်ရေးဆောင်ရွက်ရာတွင် ရေရှည်တည်တံ့၍စဉ်ဆက်မပြတ် အကျိုးသက်ရောက်မှုရှိစေမည့် စီမံ ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် နိုင်ငံခြားဘဏ်များအား ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ခွင့်ပြုပေးခြင်းကြောင့် ပြည်တွင်း ဒေါ်လာနှင့် ရွှေဈေးကွက်အပေါ် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား စဉ်ဆက်မပြတ်စောင့်ကြည့်၍ လိုအပ်သည့်ထိန်းကျောင်းမှုများ ဆောင်ရွက်သွားသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။



# မြန်မာ-ထိုင်း ကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများဖြင့် မဟာဗျူဟာကျစွာ တည်ရှိနေသော မြဝတီ ကုန်သွယ်ရေးဇုန်

**ဝင်းပပသူ(မြဝတီ)**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်မှုသည်ယာဉ်တစ်စီးကို မောင်းနှင်သည့် အင်ဂျင်သဖွယ် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်သည် မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးကုန်သွယ်ရေး ဇုန်ကြီးဖြစ်ပြီး မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာ ကုန်သွယ်ရေးစခန်းများအနက် အရေးပါသော ကုန်သွယ်ရေးဇုန်တစ်ခုလည်းဖြစ်တဲ့အပြင် တည်နေရာ အနေအထားအရ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှ မြန်မာနိုင်ငံ မော်လမြိုင်မြို့သို့ ဆက်သွယ်နိုင်သော အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်း (East West Economic Corridor) ပေါ်တွင် မဟာဗျူဟာကျစွာ တည်ရှိလျက်ရှိပါတယ်။

**"ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်"**ဟူသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်ကို ပြည့်မြောက်စေရေးအတွက် ဝန်ကြီးဌာနမှ ချမှတ်ပေးထားသည့် ကုန်သွယ်ရေးဦးစီးဌာန၏ ရည်ရွယ်ချက်(၅)ရပ်ဖြစ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များနှင့် လိုက်လျောညီထွေရှိမည့် ကုန်သွယ်ရေးမူဝါဒများချမှတ်ဆောင်ရွက်ရန်၊ ကုန်သွယ်ရေးမူဝါဒနှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်လာစေရန်၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုသာမက နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု အခွင့်အလမ်းများပါ တိုးတက်လာစေရန်၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကုန်သွယ်မှုပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်လာစေရေး ပံ့ပိုးကူညီဆောင်ရွက်ပေးရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကုန်သွယ်မှုဆိုင်ရာ အကူအညီများရယူရန်နှင့် ခေတ်မီသတင်းအချက်အလက်များ ဆက်သွယ်ရေးနည်းပညာ (ICT) ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုသွားရန် စသည့် ရည်ရွယ်ချက်ကောင်းများနှင့်အညီ မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတိုးမြင့်စေရေးအတွက် မြဝတီကုန်သွယ်ရေးဇုန်မှ အစဉ်တစိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။




မြဝတီကုန်သွယ်ရေးဇုန်ဖြစ်ပေါ်လာသည့် သမိုင်းကြောင်းအားပြန်ပြောင်းကြည့်ပါလျှင် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးအား ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာ့ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းမှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်၊ မတ်လ ၁၉ ရက်မှာ တရားဝင်နယ်စပ်ကုန်သွယ်ရေးကိုနှစ်နိုင်ငံဝန်ကြီးများလက်မှတ်ရေးထိုးဖွင့်လှစ်ခဲ့ပြီး မြဝတီနယ်စပ်ကုန်သွယ်ရေး ညွှန်ကြားရေးမှူးရုံးကို ၁၉၉၆ ခုနှစ်၊ဩဂုတ်လ ၄ ရက်တွင် တရားဝင်ဖွင့်လှစ်ခဲ့ပါတယ်။

အဲဒီနောက် ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် ကုန်ပစ္စည်းစစ်ဆေးမှုအား နယ်စပ်ဒေသ လူဝင်မှုကြီးကြပ်ကွပ်ကဲရေးတပ်ခွဲမှ တာဝန်ယူခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်တွင် နယ်စပ်ဒေသ လူဝင်မှုကြီးကြပ်ကွပ်ကဲရေးတပ်ခွဲမှ တာဝန်ယူခဲ့မှုအား ရုပ်သိမ်းခဲ့ပြီး ကုန်သွယ်မှုမူဝါဒကောင်စီ၏ လမ်းညွှန်ချက်အရ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင်၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အဖွဲ့ဝင်အဖြစ်ပါဝင်သည့် (One Stop Services) အဖွဲ့ဖြင့် ပြောင်းလဲတာဝန်ယူခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ ၂၀၀၅ ခုနှစ်၊ မတ်လ ၇ ရက်၊ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၅) ဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးမြင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြဝတီကုန်သွယ်ရေးဇုန်တည်ဆောက်ရေးလုပ်ငန်းကော်မတီကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သောအဖွဲ့ဖွဲ့စည်း၍ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစတင်ပြီး မြဝတီကုန်သွယ်ရေးဇုန်ကို တည်ဆောက်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် ကုန်သွယ်ရေးဇုန်ရှိ ပို့ကုန်/သွင်းကုန်ရုံးနှင့် ယာဉ်စစ်ကွင်းများတည်ဆောက် ပြီးစီးခဲ့ပြီး မြဝတီနယ်စပ်ကုန်သွယ်ရေးရုံး (ယာဉ်စစ်ကွင်းအဟောင်း) မှ မြဝတီ ကုန်သွယ်ရေးဇုန်သို့ပြောင်းရွှေ့၍ ပို့ကုန်/သွင်းကုန်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ထို့နောက်တွင်တော့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ကျင်းပသည့် (One Stop Services) အဖွဲ့ဝင် ဌာနများ၏ ညွှန်ကြားရေးမှူးချုပ်အဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ (One Stop Services) အဖွဲ့တွင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ခြင်း မပြုတော့ဘဲ သက်ဆိုင်ရာ (One Stop Services) အဖွဲ့ဝင်ဌာနအလိုက် ဥပဒေလုပ်ထုံးလုပ်နည်းများကို ကျင့်သုံးကာ မိမိဌာန၏အဓိကလုပ်ငန်းတာဝန်များကို ကိုယ်စီတာဝန်ယူဆောင်ရွက်သွားရန် ညှိနှိုင်းဆုံးဖြတ်ချက်အရ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်မှစ၍ လိုက်နာကျင့်သုံးဆောင်ရွက်ခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် နိုင်ငံတော်မှ နယ်စပ်ဒေသအသီးသီးရှိ ကုန်သွယ်ရေးစခန်းများရှိ OSS အဖွဲ့များ၌ ကုန်သွယ်ရေးဦးစီးဌာနက အုပ်ချုပ်မှုခေါင်းဆောင်အဖြစ်ဆောင်ရွက်ရန်တာဝန်ပေးအပ်ခဲ့မှုအရ မြဝတီကုန်သွယ်ရေးဇုန်၏ အုပ်ချုပ်မှုကိစ္စရပ်များအား ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်ရဲ့ မြန်မာ-ထိုင်း နှစ်အလိုက် နယ်စပ်ကုန်သွယ်မှုအခြေအနေအနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၀၀၈ သန်းသာ ရှိခဲ့ရာမှ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၇၁ ဒသမ ၅၀၁ သန်း၊ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၅၆ ဒသမ ၉၀၂ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၂၆ ဒသမ ၁၁၂ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၉၃၁ ဒသမ ၇၂၀ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၉၄၂ ဒသမ ၂၈၁ သန်းဖြင့် တစ်နှစ်ထက်တစ်နှစ်

စာမျက်နှာ ၂၅ သို့

MEKONG INSTITUTE

aus;vuf'o tDufa&mepfulo,ef;a&mif0,fzGHUwkd;wuf&;aqG;aEG;yGJ
(Rural E-Commerce Development Workshop) okdY
wufa&mufyg&ef av;pm;pGm zdwfac:tyfygonf

| | |
|---|---|
| ကျင်းပမည့်နေ့ရက် | - ၆-၁၂-၂၀၁၈ မှ ၇-၁၂-၂၀၁၈ |
| ကျင်းပမည့်အချိန် | - နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီ |
| ကျင်းပမည့်နေရာ | - Conference Hall ၊ပဥ္စမထပ်၊ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)၊ ကုန်သွယ်ရေးဦးစီးဌာန၊ အမှတ် ၂၂၈-၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့။ |

(Workshop ကာလအတွင်း ကော်ဖီ၊မုန့်၊ နေ့လယ်စာတို့ဖြင့် ကျွေးမွေးဧည့်ခံပါမည်။)

၃၀-၁၁-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍တက်ရောက်မည့်သူစာရင်းပေးပို့ပါရန်

ဆက်သွယ်ရန် - ဒေါ်ရီရီလွင်(၀၉-၄၂၀၁၈၀၇၈၉)၊အီးမေးလ် yiyilwin@gmail.com

# ZABUYADANAR CUSTOMS BROKER AGENCY

U MAUNG MAUNG KYWE
MANAGING DIRECTOR
09-253050556,+959 5168696
01-391620, 01374267, 01370040
zabuyadanarbrokeragency@gmail.com

Logistics and Transportation Services





# MYAWADDY
TRADING LIMITED






Vision
To be the leading organization in trading sector

Mission
To deliver best supports to achieve business goals by implementing the trading business in most efficient and effective way

**MYAWADDY TRADING LIMITED**
YANGON, MYANMAR
Website: www.myawaddytrade.com

# Ko Ko Myint International Co., Ltd.




Address : Building (B), Room No. (401), 4th Floor, Mindama Condo, Mayangone Township, Yangon, Myanmar,
Phone : 09 43096061, 09 770000223~228
Fax : 01 9669797
Email : officefamilys.group@gmail.com

# Victoria Harbour Embroidery Factory

維多利亞港電腦繡花,雷射切割廠






No. (73-B), Min Theikdi Kyaw Swar Road,
Hlaing Thar Yar Industrial Zone (3), Yangon, Myanmar.
Tel : 09 450006221, 09 420011250
Email : moemoe.mm824@gmail.com



# vbm;wdrf tpm;tpmrsm; ykd;owfaq; "mwfu;ift qdyfoifrS u,f;a0;ap&efu;kpm;jcif

**အောင်ဆန်း (စိုက်ပျိုးရေး)**

ကမ္ဘာတွင် ရိက္ခာဖူလုံရေးအတွက် သီးနှံများကို ဧရိယာတိုးချဲ့ ဆောင်ရွက်ခြင်း၊ အထွက်နှုန်းတိုးအောင်ဆောင်ရွက်ခြင်းများကို အရှိန် အဟုန်မြင့်ဆောင်ရွက်လာကြသည်။ ဤသို့ ဆောင်ရွက်ရင်း သီးနှံ များနှင့်အတူ ယှဉ်တွဲပေါ်လာသည့် ဖွားဘက်တော်များမှာ သီးနှံ များကို ဖျက်ဆီးသည့် အင်းဆက်ပိုးမွှားများ၊ ရောဂါများ၊ ပေါင်းပင်များ ဖြစ်သည်။

သီးနှံစိုက်ပျိုးထုတ်လုပ်သူများ ထုတ်လုပ်သော သီးနှံများ အနက် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ နှံစားသီးနှံ၊ သစ်သီးဝလံ၊ ဟင်းသီး ဟင်းရွက်၊ စားဖိုဆောင်သီးနှံများသည် လူသားတို့ စားသုံးရန် အတွက် အဓိကထုတ်လုပ်ကြခြင်းဖြစ်သည်။ ဤသို့ထုတ်လုပ်ကြရင်း မိမိတို့၏ သီးနှံများ အရောင်အသွေးလှပရေး၊ ကြီးထွားဖွံ့ဖြိုးမှုကောင်း ပြီး မြင်လျှင် စွဲမက်မှုရှိရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ပိုးမွှား ရောဂါ ဖျက်ဆီးမှုဒဏ်များ ကင်းစင်ရေးတို့ကိုသူ့ထက်ငါ အပြိုင် စွမ်း ဆောင်လာကြသည်။ ဤသို့ဖြင့် သီးနှံများဖျက်ဆီးခြင်းကို တားဆီးနိုင် မည့်ပစ္စည်းကို တွေးတောကြံဆလာကြသည်။ စီးပွားရေးသမားများက လည်း သီးနှံဖျက်ဆီးသည့် အင်းဆက်ပိုးမွှား၊ ရောဂါများကို ကာကွယ် နှိမ်နင်းနိုင်မည့်ဆေးများ ထုတ်လုပ်ရန် အကွက်မြင်လာကြသည်။ ဤသို့ဖြင့် ဓာတု ပိုးသတ်ဆေးများ အလုံးအရင်းနှင့် ထုတ်လုပ်မှုကို အချိန်ကိုက်ဆောင်ရွက်လာကြသည်။ ယခုအခါတွင် ဓါတုပိုးသတ် ဆေး အမျိုးပေါင်း ၁၀၀၀ ကျော်၊ ဆေးစုစုပေါင်း (၁၃) သန်းကျော်ထိ ရှိနေပြီဖြစ်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက ထောက်ပြထား သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ပိုးသတ်ဆေး အမျိုးမျိုးတန်ချိန် ၃၀၀၀၀ တင်သွင်းထုတ်လုပ်ရောင်းချလျက်ရှိသည်။

ရိက္ခာသီးနှံများ စိုက်ပျိုးထုတ်လုပ်သူများကလည်း ဓါတု ပိုးသတ်ဆေးများကို လက်မလွှတ်တမ်းသုံးစွဲလာကြသည်။ ဤသို့ သုံးစွဲရင်း အပျော့စားပိုးသတ်ဆေး၊ ရောဂါသတ်ဆေး၊ အပင်ပေါင်း မှန်းဆေး၊ အလတ်စားပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများမှသည် ပိုမို ပြင်းအားများသော ပိုးသတ်ဆေး၊ ရောဂါသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်ပေါ်မှန်းဆေးများ ထိပင် ခြေလွန်လက်လွန်ဖြစ်လာကြသည်ကို တွေ့ရသည်။ ဤသို့ဖြင့် ပတ်ဝန်းကျင် ရေ၊ မြေ၊ လေထု ညစ်ညမ်းစေ ခြင်း၊ လူ၊ တိရစ္ဆာန်တို့၏ အသက်အန္တရာယ်ကို ထိပါးလာသည်ထိ ဆိုးဝါးလာသည်ကို တွေ့ရသည်။ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦး ရေ (၂၅) သန်းခန့်သည် ဓာတုပိုး သတ်ဆေး၏ ဓာတ်ကြွင်း၊ အဆိပ်သင့်ခြင်းများ ခံစားနေကြရပြီး နှစ်စဉ်လူပေါင်း (၂၀၀၀၀) ခန့် အသက် စတေးခံနေရသည်ဟု ဆိုပါ သည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် လူပေါင်းရာနှင့်ချီ၍ ဓာတုပိုး သတ်ဆေးဓာတ်ကြွင်းများကြောင့်အသက်ဆုံးရှုံးနေရသည်ကိုသတင်းစာ၊ ဂျာနယ်များတွင် မကြာခဏ ကြုံတွေ့နေရသည်။

စီးပွားရေးလုပ်ငန်းရှင်များမှ ထုတ်လုပ်လိုက်သော အထက်ပါ ဓာတုဆေးများသည် ပက်ဖျန်းအသုံးပြုပြီးပါက အဏုဇီဝပိုးများ၊ ခရမ်း လွန်ရောင်ခြည်၊အင်ဇိုင်းများနှင့် ရူပဇီဝဓာတ်ပြုမှုကြောင့်ဓာတ်ပြို ကွဲပြောင်းလဲမှုဖြစ်ပေါ်ပါသည်။ ဤမှတစ်ဆင့် ပတ်ဝန်းကျင်အစိတ် အပိုင်းများ တစ်ခုမှတစ်ခုကို ရွှေ့လျားသယ်ဆောင်သည့် ဖြစ်စဉ်များ ဖြစ်ပေါ်စေသည်။ သိပ္ပံပညာရှင် L.Fishbein ဆိုသူမှပြိုကွဲသွားသော ဓာတ်များ တစ်နေရာမှ တစ်နေရာသို့ အစိတ်အပိုင်းတစ်ခုမှတစ်ခုသို့ ရွှေ့လျားပြောင်းလဲသည့် လမ်းကြောင်းမြေပုံကို ရှင်းလင်းမြင်သာ အောင် ရေးဆွဲပြသခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များမှ ထုတ်လုပ်လိုက်သော ဓါတုဆေး များတွင် (၁) ပတ်ဝန်းကျင်တွင် တည်မြဲမှု ကြာရှည်ခံသော ဓါတုဆေး များ (Persistent Organic Pollutent) (၂) သဘာဝတိရစ္ဆာန် သားငါး အပေါ် အဆိပ်ပြင်းထန်သော ဓာတုဆေးများ (Wild Life Toxicity) (၃) အိုဇုန်းလွှာကို ပျက်စီးစေသော ဓာတုဆေးများ (Ozone Depleting Substances= ODS) တို့ ဖြစ်ကြသည်။

ပတ်ဝန်းကျင်တွင် တည်မြဲမှု ကြာရှည်ခံသော ဆေးများမှာ ပတ်ဝန်းကျင်တွင် ကြာရှည်တည်မြဲနေနိုင်ခြင်း၊ ပတ်ဝန်းကျင်အတွင်း အစိတ်အပိုင်းတစ်ခုမှတစ်ခုသို့ မိုင်ပေါင်းများစွာ ရွေ့လျားနိုင်ခြင်း၊ သက်ရှိများစွာတို့ အသက်ရှူရာ၊ စားသောက်ရာ၊ ထိတွေ့ကိုင်တွယ် ရာမှတစ်ဆင့် ခန္ဓာကိုယ်အတွင်း ဝင်လာပြီး အဆီတစ်သျှူးများတွင် စုဝေးနေတတ်ခြင်း၊ လူနှင့်တိရစ္ဆာန်များကို အဆိပ်သင့်စေမှု အမျိုးမျိုး ဖြစ်ပေါ်စေပါသည်။ အဆိပ်သင့်ခံရပါက ကင်ဆာရောဂါ၊ ကိုယ်ဝန် ဆောင်မိခင်သန္ဓေသားထိခိုက်မှု၊ ပုံမှန်မမွေးဖွားမှု၊ ကိုယ်လက်အင်္ဂါ မစုံလင်မှု၊ မျိုးပွားစွမ်းအင်ကျဆင်းမှု၊အကြောဆွဲမှု၊ ဦးနှောက်မမှန် ကန်မှု၊ ဉာဏ်ရည်မမီမှု၊ ကိုယ်ခံစွမ်းအား ကျဆင်းမှု၊ နောက်ဆုံးတွင် အသက်အန္တရာယ်ဆုံးရှုံးမှုထိပါ အနိဋ္ဌာရုံများ ကြုံတွေ့လာရကြောင်း သုတေသနစာတမ်းများက ဖော်ညွှန်းထားပါသည်။ ပတ်ဝန်းကျင်တွင် တည်မြဲမှု တာရှည်ခံသော ပိုးသတ်ဆေးများကို တင်းကြပ်စွာ ထိန်း ချုပ်ထားပါသည်။ ၎င်းတို့မှာ အော်ဒရင်း၊ ကလိုဒိန်း၊ ဒီဒီကီ၊ ဒီလ် ဒရင်း၊ အင်ဒရင်း၊ ဘကပ်ပ်တာလို၊ မိုင်းရက်စ်၊ တော့စ်ဖိန်း၊ အိပ်ချ် စီဘီ (HCB)၊ ပီစီဘီ (PCB)၊ ဒိုင်အောက်စင့်၊ ဖျူရန်တို့ ဖြစ်ပါသည်။

သဘာဝတိရစ္ဆာန်များအပေါ် အဆိပ်ပြင်းထန်သော ပိုးသတ် ဆေးများ (WLT) သည် ဓာတ်ပြိုကွဲမှု မြန်ဆန်သော်လည်း လူနှင့် တိရစ္ဆာန်တို့အပေါ် အဆိပ်ပြင်းထန်မှုရှိသည်။ အဆိုပါ ဆေးများကို သေချာစွာ နားလည်အောင် လေ့လာပြီး ချင့်ချိန် သုံးစွဲရန် လိုပါသည်။ အဆိုပါ ဓာတုပိုးသတ်ဆေးများအနက် Acephalic ဆေးသည်ပျားများ အပေါ် အဆိပ်ပြင်းထန်မှုမြင့်မားသည်။ Chlorpyrifos ဆေးသည် ပျားများ၊ ငါးများ၊ ငှက်များ၊ လူသားများအပေါ်တွင် အဆိပ်သင့်မှု မြင့်မားသည်။ Diazinon ဆေးသည် ငါးများ၊ ပျားများ၊ ငှက်များ၊ လူသားများအပေါ် အဆိပ်သင့်မှု မြင့်မားသည်။ Dimethoate ဆေးသည် ပျားများ၊ ငှက်များ၊ လူသားများအပေါ် အဆိပ်သင့်မှု မြင့်မားသည်။ Malathion ဆေးသည် လူသားများ၊ ငါးများ၊ ပျားများ အပေါ်တွင် အဆိပ်သင့်မှု မြင့်မားသည်။ Monocrotophos ဆေး သည် လူသားများ၊ ငါးများ၊ ပျားများ၊ ငှက်များအပေါ်တွင် အဆိပ်သင့် မှု အလွန်မြင့်မားသည်။ Permethrin ဆေးသည် ငါးများ၊ ပျားများ အပေါ်တွင် အဆိပ်သင့်မှု မြင့်မားသည်။

အိုဇုန်းလွှာကို ပျက်စီးစေသော ဓါတုဆေးများမှာ အလွန် အန္တရာယ်ကြီးမားသည်။ အိုဇုန်းလွှာမှာကမ္ဘာမြေပြင်အထက် (၆-၃၀) မိုင်အမြင့်အတွင်းရှိ အောက်စီဂျင်သုံးလုံးဖြင့် ဖွဲ့စည်းထားသော ဓာတ်ငွေ့တစ်မျိုး၏ အလွှာ (ကမ္ဘာကြီးအား ခရမ်းလွန်ရောင်ခြည် အန္တရာယ်မှကာကွယ်ပေးထားသော အမိုးသဖွယ်) ဖြစ်သည်။ ကလိုရင်း၊ ဖလူအိုရင်း၊ ကာဗွန်၊ ဟိုက်ဒရိုဂျင်ဓာတ်ပေါင်းများသည် အိုဇုန်းလွှာကို ပျက်စီးစေသည့် အဓိက တရားခံများဖြစ်ကြောင်း ၁၉၇၀ ခုနှစ် အစောပိုင်းမှစ၍သာ လေ့လာသူများက စတင်သိရှိလာခြင်းဖြစ်သည်။ နောက်တစ်ဖန် မီသိုင်းဗရိုမိုက်သည်လည်း အိုဇုန်းလွှာ ပျက်စီးစေ သည့် အဓိကတရားခံကြီးဖြစ်ကြောင်း ထပ်မံလေ့လာ သိရှိလာကြ သည်။ မီသိုင်းဗရိုမိုက်၏ အိုဇုန်းလွှာ ပျက်စီးစေမှု စွမ်းရည် ကို (၀. ၇) မှ(၀. ၆) သို့ ၁၉၉၂ ခုနှစ်က ဗီယင်နာမြို့တွင် သဘောတူ ညှိနှိုင်းသတ် မှတ်ခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မီသိုင်းဗရိုမိုက် သုံးစွဲမှုကို ၂၀၁၅ ခုနှစ်တွင် အပြီးသတ် အဆုံးသတ်ခဲ့ကြပြီး ဖြစ်ပါ သည်။ ယခု အခါ သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတွင်လည်း ပဲတီစိမ်း သီးနှံတွင် အဆိပ်ပြင်းပြီးဓာတ်ကြွင်းပါဝင်မှုများစေသော Carbosulfan ဆေးကို လည်းကောင်း၊ စပါးဂုတ်ကျိုးရောဂါကာကွယ်သော Tricyclazole ဆေးကိုလည်းကောင်း ပြင်းထန်စွာတားမြစ်ထားပြီးဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်များ ထုတ်လုပ်ကြသော ဓါတုပိုးသတ် ဆေးများမှာ အုပ်စု (၄) ခုရှိသည်။ အော်ဂင်နိုကလိုရင်းအုပ်စု (ထိသေ၊ စားသေ၊ အစာအိမ်အဆိပ်သင့်သေ) အော်ဂင်နိုဖော့စ်ဖိတ် အုပ်စု (ထိသေ၊ စားသေ၊ ဓာတ်ကြွင်းကျန်မှု၊ တာရှည်ခံ)၊ ကာဘေမိတ်အုပ်စု (ထိသေ၊ စားသေ၊ ဓာတ်ကြွင်းကျန်မှု၊ တာရှည်ခံ)၊ ပိုင်ရီသရိုက် (ထိသေ၊ အစာအိမ်အဆိပ်သင့်၊ မျက်လုံးအရေပြား ယားယံစေ) တို့ ဖြစ်ကြ သည်။ ဓာတုပိုးသတ်ဆေးများ၏ အင်းဆက် ပိုးမွှားအပေါ် တုံ့ပြန်မှု အရ ထိသေဆေး၊ စားသေဆေး၊ ပင်လုံး ပြန့်ဆေးဟုလည်း ဈေးကွက် တွင် ခွဲခြားထားသည်ကို တွေ့ရသည်။

ရိက္ခာသီးနှံများ စိုက်ပျိုးထုတ်လုပ်သော သူများမှ ဓာတုပိုးသတ် ဆေးများကို သီးနှံများအပေါ် ပက်ဖျန်းပြီးသောအခါ ဓာတုဓာတ်ကြွင်း များသည် သီးနှံထွက်ကုန်များ၊ လူအစားအစာများ၊ တိရစ္ဆာန်အစား အစာများ ပတ်ဝန်းကျင်လေထု၊ မြေထု၊ ရေထု ငါး၊ ပုစွန်၊ နို့စားနွားမ၏ နို့၊ လူသားတို့၏ ခန္ဓာကိုယ်တွင်းရှိ အဆီအစုအဝေးနေရာများတွင် စုဝေး၍ တာရှည်စွာ ဖွဲ့စည်းနေနိုင်ကြသည်။ ဤသည်မှ အဆိပ်သင့် ခြင်းကို စတင်ဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။

ဤသို့ ဓာတုဓာတ်ကြွင်းများ အဆိပ်သင့်မှုကို ကာကွယ်တားဆီး ကုစားရန်မှာ နှစ်ပိုင်းရှိပါသည်။ (၁) ရိက္ခာသီးနှံများ စိုက်ပျိုးထုတ် လုပ်သူနှင့် ထပ်ဆင့်ဝယ်ယူ၍ ရောင်းဝယ်ဖောက်ကားသူများမှ လိုက်နာ ကျင့်သုံးရမည့်အပိုင်း၊ (၂) ရိက္ခာသီးနှံများကို ဝယ်ယူစားသုံးသူများမှ လိုက်နာကျင့်သုံးရမည့်အပိုင်းဖြစ်ပါသည်။

ရိက္ခာသီးနှံထုတ်လုပ်သူများသည် ဓါတုပိုးသတ်ဆေးများကို မလိုအပ်ဘဲ အသုံးမပြုရန် ဂရုမူရန်လိုပါသည်။ ဓါတုပိုးသတ်ဆေး များကို သတ်မှတ်ထားသော နှုန်းထားများထက်ပိုမသုံးမိစေရန် ရှောင် ရှားရန်လိုပါသည်။ ပြင်းထန်စွာ တားမြစ်ထားသော ဓာတုပိုးသတ်ဆေး များနှင့် အရည်အသွေးမမီ (အဆင့်မမီ)သော ဓာတုပိုးသတ်ဆေးများ ကို လုံးဝအသုံးမပြုရန်လိုပါသည်။ မိမိပက်ဖျန်းသော ဆေးနှင့် ကျရောက်နေသော ပိုးမွှားရောဂါလုံးဝမကိုက်ညီသော ဓာတိုးသတ် ဆေးများကို အသုံးမပြုမိရန် သတိထားရန်လိုပါသည်။ ဓာတုပိုးသတ် ဆေးများပက်ဖျန်းရာတွင် ကျွမ်းကျင်ပညာရှင်များက သတ်မှတ်ထား သော အကြိမ်ထက် ပိုမိုပက်ဖျန်းခြင်းမပြုမိရန် ဂရုမူရန်လိုပါသည်။ အသုံးပြုသော ဆေးဖျန်းပုံးနှင့် နော်ဇယ်များ ပုံစံမမှန် ပါက ပက်ဖျန်း အသုံးပြုခြင်းမပြုမိရန် အလေးမူရန် လိုအပ်သည်။ ဓာတုပိုးသတ်ဆေး များပက်ဖျန်းရာတွင် ကျွမ်းကျင်ပညာရှင်များက သတ်မှတ်ပေးထား သော နည်းစနစ်မှန်မှန်ကန်ကန်ဖြင့် ပက်ဖျန်းရန် သတိပြုရန်လိုပါ သည်။ ပက်ဖျန်းအသုံးပြုပြီးပါက ဆေးဘူးကျန်၊ ဆေးကျန်၊ ဆေးပုံး ဆေးကျောရေများကို ကျင်းနက်တူး၍ စနစ်တကျ စွန့်ပစ်ရန် အထူး အလေးထားရန် လိုအပ်ပါသည်။

စာမျက်နှာ (၂၄)သို့

# ကုန်းတွင်းဆိပ်များ တည်ဆောက်ကာ ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းက သယ်ပို့စရိတ်များ အမှန် လျော့ကျလာတော့မည်

**မောင်လွင်ပြင်**

သယ်ယူပို့ဆောင်စရိတ်မြင့်မားခြင်းသည် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများအတွက် ဈေးကွက်ယှဉ်ပြိုင်ရမှုတွင် များစွာအခက်အခဲများဖြစ်ပေါ်စေသည်။ သယ်ယူပို့ဆောင်စရိတ်မြင့်မားခြင်းသည် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ထုတ်လုပ်စရိတ်များမြင့်တက်ရခြင်းနည်းတူ ပို့ကုန်ကဏ္ဍတွင်လည်း ဈေးနှုန်းအရယှဉ်ပြိုင်ရမှုတွင် တစ်ပန်းရှုံးရမှုကို ဖြစ်ပေါ်စေသည်။ သယ်ယူပို့ဆောင်စရိတ် မြင့်မားမှုသည် မြန်မာနိုင်ငံအဖို့ ကုန်ကြမ်းသယ်ယူပို့ဆောင်ရေး၊ ကုန်ချောတင်ပို့ဖြန့်ဖြူးသယ်ယူ ပို့ဆောင်ရေးတွင်အကျုံးဝင်နေသည်။ သယ်သူပို့ဆောင်စရိတ်မြင့်မားနေရခြင်းမှာ အကြောင်းရင်းအမျိုးမျိုးရှိနိုင်သည်။ အဓိက လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိနေခြင်း၊ ဆက်သုံးဆီဈေးနှုန်းမြင့်တက်ခြင်း၊ ဖြောင့်ဖြူးသော လမ်းပန်းဆက်သွယ်ရေးမရှိသေးခြင်း၊ ကုန်လှောင်ရုံများ၊ အအေးခန်းစနစ်သုံးစခန်းများ အားနည်းနေသေးခြင်း၊ ရေဆိပ်၊ ကုန်တွင်းဆိပ်များ မလုံလောက်သေးခြင်း စသည့်အချက်များက သယ်ယူပို့ဆောင်စရိတ်များကို မြင့်တက်စေသည်။

မြန်မာနိုင်ငံသည် သယ်ယူပို့ဆောင်စရိတ် မြင့်မားမှုရှိနေဆဲ အခြေအနေနှင့် ရင်ဆိုင်နေရသည်ကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်စီးပွားရေးပညာရှင်များက လက်ခံထားသည်။ မြန်မာ့စီးပွားရေးပြန်လည်သန်စွမ်းဖွံ့ဖြိုးလာရေးတွင် အနှောင့်အယှက်တစ်ခုသဖွယ်ဖြစ်နေသည့် ပြည်တွင်းသယ်ယူပို့ဆောင်ရေးစရိတ်မြင့်မားနေခြင်း၊ ပြဿနာများ လျှော့ချနိုင်ရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေသည်။ ထို့ပြင် သယ်ယူပို့ဆောင်ရေးစရိတ် မြင့်မားနေမှုလျှော့ချရေးကိစ္စသည် ပြည်တွင်းထုတ်လုပ်စားသုံးမှု ပြည့်စုံဖူလုံရေး၊ ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်တက်လာရေး၊ အရပ်ရပ်ကုန်ဈေးနှုန်းများ တည်ငြိမ်ရေးနှင့် ပြည်ပပို့ကုန်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးတို့အတွက် အကျိုးသက်ရောက်မှုများ ရှိနိုင်သည်ကိုလည်းသိထားကြသည်။ ယခုနှစ် ၂၀၁၈ ခုနှစ်သည် မြန်မာနိုင်ငံအဖို့ အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)တွင် လွတ်လပ်စွာကုန်သွယ်ကူးသန်းရောင်းဝယ်မှုတွင် ပါဝင်ရတော့မည့်အနေအထားလည်းရှိသည်။ ယင်းအခွင့်အရေးသည် မြန်မာနိုင်ငံအပါအဝင် CMLV နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ မြန်မာ၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့ ရထားကြသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း အစီအစဉ်သည် အာဆီယံနိုင်ငံများ အားလုံးပါဝင်သော လွတ်လပ်စွာ ကုန်သွယ်မှုဇုန်တည်ထောင်မည့်အစီအစဉ်ဖြစ်သည်။ ယင်းအစီအစဉ်ကို ၂၀၁၅ ခုနှစ်ကတည်းက စတင်ခဲ့ပြီးဖြစ်သည်။ သို့သော် ဖွံ့ဖြိုးမှုနောက်ကျနေသော CMLV နိုင်ငံလေးနိုင်ငံအား အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေးဇုန်အစီအစဉ်တွင် ပါဝင်နိုင်ရန် အခွင့်အရေးပေးသည့်အနေဖြင့် သုံးနှစ်အချိန်ပေးကာ ၂၀၁၈ ခုနှစ်ကျမှသာ ပါဝင်ရန် ဆုံးဖြတ်ပေးခဲ့သည်။

အာဆီယံလွတ်လပ်စွာ ကုန်သွယ်ဇုန်တည်ထောင်ခြင်းသည် အာဆီယံနိုင်ငံအချင်းချင်း မိမိတို့ထုတ်ကုန်များကို အကောက်ခွန်မဲ့ လွတ်လပ်စွာ ကုန်သွယ်ကူးသန်းရောင်းဝယ်ကြရန် ဖြစ်သည်ဟု အကြမ်းဖျင်းသိမှတ်နိုင်သည်။ ယင်းအစီအစဉ်သည် အာဆီယံနိုင်ငံများကို ပို့ကုန်လုပ်ငန်းဖွံ့ဖြိုးရေး၊ ကုန်သွယ်မှုမြင့်တင်ရေး၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေး၊ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ ထွန်းကားရေး၊ စွန့်ဦးတီထွင်လုပ်ငန်းများပိုမိုပေါ်ထွက်ရေး၊ အာဆီယံအဖွဲ့နှင့် အခြားမိတ်ဖက်နိုင်ငံများ၊ စီးပွားဖက်နိုင်ငံများအကြား ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရေးနှင့်သိပ္ပံနည်းပညာနှင့် သတင်းဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရေး၊ အာဆီယံနိုင်ငံများ၏ ပြည်သူများ လူမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတကာ ပြည်သူများနှင့် ရင်ပေါင်တန်းလာနိုင်ရေးစသည်တို့ ရည်ရွယ်ထားခြင်းဖြစ်သည်။ အာဆီယံလွတ်လပ်စွာ ကုန်သွယ်ကူးသန်းရောင်းဝယ်ရေးအစီအစဉ်တွင် မြန်မာနိုင်ငံ ပါဝင်ဆောင်ရွက်ရတော့မည်ဆိုသောအခါ မြန်မာနိုင်ငံပြည်တွင်း ပို့ကုန်အချို့သည် ပြည်တွင်းသယ်ယူပို့ဆောင်စရိတ် မြင့်မားနေမှုကြောင့် ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အာဆီယံနိုင်ငံအချို့၏ပစ္စည်းတူပို့ကုန်နှင့် ဈေးနှုန်းချင်းမယှဉ်နိုင်သည့် သဘောပေါ်ပေါက်နေသည်။ ဤသည်ကို မြန်မာတာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက ဈေးနှုန်းယှဉ်နိုင်ရေး၊ ပြည်တွင်းသယ်ယူပို့ဆောင်စရိတ်များ လျော့ကျရေးစီစဉ်ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံတွင် လေကြောင်းသယ်ပို့စရိတ်သည် အကြီးမြင့်ဆုံးဖြစ်သည်။ ရေကြောင်းသယ်ပို့စရိတ်က အနည်းဆုံးအနေအထားတွင်ရှိပြီး ကုန်ကြောင်းဖြစ်သည့် ရထားနှင့်ကားလမ်း သယ်ပို့စရိတ်က အလယ်အလတ်အဆင့်ရှိသည်။

ရထားနှင့်ကားလမ်းတွင်လည်း ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းက ပိုသက်သာသည့်သဘောရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့စေရေး ရေလမ်းကြောင်းနှင့်ဆိပ်ကမ်းများ အဆင့်မြှင့်တိုးချဲ့နေခြင်းနှင့်အတူ ကုန်တွင်းဆိပ်များ၊ ရထားလမ်းပိုင်းများ၊ ကုန်တင်ရထားတွဲဆိုင်းများ တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းများကို စီမံကိန်းချမှတ်ရေးဆွဲဆောင်ရွက်နေသည်။

ယင်းစီမံကိန်းများကို ပြည်တွင်းကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ကုန်းတွင်းဆိပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သေတ္တာကွန်တိန်နာ ရထားပြေးဆွဲခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး၊ ရွာသာကြီး ကုန်းတွင်းဆိပ်ကို စတင်ဖွင့်လှစ်ခြင်းအစီအစဉ်အဖြစ် ရွာသာကြီးကုန်းတွင်းဆိပ်မှ မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်ကုန်းတွင်းဆိပ်သို့ ပြေးဆွဲမည့် ကုန်တင်ရထားတွဲဆိုင်း၊ နှစ်ဆိုင်း စတင်ပြေးဆွဲခဲ့သည်။ ရွာသာကြီးကုန်းတွင်းဆိပ်သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရွာသာကြီး (အရှေ့ပိုင်း)ရပ်ကွက်အနီးတွင်တည်ရှိသည်။ ကုန်းတွင်းဆိပ်အကျယ်အဝန်းမှာ ဧက ၈၀ ကျော်ရှိသည်။ မြန်မာ့မီးရထားပိုင်မြေပေါ်၌ အရင်းအမြစ် အုပ်စုထောက်ပံ့ရေးကုမ္ပဏီနှင့် KM Terminal and Logistics Ltd တို့က မြန်မာ့မီးရထားနှင့် BOT (တည်ဆောက်၊ လည်ပတ်၊ လွှဲပြောင်းစနစ်)စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ရွာသာကြီးကုန်းတွင်းဆိပ်မှ မြစ်ငယ်၊ ကုန်းတွင်းဆိပ်သို့ တစ်ပတ်လျှင် တစ်ကြိမ်ရထားတွဲဆိုင်းများ ပြေးဆွဲမည်ဖြစ်သည်။

အရင်းအမြစ်အုပ်စု ထောက်ပံ့ရေးကုမ္ပဏီသည် မြန်မာ့မီးရထား၏ ခွင့်ပြုချက်ဖြင့် ရွာသာကြီး ကုန်းတွင်းဆိပ်နှင့် မြစ်ငယ်ကုန်တွင်းဆိပ်များ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၇ ခုနှစ်၊ မေလတွင် စတင်ဆောင်ရွက်ခဲ့သည်။ ရွာသာကြီးကုန်းတွင်းဆိပ်ကို အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၂၆ သန်း၊ မြစ်ငယ်ကုန်းတွင်းဆိပ်ကို အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇၅ သန်း၊ စုစုပေါင်း ရင်းနှီးမတည်ငွေ အမေရိကန်ဒေါ်လာ ၄၉ သန်းကျော် အသုံးပြုခဲ့သည်ဟု သိရသည်။ ယင်းကုန်းတွင်းဆိပ်နှစ်ဆိပ်အား မြန်မာ့မီးရထားက သတ်မှတ်ပေးထားသည့် စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းအတွေ့အကြုံ ကြွယ်ဝသည့် ပြည်ပကုမ္ပဏီများ၏နည်းပညာအကူအညီများရယူပြီး တည်ဆောက်ခဲ့ခြင်းလည်းဖြစ်သည်ဟုဆိုသည်။ ယင်းကုန်းတွင်းဆိပ်များသည် ပထမအဆင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးခြင်းသာဖြစ်ပြီး ပထမအဆင့်လုပ်ငန်းများ အရှိန်အဟုန်မြှင့်တိုးတက်လာပြီဆိုလျှင် ဒုတိယအဆင့် တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

ရွာသာကြီးကုန်းတွင်းဆိပ်က ဆောင်ရွက်မည့်လုပ်ငန်းများသည် ပင်လယ်ဆိပ်ကမ်းတစ်ခုကဲ့သို့ OSS - One Stop Service လုပ်ငန်းဖြစ်ကြောင်း၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ငန်းစဉ်များ ကုန်တင်ကုန်ချလုပ်ငန်းများ၊ သင်္ဘောလိုင်းများတွင် ဆောင်ရွက်သကဲ့သို့ ပိုးမွှားစစ်ဆေးခြင်းလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းကဏ္ဍအသီးသီးနှင့်ပတ်သက်သည့်သက်ဆိုင်ရာ အစိုးရဌာနများနှင့် စဉ်ဆက်မပြတ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ရသည့် အရင်းအမြစ်အုပ်စု ထောက်ပံ့ရေးကုမ္ပဏီတာဝန်ရှိသူက ပြောကြားခဲ့သည်။ ထို့ပြင် ရွာသာကြီးကုန်းတွင်းဆိပ်နှင့် မြစ်ငယ်ကုန်းတွင်းဆိပ်များကတစ်ဆင့် ရန်ကုန်မှ မန္တလေးအကြားရထားဖြင့် ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန် ချောမွေ့လာနိုင်သည်။ ဒေသတွင်းနိုင်ငံများနည်းတူ Logistics လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းများကိုလည်း ပြောကြားခဲ့ပါသေးသည်။ ကုန်းတွင်းဆိပ်များ တိုးချဲ့တည်ဆောက်ပြီး ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းက သယ်ယူစရိတ်များ အမှန်တကယ် လျော့ကျလာလိမ့်မည်ဟု ယုံကြည်မျှော်လင့်နေမိပါကြောင်း တင်ပြလိုက်ရပါသည်။




**စာမျက်နှာ (၁၁) မိသားစု အစားအသောက်. . . မှအဆက်**

သို့ဖြစ်ပါ၍ ခင်ဗျား/ကျွန်တော်မိသားစုဘေးကင်းလုံခြုံဖို့ စားသုံးသူရေးရာဦးစီးဌာန၏မျှော်မှန်းချက်ဖြစ်သော၊ "စားသုံးသူများလုံခြုံစိတ်ချရမှုရှိစေရန်"ကို သန့်ရှင်း လတ်ဆတ်သော ဘေးအန္တရာယ်ကင်း၊ ဓာတုဆိုးဆေးကင်း၊ ပိုးသတ်ဆေးကင်း၊ အသီးအနှံ ဟင်းလျာများ ရွေးချယ်ဝယ်ယူစားသုံးဖို့၊သန့်ရှင်းသော သောက်သုံးရေသောက်သုံးစွဲဖို့၊စားသုံးသူဥပဒေပြဋ္ဌာန်းချက်ပါရှိသော စားသုံးသူအခွင့်အရေးနှင့်တာဝန်သိပြီး ရွေးချယ်တိုင်ကြား လိုက်နာဆောင်ရွက်လျက် "မိသားစု ဘေးကင်းလုံခြုံမှုဆီသို့" ချီတက်နိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

# မြန်မာ့ ငါး၊ ပုစွန်နှင့် ရေထွက်ပို့ကုန်များ အလားအလာကောင်း

မြန်မာနိုင်ငံတွင် လယ်ယာ စိုက်ပျိုးရေးကဏ္ဍသည် ပထမဦးစားပေးပို့ကုန်ဖြစ်ပြီး ရေထွက်ကဏ္ဍသည် ဒုတိယ ဦးစားပေးပို့ကုန်ဖြစ်သည်။ ရေချိုရေငန်ငါး၊ ပုစွန်လုပ်ငန်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် လူဦးရေ ၃ ဒသမ ၅ သန်းကျော် လုပ်ကိုင်နေကြောင်း သိရပါသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအေးက ရွှေခေတ်သို့ လွှမ်းမည့် 'မြန်မာ့ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း' ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ငါးလုပ်ငန်းဆွေးနွေးပွဲတွင် ဒီဇင်ဘာ ၁ ရက်မှစတင်ပြီး ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံများသို့ ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ တင်ပို့ခွင့် ရရှိတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန် မက်ထရစ်တန်ချိန် ၅၆၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့သဖြင့် အမေရိကန်သန်း ၇၀၀ ကျော် ရရှိခဲ့ကြောင်းနှင့် လက်ရှိအချိန်တွင် ယခင်က ဆုံးရှုံးခဲ့သည့် အခွင့်အရေးများ ပြန်လည်ရရှိလာခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ငါး၊ ပုစွန်ရေထွက်ပစ္စည်းများအား အီးယူနိုင်ငံများ အပါအဝင် နိုင်ငံတကာသို့ တင်ပို့ရာ၌ တင်သွင်းသည့်နိုင်ငံများ၏ စံချိန်စံညွှန်းလိုအပ်ချက်များနှင့်အညီ အရည်အသွေးအာမခံနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ သဘာဝမှဖမ်းမိသော ငါး၊ ပုစွန်များကိုသာ အီးယူနိုင်ငံများသို့ တင်ပို့ခွင့်ရရှိပြီး မွေးမြူရေး ငါး၊ ပုစွန်များကို အီးယူနိုင်ငံများ၏ စံချိန်စံညွှန်းနှင့်အညီ ဥရောပဈေးကွက်သို့ တင်ပို့နိုင်ရေး ဆောင်ရွက်ခဲ့ရပါသည်။

ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် အီးယူ DG-SANTE ၏ ဝက်ဘ်ဆိုက် Official Journal of the European Union ၌ ဖော်ပြထားမှုအရ "Commission Implementing Decision (EU) 2018/1583 of 18 October 2018" ဖြင့် မြန်မာနိုင်ငံအား ယခင်က ခွင့်ပြုခဲ့သည့် Decision 2006/766/EC(Only Wild Caught Frozen Fishery Products) အားပြင်ဆင်ဆုံးဖြတ် အတည်ပြုမှုအရ မြန်မာနိုင်ငံ မွေးမြူရေး ငါး၊ ပုစွန်၊ ကဏန်းပျော့နှင့် ရေထွက်ပစ္စည်းများအား အီးယူနိုင်ငံများသို့ တင်ပို့ခွင့်ရရှိပြီး ဒီဇင်ဘာ ၁ ရက်မှစ၍ အီးယူနိုင်ငံများသို့ တင်ပို့ခွင့်ရရှိပြီးဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရပါ သည်။

ယခုနှစ်မှစတင်၍ သားဖောက်မွေးမြူမှု အောင်မြင်သည့် အတွက် အကောင်ရေ ခြောက်သန်းခန့်ကို လစဉ်ပြည်တွင်းဈေးကွက်သို့ ထုတ်လုပ်ရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပုစွန်မွေးမြူထုတ်လုပ်ရောင်းချသူများအသင်းမှ သိရပါသည်။ နောက်ပိုင်းတွင် လစဉ်အကောင်ရေ သန်း ၂၀ အထိ တိုးချဲ့ထုတ်လုပ်ရန်ရှိသည်ဟုလည်း ပြောကြားသွားပါသည်။

ပြည်တွင်းတွင် ရေချိုသားပေါက် မထုတ်လုပ်နိုင်သည့်အတွက် ထိုင်းနိုင်ငံမှ ပုစွန်သားပေါက်များကိုသာ အဓိကထား မွေးမြူနေရကြောင်းနှင့် နယ်စပ်ဒေသများမှ တရားမဝင် ပုစွန်များ ဝင်ရောက်နေသောကြောင့် တစ်လလျှင် အကောင်ရေ ခြောက်သန်းထုတ်လုပ်နိုင်သော်လည်း သုံးသန်းခန့်သာ ရောင်းချနိုင်ကြောင်း ပုစွန်မွေးမြူသူ လုပ်ငန်းရှင်များထံမှ သိရပါသည်။

မြန်မာ့ငါး၊ ပုစွန်နှင့် ရေထွက်ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်မှ တာဝန်ရှိသူများ၏ ပံ့ပိုးပေးမှုနှင့်အတူ ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများ ပူးပေါင်းကာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ မွေးမြူထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက် ရောင်းချနိုင်ရန် စုပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။

**ခင်မြနွယ် (MYANTRADE)**

## ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လသာမြို့နယ် သိမ်ကြီးဈေး (ဃ) ရုံတွင် အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

လသာမြို့နယ်အတွင်းရှိ သိမ်ကြီးဈေး (ဃ) ရုံသို့ နိုဝင်ဘာ ၁၃ ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်ဌေးမှဦးဆောင်ပြီး ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှအုပ်ချုပ်ရေးမှူး၊ ခရိုင်စည်ပင်သာယာဈေးများဌာနမှ ဌာနစုမှူး၊ လသာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ လသာမြို့နယ်စည်ပင်သာယာကျန်းမာရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများ၊ဈေးတာဝန်ခံနှင့်ဝန်ထမ်းများ၊ ဈေးသာယာရေး ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လသာမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးတို့ ပါဝင်သောအဖွဲ့ဖြင့် ဈေးအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၁၈ နှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုန်ပြန်ထားသော စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသည့် စံမညီစားသုံးဆီ (၁၃) မျိုးအား ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ/မရှိစစ်ဆေးခြင်း၊ အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြရာ ကုန်မျိုးစုံဆိုင် (၄)ဆိုင်၊ မုန့်မျိုးစုံဆိုင် (၂) ဆိုင်၊ အလှကုန်ဆိုင် (၄) ဆိုင်၊ ကွမ်းနှင့် ကွမ်းသီးဆိုင် (၂)ဆိုင်၊ စားသုံးဆီအရောင်းဆိုင် (၅) ဆိုင်၊ စာရေးကိရိယာဆိုင် (၃) ဆိုင် စသည်ဖြင့် စုစုပေါင်း ဆိုင် (၆၀) တို့အား ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**West DOCA Yangon**

## မိတ္ထီလာခရိုင် ရွှေနီသပြေ ဈေးကွက် အခြေအနေ ကောင်းမွန်

ရွှေနီသပြေကို (မိုး၊ ဆောင်း)ရာသီဥတုတွင် စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးပြီး (၈)လ၊ (၁၂)လ အရွယ်တွင် စတင်ဆွတ်ခူးရောင်းချနိုင်ပြီဖြစ်ပါသည်။ နှစ်ရှည်ပင် အမျိုးအစားဖြစ်ပြီး အပင်သက်တမ်းမှာ (၈)နှစ်နှင့် (၁၂)နှစ်အထိ သက်တမ်းရှိသည်။ တစ်နှစ်ကို (၃)ကြိမ်ခန့် ခူးဆွတ်ရောင်းချနိုင်ပြီး တစ်ခါခူးဆွတ်လျှင် (၁)လခန့် ခူးဆွတ်ရပြီး (၂)လကြာနား၍ ပြန်လည် ခူးဆွတ်ရပါသည်။ စတင်စိုက်ပျိုးချိန်တွင်သာ အရင်းအနှီးစိုက်ထည့်ရပြီး ကျန်ကာလများတွင် အပင်ကို ပြုစုထိန်းသိမ်းခြင်းသာ ပြုလုပ်ရပါသည်။ ဈေးကွက်အခြေအနေဖြင့် စိုက်ခင်းတွင်သာ အခင်းပြတ် လာရောက်ဝယ်ယူကြသဖြင့် တောင်သူများအနေဖြင့် ဈေးကွက်မှာ အထူး ရှာဖွေစရာမလိုကြောင်း ဒေသခံတောင်သူများထံမှ သိရှိရပါသည်။ စိုက်ပျိုးချိန်တွင် တစ်ဧက (၆၃၀၀၀၀)ခန့် ကုန်ကျပြီး တစ်နှစ်ပျမ်းမျှ ဝင်ငွေ(၈၀၀၀၀၀)ခန့်ရှိကြောင်း သိရပါသည်။ သာစည်မြို့နယ်အနေဖြင့် ကြက်မောက်၊ ချမ်းသာကြီး၊ နှောပင်နှင့် သာစည်လေး ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြောင်း သိရပါသည်။

**သက်ချိုဦး(မိတ္ထီလာ)**

## ပွဲတော်ပိတ်ရက်များနှင့် အတူ အေးစက်နေသောကားဈေးကွက်

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း နိုဝင်ဘာလကုန်ပိုင်းရက်များသည် တန်ဆောင်တိုင်ပွဲတော်နှင့် ဆက်စပ်နေသည့်အတွက် မြို့တွင်းရှိ ကားပွဲစားတန်းများနှင့် အရောင်းစင်တာများတွင်ပါ ဝယ်ယူသူ၊ မေးမြန်းသူနည်းပါးလျက်ရှိပြီး ကားဈေးကွက်တစ်ခုလုံး အေးစက်နေကြောင်း သိရသည်။

လတ်တလော ကားအဝယ်သမားများနှင့် နယ်ဝယ်လက်များမှာ တန်ဆောင်တိုင်ပွဲတော်ပိတ်ရက်များနှင့် ရုံးပိတ်ရက်များ များပြားနေသဖြင့် ဈေးကွက်ထဲတွင် အဝယ်သမားနည်းပါးနေပြီး ကားအရောင်းစင်တာများတွင် မေးမြန်းသူပင် မရှိသလောက်ဖြစ်နေကြောင်း၊ ရုံးပိတ်ရက်များမတိုင်ခင် ကားလေးများမှာ အရောင်းအဝယ် အသင့်အတင့်ရှိခဲ့သော်လည်း ယခုအချိန်တွင် နယ်အဝယ်သမားများလည်း မဆင်းသလို ဈေးကွက်အတွင်းရှိ ရောင်းကားများမှာလည်း ခရီးသွားလာနေကြသဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ကျဲပါးလျက်ရှိကြောင်း၊ လှိုင်မြို့နယ် ယာဉ်ရောင်းဝယ်ရေးစခန်းမှ ယာဉ်ဝယ်ရောင်းကိုမြင့်ကျော်မှ ပြောသည်။

ယခုကာလအတွင်း ယာဉ်အရောင်းအဝယ် ကျဲပါးလျက်ရှိပြီး ယခုနှစ် နိုဝင်ဘာလဆန်းပိုင်းတွင် သက်ဆိုင်ရာမှ ထုတ်ပြန်ခဲ့သည့် မော်တော်ယာဉ်မူဝါဒများအရ ညာမောင်းယာဉ်များတင်သွင်းရန် မဖြစ်နိုင်တော့ဘဲ ဘယ်မောင်းများသာ တင်သွင်းရန် မူဝါဒအတိုင်းသာ ဆက်လက်ဆောင်ရွက်မည်ဖြစ်သဖြင့် ကားတင်သွင်းသူအများစုမှာ ယခင်လောက် စိတ်ဝင်စားမှုမရှိတော့ဘဲ လက်ရှိသုံးစွဲနေသည့် အကွာရာအနိမ့် ဂျပန်နိုင်ငံထုတ် ညာမောင်းကားများသာ ဈေးကွက်အတွင်း အရောင်းအဝယ် လုပ်နေကြကြောင်း၊ ပြည်တွင်းတပ်ဆင်စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်နေသည့် ဂျပန်နှင့် တရုတ်နိုင်ငံထုတ်ကားအချို့မှာ နှစ်နှစ်အတွင်း ဈေးကွက်အတွင်း နေရာရရှိလာပြီး အရစ်ကျစနစ်ဖြင့် ကားအရောင်းပြခန်းများမှ ရောင်းချလျက်ရှိပြီး ဈေးတန်းအရလည်း သိန်း ၂၅၀ နှင့် သိန်း ၃၀၀ ကြားဖြစ်ကာ ဇီးရိုးကီလိုမှစ၍ မောင်းနှင်ရသဖြင့် အသစ်စက်စက်ကားများ သုံးစွဲသူအများစုမှာ ယင်းကားများသာ ပြောင်းလဲဝယ်ယူလာကြကြောင်း ၎င်းမှ ပြောသည်။

လက်ရှိဈေးကွက်အတွင်းတွင် ယခင်နှစ်များက သိန်း ၁၀၀ စွန်းစွန်းဖြင့် ဝယ်ယူရရှိနိုင်သည့် ကားများမှာ ယခုကာလတွင် သိန်း ၅၀- ၆၀ အမြင့်ဖြင့် ဈေးနှုန်းပိုမိုမြင့်တက်လာသော်လည်း လူကြိုက်များကားများဖြစ်သည့် ဟွန်ဒါဖစ်၊ ဘယ်တာ၊ အေဒီဗင်၊ ကိုရိုလာဆလွန်း စသည့် ယာဉ်များမှာ ယခင်ဈေးထက် သိန်း ၅၀ မှ ၁၀၀ အကွာဖြင့် ဝယ်ယူစီးနင်းလျက်ရှိကြောင်း၊ အငှားယာဉ်အုပ်စုတွင် လက်တလော စက်သုံးဆီဈေး မြင့်တက်မှုကြောင့် စီအန်ဂျီခာတ်ငွေ့သုံး တက္ကစီယာဉ်များမှာ ဈေးတန်းတွင် ထိပ်ဆုံးမှရှိနေပြီး စီအန်ဂျီ ၇၀ အိုးအပါ ပရိုဘောက် (၂၀၁၁) တစ်စီးလျှင် သိန်း ၂၆၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**SN**

### ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၂၂၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဆပ်ဖ် (၂၀၁၀) | ယာယီ | ၂၆၀ သိန်း | ၁.၆ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | အက်ဇီယို (၂၀၁၂) | Q | ၃၀၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | အာလ်ဖတ် (၂၀၀၃) | J | ၃၇၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | စီအာဗီ (၂၀၀၃) | I | ၂၄၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဆွဖ် (၂၀၁၃) | စတိ | ၂၁၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | နီဆန်း/ဝင်းရဒ် (၂၀၀၉) | G | ၁၇၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | စူဇူကီး/ကယ်ရီထရပ် | M | ၉၀ သိန်း | ၀.၆၆၀ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား(နှစ် ၂၀) | | ၁၁၅ သိန်း | |

# ရှမ်းပြည်နယ် လယ်ယာစီးပွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကာလတို စီမံကိန်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းဆောင်ရွက်သည့် ရှမ်းပြည်နယ်အတွင်းရှိ လယ်ယာစိုက်ပျိုးရေးကဏ္ဍများနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကာလတို စီမံကိန်းရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် အသင်းရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားပထမနေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်တို့က အမှာစကားပြောကြားခြင်း၊ CESD ဥက္ကဋ္ဌနှင့် ARDC အမှုဆောင်အရာရှိချုပ် ဦးတင်ထွဋ်ဦးနှင့် CESD အမှုဆောင်ဒါရိုက်တာ ဒေါက်တာဇော်ဦးက စီမံကိန်းရေးဆွဲရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ထို့နောက် သီးနှံအစုအဖွဲ့များဖြစ်သော ကော်ဖီ၊ ပဲ၊ ပြောင်း၊ နှမ်း၊ အာလူး၊ လက်ဖက်၊ ထောပတ်၊ သရက်၊ ပန်းမန်၊ မီးဖိုချောင်သုံးသီးနှံများ၊ ချင်း၊ နနွင်း၊ တိရစ္ဆာန်မွေးမြူရေးတို့မှ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခြင်း၊ ပြောင်းနှင့် အခြား တိရစ္ဆာန်အစားအစာများ၊ စက်မှုလယ်ယာ၊ သိုလှောင်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်လုပ်ငန်းများ၊ လယ်ယာကဏ္ဍအထောက်အကူပြု ICT လုပ်ငန်းများ၊ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းများ၊ လယ်ယာကဏ္ဍအတွက် လိုအပ်သော ဘဏ္ဍာရေး၊ ငွေကြေးအရင်းအမြစ် လုပ်ငန်းများကိုလည်း ကဏ္ဍအလိုက် အသီးသီး ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေး ဒုတိယနေ့တွင် စားပွဲဝိုင်းအလိုက် စိုက်ကွင်းသီးနှံများ (စပါး၊ ပြောင်း စသည်)၊ ဥယျာဉ်ခြံသီးနှံနှင့် စားဖိုဆောင်သီးနှံများ သွင်းအားစု၊ ငွေကြေး၊AFC,FoodParkစက်မှုလယ်ယာ၊ သိုလှောင်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်လုပ်ငန်းများ ဈေးကွက်နှင့် ICT၊ မွေးမြူရေးနှင့် မွေးမြူရေးအစာ၊ မွေးမြူရေးလုပ်ငန်း၏ လက်ရှိလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲအတားအဆီးများ၊ အားနည်းချက်၊ အားသာချက်များ၊ ဆက်လက် အကောင်အထည်ဖော်မည့် ရှေ့လုပ်ငန်းစဉ်အတွက် လိုအပ်ချက်များ စသည်တို့ကို စားပွဲဝိုင်းအလိုက် သုံးသပ်ဆွေးနွေးခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဌာနဆိုင်ရာများ၊ CESD ဥက္ကဋ္ဌနှင့် ARDC အမှုဆောင်အရာရှိချုပ် ဦးတင်ထွဋ်ဦးနှင့် အဖွဲ့ဝင်များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ အစုအဖွဲ့များ၊ တောင်သူများ တက်ရောက်ခဲ့ကြပါသည်။

ရှမ်းပြည်နယ်၏ လယ်ယာကဏ္ဍ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုကို အစိုးရနှင့်ပုဂ္ဂလိက ဟန်ချက်ညီ ပူးပေါင်း ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန် အဓိကရည်ရွယ်ပြီး ၎င်းစီမံချက်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အပြီးသတ်ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြီးစီးသွားပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ပေးအပ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စီမံကိန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ခွန်စောကျော်(တောင်ကြီး)**

# SOFI AWARD GOLD WINNER ဆုကို အိန္ဒိယနိုင်ငံမှ ရရှိ

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်မှ ၂၄ ရက်အထိ (၃) ရက်ကြာကျင်းပခဲ့သော SIAL Food Expo ၏ Innovation (Global Cuisine) ကဏ္ဍတွင် အိန္ဒိယနိုင်ငံမှ Ready made စမူဆာသည် ၂၀၁၈ ခုနှစ်၏ SOFI AWARD GOLD WINNER ဆုကို ရရှိခဲ့သည် ။

SOFI (Speciality Outstanding Food Innovation) AWARD ကို Speciality Food Association (SFA) မှ ၁၉၇၂ ခုနှစ်မှ စတင်ပေးအပ်ချီးမြှင့်ခဲ့ပြီး (၄၆) နှစ်ကြာခဲ့ပြီ ဖြစ်သည် ။ SFA ကို အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၌ ၁၉၅၂ ခုနှစ်တွင် (non-Profit trade association) အဖြစ် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ အမေရိကနှင့်ပြည်ပတွင် အဖွဲ့အစည်း ၃၆၀၀ အထိ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်အတွက် SOFI AWARD ကို ကုမ္ပဏီနှင့် အဖွဲ့အစည်း ၂၆၅၀ ကျော်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး 2018 SOFI AWARDS HONOR အဖြစ် ကုမ္ပဏီ/ လုပ်ငန်း (၁၅၆) ခုကို ရွေးချယ်ခဲ့သည်။ SOFI AWARD ကို Gold၊ Silver၊ Bronze and Best New Product အဖြစ် အမျိုးအစားများ ခွဲခြားရွေးချယ် ပေးအပ်သည်။

မြန်မာနိုင်ငံမှ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအနေဖြင့်လည်း အရည်အသွေးရှိ မြန်မာ့ရိုးရာ စားသောက်ကုန်များကို SOFI ပွဲကဲ့သို့ ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်းနှင့် အိန္ဒိယစမူဆာကို နမူနာယူ၍ မိမိတို့အတွက် အခွင့်အရေးများစွာ ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည် ။

**TLO (Myan Trade)**

# တောင်ကြီးခရိုင် ထောပတ်သီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

တောင်ကြီးခရိုင် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲကို စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၁၈ ရက်က ကျင်းပပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

ဆွေးနွေးပွဲပြုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ထောပတ်သီးကို Myanmar Brand ဖြင့် ပြည်တွင်းပြည်ပဈေးကွက်မှာ ထိုးဖောက်ချိတ်ဆက်နိုင်ရေးအတွက် ထောပတ်သီးစိုက်ပျိုးသည်မှ ထုတ်လုပ်တင်ပို့ရောင်းချသည့် Supply Chain တစ်လျှောက်လုံး စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်စေရန်၊ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသည့် အဆင့်တိုင်းမှ အသင်းအတွက် အကျိုးပြုမည့်နည်းပညာများကို ဖြန့်ဝေပေးရန် ထောပတ်သီးစားသုံးမှု ယဉ်ကျေးမှုထွန်းကားလာစေရန်တို့အတွက် ကျင်းပခြင်းဖြစ်တယ်လို့ဆိုပါတယ်။ ဆွေးနွေးပွဲတွင် ထောပတ်အသင်းဝင် ဦးကျော်စိုးမင်းက အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ ထောပတ်သီးမျိုးကိုင်းဆက်စိုက်ပျိုးထားရှိမှုနှင့် High Density စိုက်ပျိုးမှုများကို ချပြရှင်းလင်းခြင်း၊ ထောပတ်သီးစိုက်ပျိုးမှုတွင်မှိုရောဂါ အရေးကြီးပုံနှင့် ထောပတ်သီးကို မရင့်မှည့်ဘဲ ဈေးကွက်သို့ တင်ပို့ရောင်းချမှုများသည် ဈေးကွက်ကို ပျက်စေနိုင်၍ အထူး ရှောင်ကြဉ်ရမည့်အကြောင်းများကိုလည်းကောင်း၊ ထောပတ်သီး စားသုံးမှုယဉ်ကျေးမှုထွန်းကားလာရေးအတွက် လာမယ့် ဒီဇင်ဘာလ နောက်ဆုံးပတ်(သို့) ၂၀၁၉ ဇန်နဝါရီ ပထမပတ်တွင် ထောပတ်ပွဲတော်ကျင်းပနိုင်ရေး ဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ ထောပတ်အသင်းဝင် ဦးလင်းသန့်အောင်က ထောပတ်အစုအဖွဲ့ကို လွန်ခဲ့သော နှစ်နှစ်ခန့်မှ စတင်ဖွဲ့စည်း၍ MFVP ၏လက်အောက်တွင် ညီနောင် အသင်းတစ်သင်းအနေဖြင့် စတင်လှုပ်ရှားခဲ့ရာ ယခုအချိန်တွင် ထောပတ်ပင်များ တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခဲ့မှုအရ ဈေးကွက်အလားအလာရှိပါကြောင်း၊ ထောပတ်မျိုးကိုလည်း အကောင်းဆုံး တစ်မျိုးတည်းဖြစ်အောင် ဆောင်ရွက်ပြီး စုပေါင်းရောင်းချမှုစနစ်ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ထောပတ်သီးစိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူ၊ ရောင်းချသူများအားလုံး အချိုးကျ အမြတ်ရရှိရန်လိုအပ်ပုံနှင့် Board of Avocado ဖြစ်အောင်သွားဖို့အစီအစဉ်များနဲ့ ထောပတ်ဇုန်ဖြစ်မြောက်ရေး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပြီး၊ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

အဆိုပါ ဆွေးနွေးပွဲသို့ တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေ ကျောက်တန်း၊ ဘော်ဆိုင်း၊ ဖယ်ခုံ၊ ဇလဲ၊ ဟမ်းဆီး၊ ကျောက်နီ၊ ပုံဆွေပင်၊ ဖာမွန်း စသည့်ဒေသများက ထောပတ်စိုက်တောင်သူ ၅၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း


### ၂၆-၁၁-၂၀၁၈ မှ ၂-၁၂-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အလုပ်အကိုင် အကြံအစည်များ အောင်မြင်တိုးတက်၍ဂုဏ်သတင်းကျော်စောမည်။ လုပ်ငန်းခွဲ့ထွင် လုပ်ကိုင်ရတတ်သည်။ လူကြီးသူမများ၏ မစမှုခံရမည်။ ဝန်ထမ်းများရာထူးတိုးမည်။ ကြီးလေးသောတာဝန်များထမ်း ဆောင်ရာတွင် ရန်အနှောင့်အယှက်ကြုံရတတ်သည်။ အချစ်ရေး၊ ပညာရေး အဆင်ပြေမည်။ အမျိုးသမီးများအတွက် ငွေကုန်ကြေးကျများနေမည်။ ကျန်းမာရေးကောင်းသော်လည်း ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရတတ်သည်။ **ယတြာ။ ။ဘုရားပွဲလှူပါ။**



**တနင်္လာသားသမီးများအတွက်** မေ့လျော့ပေါ့ဆမှုများနေတတ်သည်။ ကျောင်းသူကျောင်းသားများ ပညာရေးတွင် ကြိုးစားအားထုတ်မှုလျော့နည်းနေတတ်သည်။ ဇိမ်ခံပစ္စည်း အသုံးအဆောင်များ ဝင်တတ်သည်။ လုပ်ငန်းများအဆင်ပြေ၍ငွေကြေး အကျိုးအမြတ်ဖြစ်ထွန်းမည်။ အကြံအစည်များ ပျက်တတ်သည်။ စကားအခြေအတင်ပြောရတတ်သည်။ လက်အောက်ငယ်သား အလုပ်သမားများကြောင့် ဆုံးရှုံးနစ်နာမှုများ ဖြစ်ရတတ်ပါသည်။ **ယတြာ။ ။ ဘုရားတွင် အောင်သပြေလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ကံကြမ္မာမြင့်မား၍ စိတ်ကူးဉာဏ်များ ကောင်းမွန်နေမည်။ အကြံကောင်းများရတတ်သည်။ ကျန်းမာရေးဂရုစိုက်ပါ။ နာမကျန်းဖြစ်တတ်သည်။ မတော်တဆထိခိုက် အနာရတတ်သည်။ ဆေးစား၊ ဆေးသောက်မှားတတ်သည်။ လုပ်ငန်းများနှောင့်နှေးနေတတ်သည်။ ကူညီမစမည့်သူများ တွေ့ရတတ်ပါ သည်။ လူမျိုးခြားများနှင့် ဆက်သွယ်လုပ်ကိုင်ရတတ်သည်။ မိတ်ဆွေအပေါင်းအသင်းတို့နှင့် အထင်မှား အမြင်မှားဖြစ်တတ်သည်။ **ယတြာ။ ။ခရေညွန့်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းများ အောင်မြင်တိုးတက်မည်။ စာပေထုတ်ဝေရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းတို့မှ အကျိုးအမြတ်ရတတ်ပါသည်။ အိမ်နီးနားချင်းနှင့် ကောင်းမွန်သော ဆက်ဆံရေးဖြစ်ထွန်းမည်။ ၎င်းတို့ထံမှ အကူအညီရတတ်သည်။ လက်အောက်ငယ်သား၊ အလုပ်သမားတို့ကြောင့် ငွေကြေးဆုံးရှုံးမှုများတတ်သည်။ ညီအစ်ကိုမောင်နှမများနှင့် ဆက်ဆံရေးပြေလည်နေမည်။ ဖခင်၏ ကျန်းမာရေးအညံ့ရှိနေတတ်သည်။

**ယတြာ။ ။နေဝင်၊ နေထွက် ဘုရားသောက်တော်ရည် ကပ်လှူပူဇော်ပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းများတိုးတက်ကောင်းမွန်မည်။ ဝင်ငွေတိုးတက်သော်လည်း ငွေကြေးမစုဆောင်းမိတတ်ပါ။ ငွေကြေးအသုံးအဆောင်ပစ္စည်းများ အခိုးခံရတတ်သည်။ ပညာရေးတိုးတက်မှုအားနည်းလိမ့်မည်။ အပျော်အပါးများနေတတ်သည်။ အစုစပ်လုပ်ငန်းများ မလုပ်သင့်သေးပါ။ ခရီးသွားခြင်းဖြင့် မတော်မဆထိခိုက်ဒဏ်ရာရတတ်သည်။ ဆေးရုံဆေးခန်းများရောက်ရတတ်သည်။ အိမ်ထောင်ဖက်နှင့် ဆက်ဆံရေးအဆင်မပြေဖြစ်တတ်သည်။

**ယတြာ။ ။ဘုရားတွင်ပေါက်ပေါက်ဆွမ်းကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** လျှို့ဝှက်သောနည်းဖြင့် လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းမှ ဝင်ငွေအားကောင်းနေတတ်သည်။ အစစအရာရာ အောင်မြင်တိုးတက်မှုရတတ်သည်။ ကျန်းမာရေးဂရုပြုပါ။ ဖျားနာတတ်သည်။ သားချင်းများနှင့် စိတ်ဝမ်းကွဲတတ်သည်။ အိမ်ထောင်ဖက်နှင့်ဆက်ဆံရေး အဖုအထစ်ဖြစ်တတ်သည်။ နေရာထိုင်ခင်းအပြောင်းအလွဲဖြစ်မည်။ပညာရေးတိုးတက်မှု နှေးကွေးနေတတ်သည်။

**ယတြာ။ ။ သစ္စာပန်းလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းများရဲရဲဝံ့ဝံ့ ဆောင်ရွက်ပြီး အောင်မြင်မှုရမည့်အချိန်ဖြစ်သည်။ တွေဝေနေရမည့်အချိန် အခါမဟုတ်ပါ။ ကြိုးစားအားထုတ်မှုမှ အကျိုးရလဒ်ကောင်းများ ခံစားရတတ်ပါသည်။ ပရဟိတလုပ်ငန်းများ လုပ်ဆောင်ရတတ်သည်။ နာမည်ကောင်းရ၍ အဆင်ပြေမည်။ စက်ရုံအလုပ်ရုံ အကျိုးပေးမှုကောင်းနေတတ်ပါသည်။ အိမ်မြေယာဉ်များ ပိုင်ဆိုင်မှုရှိလိမ့်မည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး စသည်တို့သင့်တင့်သော အနေအထားတွင် ရှိနေတတ်ပါသည်။ **ယတြာ။ ။ နာနတ်သီးလှူပေးပါ။**

## စာမျက်နှာ (၂၀) လူသားတို့၏ အစားအစာများ ပိုးသတ်ဆေး ဓာတ်ကြွင်းအဆိပ်သင့်မှုမှ . . . . မှအဆက်

နောက်ဆုံး အရေးကြီးဆုံးအချက်မှာ သီးနှံများ ရိတ်သိမ်းဆွတ်ခူးချိန် အလွန်နီးကပ်မှ ဆေးဖျန်းခြင်း၊ ဆေးဖျန်းပြီးပါက ဖျန်းပြီးသော ဓာတုပိုးသတ်ဆေး၏ ဆေးအာနိသင်ပျက်ပြယ်သော ကာလမစောင့်ဆိုင်းဘဲ သီးနှံများ ရိတ်သိမ်းဆွတ်ခူးခြင်းများကို မပြုလုပ်မိစေရန် အထူး အလေးအနက်ထား ရှောင်ကြဉ်ရန်လိုပါသည်။ဤလုပ်ငန်းစဉ်သည် အလွန်အရေးကြီးပါသည်။ ဤသို့မဆောင်ရွက်ကြသဖြင့် သစ်သီး ဝလံ၊ ဟင်းသီးဟင်းရွက်များတွင် ဓာတုပိုးသတ်ဆေးများ၏ ဓာတ်ကြွင်းများ ကျန်ရှိနေပြီး စားသုံးသူများ မူးဝေအော့အန်၊ ဆေးရုံရောက် အသက်ပါဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်များ မရေမတွက်နိုင်အောင် ခံစားကြရခြင်း ဖြစ်သည်။

အသုံးပြုသော ဓာတုပိုးသတ်ဆေးများ၏ အာနိသင်ပျက်ပြယ်ကာလမှာ ပင်လုံးပြန့်ဆေးများအတွက် (၁၄-၃၀) ရက်စောင့်ဆိုင်းရန်၊ စားသေဆေးများမှာ (၁၄-၃၀) ရက်စောင့်ဆိုင်းရန်၊ ထိသေဆေးများမှာ (၇-၂၁) ရက်စောင့်ဆိုင်းရန်၊ အစာအိမ်အဆိပ်သင့် ဆေးများမှာ (၂၅-၃၀) ရက်ထိ စောင့်ဆိုင်းပြီးမှ ရိတ်သိမ်းဆွတ်ခူးရန် ဖြစ်ပါသည်။ သို့လျောင်လျှင်လည်း တားမြစ်အဆိပ်ပြင်းဆေးများ အသုံးမပြုမိရန် သတိပြုရမည်။

ရိက္ခာသီးနှံများ ထုတ်လုပ်သူများသည် ပိုးသတ်ဆေး၏ အင်းဆက်ပိုးမွှားများအပေါ် တုံ့ပြန်မှုသဘောတရားများ၊ ဓာတု ပိုးသတ်ဆေးများ၏ အာနိသင်များကို သေချာစွာ နားလည်သဘော ပေါက်အောင် လေ့လာပြီးမှသာ အသုံးပြုသင့်သည်။ ရိက္ခာသီးနှံများတွင် ပဲမျိုးစုံ၊ နှံစားသီးနှံ၊ ဆီထွက်သီးနှံများအတွက်မူ အထက်တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ နေ့စဉ်စားသုံးနေကြသည့် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ စားဖိုဆောင်သီးနှံ ငရုတ်၊ ကြက်သွန်နီ/ဖြူ ခရမ်းချဉ်အာလူးနှင့် အမြစ်စား၊ ဥစား၊ အပွင့်စား၊ အရွက်စား စသည့် အပင်အစိတ်အပိုင်းများအလိုက် ဓာတုပိုးသတ်ဆေးကို ရွေးချယ်အသုံးပြုသင့်ပါသည်။ အထူးသဖြင့် သစ်သီးဝလံများ၊ ဟင်းသီးဟင်း ရွက်များ၊ စားဖိုဆောင်သီးနှံများကို ပင်လုံးပြန့်သွားသဖြင့် ပင်လုံးပြန့် ဆေးကို ချိန်ဆသုံးရန် လိုအပ်ပါသည်။ ထို့အတူ ဓာတုဓာတ်ကြွင်း တာရှည်ခံသော ဓာတုပိုးသတ်ဆေးများကို လုံးဝအသုံးမပြုရန် လိုက်နာသင့်ပါသည်။ စားသေဓာတုပိုးသတ်များသည် ပက်ဖျန်းလိုက်သောအခါ အပင်၏ အရွက်၊ အပွင့်၊ သီးကင်းတို့တွင် ကပ်နေပြီး အင်းဆက် ပိုးမွှားများက အပင်အစိတ်အပိုင်းကို စားမိသောအခါ သေကြေကြခြင်း ဖြစ်ပါသည်။ ဤဆေးများကို ဆေး၏ အာနိသင်ပျက်ပြယ်ကာလထိ စောင့်ဆိုင်းပြီးမှ ရိတ်သိမ်းဆွတ်ခူးသင့်ပါသည်။

ထိသေဓာတုပိုးသတ်ဆေးများသည် အင်းဆက်ပိုးမွှားများအား တိုက်ရိုက်ထိပြီးသေစေသော အာနိသင်ရှိပါသည်။ "ထိ၊ ပြုတ်ကျ အာနိသင်" (Konock Down Effect) ရှိသည်။ ပက်ဖျန်းလိုက်သောအခါ အင်းဆက်ပိုးမွှားကို တိုက်ရိုက်ထိအောင် ဖျန်းရန်လိုပါသည်။ အင်းဆက်ပိုးမွှားများ ထိသေစေသလို အပင်အစိတ်အပိုင်းများပေါ်တွင်လည်း ထိုက်သင့်သလောက် ကပ်ကျန်နေပါသည်။ အပွင့်၊ အရွက်၊ ကျစ်လျစ်သော (ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်ညင်းထုပ်)များကို ပက်ဖျန်းမိပါက ဓာတုဆေးများ၏ ဓာတ်ကြွင်းများသည် ကျစ်လျစ် သိပ်သည်းသော အပွင့်ကြား၊ အရွက်ကြားတွင် နေရောင်မထိ၊ လေမထိဘဲ စုစည်းခိုအောင်း နေနိုင်သဖြင့် စိုက်ခင်းပိုင်ရှင်များက ဆေး၏ အာနိသင်ပျက်ပြယ်သော ကာလကျော်လွန်မှ ဆွတ်ခူးရန် အထူးသတိပြုမည့် အချက်ဖြစ်သည်။

သစ်သီးဝလံ ရိက္ခာသီးနှံ ဟင်းသီးဟင်းရွက် စားဖိုဆောင် သီးနှံများကို ထပ်ဆင့်ဝယ်ယူ၍ လက်လီရောင်းချသူများသည် စားသုံးသူများနှင့် အနီးကပ်ဆုံး နိစ္စဓူဝဆက်ဆံနေကြရသူများဖြစ်သည်။ ထပ်ဆင့်ဝယ်ယူရောင်းချသူများသည် မိမိ၏ သီးနှံ အသီး၊ အရွက် (ဗူးညွန့်၊ ဖရုံညွန့်၊ ကဇွန်း၊ ချဉ်ပေါင်၊ မုန်ညင်း၊ ကိုက်လံ၊ ကြက်သွန်မြိတ်၊ နံနံအမျိုးမျိုး၊ ပူစီနံ) များ ကြီးထွားစိမ်းစိုလန်းဆန်းနေပြီး ဝယ်ယူသူ စွဲမက်စေရန် နံနက်စောစော ဈေးခုံပေါ်တင်ခါနီးမှ အားဆေးများ ရေဖျော်၍ လက်ဖြင့်ရေတောက်ခြင်း၊ ယူရီးယား မြေဩဇာကို ရေဖျော်၍ ဖျန်းခြင်း၊ အပင်ဟော်မုန်းဆေးများ ရေဖျော်၍လက်ဖြင့်တောက်ခြင်းများ ပြုလုပ်၍ တစာစာအော်၍ ရောင်းချကြသည်။ အလွန်အန္တရာယ်ကြီးမားသော ဖြစ်စဉ်ဖြစ်သည်။ အိမ်ရှင်မများသည် အဆိပ်များဖြင့် ပြည့်ဝနေသော စိမ်းစိုလန်းဆန်းကြီးထွားဖွံ့ဖြိုးသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ စားဖိုဆောင်သီးနှံများကို ရင်ဝယ်ပိုက်၍ နေ့စဉ်ဈေးဝယ်ပြန်နေကြရသည်။ ဓာတုအဆိပ်ပါသော ရိက္ခာများကို နေ့စဉ်မြိန်ယှက်စွာ စားသုံး



ရင်းကျေနပ်နေကြရသည်။ အဆိပ်များကို မြိုချနေကြရသည်ကို မသိရှိကြပါ။ အလွန်ဝမ်းနည်းစရာ ကောင်းလှပါသည်။ သို့အတွက် လူသားတို့၏ အစားအစာများ ဓာတု ပိုးသတ်ဆေး၊ ဓာတ်ကြွင်းများကင်းဝေးကြစေရန် လက်ကား ရောင်းဝယ်သူများ အပိုင်းမှလည်း မိမိတစ်ကိုယ်အဖို့သာ မကြည့်ဘဲ သတိတရားဖြင့် အဓိကထား ရှောင်ကြဉ်ကြရန် လိုအပ်ပါသည်။

တစ်ဖန်ရိက္ခာအတွက် စားသုံးသူအိမ်ရှင်မများသည် ဈေးမှ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ စားဖိုချောင်သီးနှံများ၊ ဥစား၊ အမြစ်စားများကို နေ့စဉ်ဝယ်ယူနေကြရဦးမည်မှာ မလွဲမသွေပင်ဖြစ်ပါသည်။ ရှောင်လွှဲ၍မရနိုင်ပါ။ ဝယ်ယူလာသော ရိက္ခာသီးနှံများ ဓာတုပိုးသတ်ဆေးဓာတ်ကြွင်းများ လျော့ပါးကင်းဝေးစေရန် နည်းလမ်း များမျှဝေပါမည်။ အရွက်စာ (ဗူးညွန့်၊ ဖရုံညွန့်၊ ကန်စွန်း၊ ချဉ်ပေါင်၊ ကိုက်လံ၊ ကြက်သွန်မြိတ်၊ နံနံပင်အမျိုးမျိုး) စသည်တို့ကို အိမ်ရောက်လျှင် ရေသန့်သန့်ဖြင့် ဝအောင် ဆေးပါ။ နောက်ရေသန့်သန့်တွင် ဆားအနည်းငယ်ထည့်၍ (၁-၂) နာရီခန့် စိမ်ထားပါ။ ပြန်ဆယ်ယူ၍ ရေသန့်သန့်ဖြင့် ဝအောင်ဆေးပြီးမှ ချက်ပြုတ်စားပါလို့ အကြံပြုပါသည်။

ပန်းမုန်လာ၊ မုန်လာထုပ်၊ ဂေါ်ဖီထုပ်၊ မုန်ညင်းထုပ်ကဲ့သို့ အပွင့်အရွက်ကျစ်လျစ်သော ဟင်းသီးဟင်းရွက်များကို အပွင့်၊ အဖတ်၊ အရွက်များကို ခွာ၍ ရေသန့်သန့်ဖြင့် ဝအောင်ဆေးပါ။ ဆားအနည်း ငယ်ထည့်ထားသော ဆားရည်တွင် (၁-၂) နာရီခန့်စိမ်ထားပါ။ ပြန်ဆယ်ယူပြီး ရေသန့်သန့်ဖြင့် ဝအောင်ဆေးပြီးမှ ချက်ပြုတ်စားသုံးပါ။ အသီး၊ အဥ၊ အမြစ်စားသီးနှံများ (အာလူး၊ ကြက်သွန်၊ မုန်လာဥ၊ ဂျုံးမြစ်၊ ကန်စွန်းဥ၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ပန်းသီး၊ သစ်တော်သီး) စသည်တို့ကို ကနဦးရေသန့်သန့်ဖြင့် ပွတ်တိုက်ဆေးပါ။ ဆပ်ပြာရည် အနည်းငယ်ထည့်၍ ဖျော်ပြီး ဆပ်ပြာရည်နှင့် ပွတ်တိုက်ဆေးကြောပါ။ ပြီးလျှင် ရေသန့်သန့်ဖြင့် သေချာပွတ်ဆေးပြီးမှ စားသုံးပါလို့ အကြံပြုပါသည်။ သို့ပါ၍ လူသားအားလုံး ဓာတုပိုးသတ်ဆေးဓာတ်ကြွင်း အဆိပ်သင့်မှုမှ လွတ်မြောက်ကြစေရန် မေတ္တာဖြင့် တင်ပြလိုက်ရပါသည်။

## စာမျက်နှာ (၁၈) မြန်မာ-ထိုင်း ကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရန်. . . မှအဆက်

ကုန်သွယ်မှုပမာဏ တိုးတက်လာခဲ့တာကို တွေ့ရှိရပါတယ်။ ၂၀၁၈ ခုနှစ် Mini Budget ဖြစ်သော (ဧပြီလမှ စက်တင်ဘာလအထိ)တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅၇၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၃၇၉ ဒသမ ၁၄၄ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၂၀ ဒသမ ၇၁၄ သန်း ဆောင်ရွက်နိုင်ခဲ့သည့်အတွက် လျာထားချက်အပေါ်တွင် ၁၀၂ ဒသမ ၆၁ ရာခိုင်နှုန်းဖြင့် လျာထားချက်အပေါ် ပြည့်မီရုံမျှမက ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် Mini Budget အတွင်းတွင် အမယ်သစ် ပို့ကုန်အနေဖြင့် ကင်ပွန်းသီးခြောက်၊ ကျွဲအရှင်နှင့် ဆီမီးတောက်ပန်းတို့ကိုလည်း တိုးချဲ့တင်ပို့ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လက်ရှိကာလဖြစ်သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အသစ်၏ ပထမဆုံးလဖြစ်သည့် အောက်တိုဘာလ၏ ကုန်သွယ်မှုအနေဖြင့် ပို့ကုန်အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၈၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၁၄၆ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၁၃၂ သန်း ဆောင်ရွက်နိုင်ခဲ့သည့်အတွက် လျာထားချက်အပေါ်တွင် ၉၃ ဒသမ ၂၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကာ ယခင်နှစ်ကာလတူထက် ကုန်သွယ်မှု ပမာဏတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၅၂ သန်း ခန့်ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း အဓိကတင်ပို့နိုင်ခဲ့တဲ့ ပစ္စည်းများကတော့ ချုပ်ပြီးအထည်၊ မြေပဲဆန်၊ ငါးမျိုးစုံ၊ ပဲတီစိမ်း၊ ဝဥခြောက်(အမှုန့်)၊ ကဏန်း၊ ငရုတ်သီးခြောက်၊ ငါးပိ၊ သီဟိုဠ်စေ့၊ ပုစွန်၊ သတ္တုနှင့် သတ္တုရိုင်းများ၊ သားရေစိမ်းနှင့် သားရေချော၊ နှမ်း(ညို)၊ မတ်ပဲ ၊ မန်ကျည်းသီး (အစေ့ပါ) တို့ဖြစ်ပါ တယ်။ ဒါ့အပြင် အမယ်သစ်ပို့ကုန်အနေဖြင့် မက္ကဒေးမီးယား (Macadamia) အား သုံးတန်တင်ပို့နိုင်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ပစ္စည်းသည် လိုင်စင်လျှောက်ထားရန်မလိုသည့် ပို့ကုန်အမယ်သစ် တစ်မယ်လည်းဖြစ်ပြီး ထိုင်းနိုင်ငံဘက်မှကုန်စည်လိုအပ်ချက်အရ ဆက်လက်တင်ပို့နိုင်လျက်ရှိပါတယ်။

အဓိကတင်သွင်းခဲ့သော ပစ္စည်းများကတော့ မော်တော်ဆိုင်ကယ်နှင့် အပိုပစ္စည်း၊ အဖျော်ယမကာမျိုးစုံ၊ တွင်းထွက်သတ္တုမှအပ(ဆောက်လုပ်ရေးပစ္စည်းများ)များ ၊ မော်တော်ယာဉ်နှင့် အပိုပစ္စည်း များ၊ အလှကုန်ပစ္စည်းမျိုးစုံ၊ ရေနံထွက်ပစ္စည်းများ၊ ဓာတ်မြေသြဇာများ၊ ချည်ထည်များ၊ ချုပ်ပြီးအဝတ် အထည်များ၊ စက်နှင့် စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဝါယာကြိုးများ၊ ဆပ်ပြာ၊ အခြားစက္ကူများ၊ ရုပ်မြင်သံကြားစက်များဖြစ်ပါတယ်။ ၂၀၁၈ အောက်တို ဘာလအတွင်းမှာ မြန်မာတို့ရဲ့အထွတ်အမြတ်ထားရာ သီတင်းကျွတ်ပွဲတော်ရှိသည့်အတွက် ကုန်သွယ်မှုပြုသည့် ယာဉ်အစီးရေ အနည်းငယ်လျော့နည်းခြင်း၊ ဂျိုင်း (ပွန်တွန်းတံတား)၏ ခံနိုင်ဝန်ကြောင့် တန်ချိန်ကန့်သတ်သည့် ကိစ္စများရှိခဲ့ခြင်းကလည်း ကုန်သွယ်မှုတွင် လျာထားချက်ထက် အနည်းငယ်လျော့ကျခဲ့သော်လည်း ကာလတူထက်မူ ကုန်သွယ်မှုပမာဏ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၅၂ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်၌ အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်များအား MACCS စနစ်ဖြင့် ဆောင်ရွက်ခြင်းကို ၂၀၁၈ ခုနှစ် ဇွန်လမှ စတင်ဆောင်ရွက်ခဲ့ပြီး ကုန်သွယ်ရေးဦးစီးဌာန၏ BTOS နှင့် IELPS စနစ်မှ လိုင်စင် Data များအား အကောက်ခွန်ဦးစီးဌာန၏ MACCS စနစ်သို့ EDI Format ဖြင့် Online Data ပေးပို့ခြင်းကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ထို့နောက် ကုန်သွယ်ရေးဦးစီးဌာနမှ Individual Trading Card (ITC) ဖြင့် ထုတ်ပေးသည့်လိုင်စင် Data များကိုပါ EDI Format ဖြင့် MACCS စနစ်သို့ ပေးပို့ခြင်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှစတင်ဆောင်ရွက်နိုင်လျက်ရှိကြောင်းနှင့် ကုန်သည်လုပ်ငန်းရှင်များမှ နိုင်ငံတော်သို့ ပေးသွင်းရမည့် ငွေကြေးများကိုလည်း ကုန်သွယ်ရေးဦးစီးဌာနထံမှတစ်ဆင့် ငွေသားကိုင်ဆောင်ရန်မလိုဘဲ MPU စနစ်ဖြင့် POS Device များမှတစ်ဆင့် Online ဖြင့် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်လျက်ရှိပါတယ်။


ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးအခမ်းအနားများကိုလည်း ကုန်သွယ်ရေးဦးစီးဌာန မှကြီးမှူး၍ One Stop Services (OSS) အဖွဲ့ဝင်ဌာနများ၊ ဆက်စပ်မိတ်ဖက်ဌာနများ၊ မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြဝတီနယ်စပ်ကုန်သည်ကြီးများအသင်း၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်/ကိုယ်စားလှယ်များဖြင့် လစဉ်ကျင်းပပြုလုပ်ကာ ကုန်သွယ်မှုတိုးမြှင့်စေရေး၊ ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာညှိနှိုင်းဆွေးနွေး၍ ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်သွယ်မှုလုပ်ငန်းစဉ်များ ကုန်စည်စီးဆင်းမှုများတွင် ကြန့်ကြာမှုများ၊ အဟန့်အတားများ၊ Overlap Procedure များကို ဖော်ထုတ်နိုင်ရေးအတွက် Time Release Study အား ဒုတိယအကြိမ်စစ်တမ်းကောက်ယူရေးဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းပြောကြားသည့် အခမ်းအနားအား အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ JICA တို့၏ အကူအညီဖြင့် အကောက်ခွန်ဦးစီးဌာနမှဦးစီး၍ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၈ ရက်တွင် မြဝတီကုန်သွယ်ရေးဇုန်၌ကျင်းပခဲ့ပြီး ကုန်သွယ်ရေးဦးစီးဌာန အပါအဝင် OSS အဖွဲ့ဝင်ဌာနများနှင့် ကုန်သည်လုပ်ငန်းရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်းလည်း သိရှိရပါတယ်။

ထို့အပြင် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား ကုန်းလမ်းကုန်စည်သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းရပ်များ ပူးပေါင်းဆောင်ရွက် ရေးအတွက် ညှိနှိုင်းအစည်းအဝေးအခမ်းအနား (Enhancing Road Freight Transport Cooperation Meeting between Myanmar and Thailand) ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် မြဝတီကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ မြန်မာစံတော်ချိန် နေ့လယ် ၂:၃၀ နာရီမှ ၄:၃၀ နာရီအထိ လက်ခံကျင်းပခဲ့ပြီး နှစ်နိုင်ငံ တာဝန် ရှိသူများ တက်ရောက်ခဲ့ကြကြောင်း၊ အစည်းအဝေးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြားချစ်ကြည်ရေးတိုးပွားကာ၊ GMS-CBTA အဖွဲ့ဝင် နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ကုန်စည်သယ်ယူပို့ဆောင်ရေး ဆိုင်ရာကိစ္စရပ်များ အကျိုးဖြစ်ထွန်းစေရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံတာဝန်ရှိသူများမှ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြ ကာ အစည်းအဝေးသို့ တက်ရောက်လာသော မြန်မာနိုင်ငံဘက်မှ မြဝတီနယ်စပ်ဒေသ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏ တာဝန်ရှိသူများမှ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား Initial Implementation on Cross Border Transport Agreement (IICBTA) ကို အကောင်အထည်ဖော်သည့်အချိန်တွင် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် တွေ့ကြုံရနိုင်သည့် အခက်အခဲများ၊ စိန်ခေါ်မှုများအား ကြိုတင်စဉ်းစားဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် အပြုသဘောအကြံပြုချက်များကိုလည်း ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရှိရပါတယ်။

အဆိုပါ IICBTA လက်မှတ်ရေးထိုးပြီးပါက ထိုင်းနိုင်ငံဘက်မှ ယာဉ်အစီး ၁၀၀ နှင့် မြန်မာဘက်မှ ယာဉ်အစီး ၁၀၀ အား ပထမအဆင့်အနေဖြင့် မြန်မာဘက်သို့မော်လမြိုင်မြို့ထိလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ရန်ကုန် - သီလဝါထိလည်းကောင်း သွားခွင့် ရပြီး မိမိမြန်မာကားများမှာလည်း ပထမအဆင့်တွင် ထိုင်းနိုင်ငံ ကောင်းကန်ထိ လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် လာအိုနယ်စပ်နှင့် ကီလို ၁၀၀ ခန့်သာကွာဝေးသည့် မုဒဟန်မြို့သို့လည်းကောင်း သွားရောက်ခွင့်ရမည်ဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။

ထိုင်းနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်မှုအနေအထားကို လေ့လာကြည့်ပါလျှင် ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ တင်ပို့သည့် re-export ကုန်စည်များ အပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် မလေးရှားနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်မှုပမာဏသည် ထိုင်းဘတ် ၁ ဒသမ ၃ ထရီလီယံသို့ ရောက်ရှိခဲ့ပြီး ယခု ၂၀၁၈ ခုနှစ် တွင်နယ်စပ်ကုန်သွယ်မှုပမာဏသည်နောက်ထပ် ၁၀ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းထိ ထပ်မံတိုးတက်နိုင်လိမ့်မည်ဟု ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မျှော်မှန်းထားကြောင်း www.aseanbriefing.com တွင် ရေးသားဖော်ပြထားသော သတင်းတစ်ရပ်အရ သိရှိရပါတယ်။ ထိုကဲ့သို့နယ်စပ်ကုန်သွယ်ရေးတိုးတက်နေခြင်းက ထိုင်းနိုင်ငံနယ်စပ်ဒေသ အသီးသီးတွင်ရှိသော ထိုင်းအထူးစီးပွားရေးဇုန် ၁၀ ခုတွင် စီးပွားရေးလုပ်ငန်းများ ပိုမိုရင်းနှီးမြှုပ်နှံရန်အတွက် ဆွဲဆောင်မှုတစ်ခုပင်ဖြစ်ပါတယ်။

ထိုင်းနိုင်ငံဟာ အထူးစီးပွားရေးဇုန် တည်ဆောက်ရန် အကောင် အထည်ဖော်ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ်တွင်စတင်ခဲ့ကာ အထူး စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အဆင့်(၂)ဆင့်ခွဲခြားဆောင်ရွက်ခဲ့ပါတယ်။ ပထမအဆင့် (first phase)အနေဖြင့် အကောင်အထည်ဖော်သော အထူးစီးပွားရေးဇုန်များတွင် တပ်ခရိုင် (Tak) ၊ မုဒဟန် (Mukdahan)၊ ဆခို (Sa Kaeo)၊ တရတ် (Trat) နှင့် ဆောင်ခ်လှ (Songkhla) တို့ပါဝင်ပြီး ဒုတိယအဆင့်(Second Phase) တွင် အကောင်အထည်ဖော်မည့် ပြည်နယ်/ခရိုင်များမှာ ချင်းရိုင် (Chiang Rai)၊ နွန်ခိုင်း (Nong Khai)၊ နခွန်ဖနွမ် (Nakhon Phanom)၊ ကန်ချနာပူရီ (Kanchanaburi) နှင့် နာရသီဝပ် (Narathiwat) တို့ဖြစ်ကြောင်း သိရှိရပါတယ်။




**ထိုင်းနိုင်ငံရှိ အထူးစီးပွားရေးဇုန်များ တည်နေရာပြပုံ**

ပထမအဆင့်တွင်ပါဝင်သော အထူးစီးပွားရေးဇုန်များအနက် မြန်မာနိုင်ငံမြဝတီမြို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော တာခ့်ခရိုင်၌ မဲဆောက်၊ မဲလမတ်နှင့် ဖုတ်ဖ နယ်စပ်သုံးခုရှိမြို့နယ်/ခရိုင်ငယ်ခွဲ ၁၄ ခု ပါဝင်သည့် ဧရိယာ ၁၄၁၉ Square Kilometer အား တာခ့်ခရိုင် အထူးစီးပွားရေးဇုန် (SEZ) အဖြစ် အကောင်အထည်ဖော်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ တာ့ခ်ခရိုင်သည် ထိုင်းနိုင်ငံအတွက် လုံခြုံရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ သဘာဝအရင်းအမြစ်များအရဖြစ်စေ၊ ဒေသတွင်း ဆက်သွယ်မှုလမ်းကြောင်းများအရဖြစ်စေ မဟာဗျူဟာကျစွာ တည်ရှိနေသော အရေးပါသည့်ဒေသတစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံအနောက်ပိုင်း နယ်စပ်ဒေသအတွက် ကုန်သွယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရာ အချက်အချာနေရာဖြစ်လာရန် အလားအလာကောင်းများစွာရှိသည့် ဒေသလို့လည်း ထိုင်းနိုင်ငံဘက်မှ သတ်မှတ်ထားကြောင်း လေ့လာသိရှိရပါတယ်။ ဒါကြောင့်လည်း ထိုင်းအစိုးရဟာ ထိုင်းနိုင်ငံရဲ့စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး တပ်ခရိုင်အတွင်းရှိ မဲဆောက် (Amphor Mae Sot)၊ မဲလမက်(Mae Ramat)၊ ဖုတ်ဖ(Phob Phra)ဒေသအား အပြည်ပြည်ဆိုင်ရာ ကုန်တင်/ကုန်ချ ပြုလုပ်နိုင်သည့် အချက်အချာနေရာဖြစ်လာစေရန်နှင့် လုပ်သားများစွာဖြင့် လည်ပတ်သော ကုန်စည်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများပေးစွမ်းရာ စက်မှုဇုန်များ ဖြစ်ပေါ်လာစေရန်အတွက် တာ့ခ်ခရိုင်အထူးစီးပွားရေးဇုန်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိတာပဲ ဖြစ်ပါတယ်။

တာ့ခ်ခရိုင်အထူးစီးပွားရေးဇုန်ဖော်ဆောင်ရေးအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းများကို ထိုင်းနိုင်ငံဘက်မှ ဆောင်ရွက်လျက်ရှိရာ အခြေခံအဆောက်အဦများ တည်ဆောက်မှုပိုင်းအနေဖြင့် အရှိန်မပျက် တိုးတက်လျက်ရှိတာကိုတွေ့ရှိရပါတယ်။ နယ်စပ်ကုန်သွယ်ရေးပိုမိုတိုးတက်ရန်ရည်ရွယ်၍ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ်(၂)ကို တည်ဆောက်လျက်ရှိပြီး တံတားအနီးတွင် ၁၂၀ ဧကရှိသော ဒုတိယအကောက်ခွန်ရုံး

စာမျက်နှာ ၂၇ သို့

# ရုရှားနိုင်ငံအစိုးရ အသိအမှတ်ပြု MBA အတန်းသစ်ကို ပြည်တွင်း၌ ဖွင့်လှစ်သွားမည်

ရုရှားနိုင်ငံအစိုးရ အသိအမှတ်ပြု MBA အတန်းသစ်ကို ပြည်တွင်း၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ MBA အတန်းသစ်ကို MESI Business Institute နှင့် South-West State University (Russia) တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ပြည်တွင်း၌ နိုင်ငံတကာအဆင့်မြင့် ပညာရေး လိုအပ်လာချိန်တွင် အလွယ်တကူ တက်ရောက်နိုင်စေရန်အတွက် ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ ပညာရေးက လူတိုင်းအတွက် အရေးကြီးသလို နိုင်ငံတကာပညာရေးဖြစ်လာမှလည်း တိုင်းပြည်ကတိုးတက်မှာပါ။ နောက်ပြီး မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၅၄ နိုင်ငံကလည်း ရုရှားမှာ ကျောင်းသွားတက်တာကိုတွေ့ရတယ်။ အဲဒီအချက်တွေကြောင့် ထူးထူးခြားခြားဖြစ်အောင် ရုရှားနဲ့ ချိတ်ဆက်ပြီး ဖွင့်ဖို့စီစဉ်ဖြစ်တာပါ"ဟု MESI Business Institute မှ CEO ဦးဇင်ဖြိုးပိုင်က ပြောသည်။

"သင်ရိုးတွေကလည်း International MBA ဖြစ်တဲ့အတွက် သူတို့ကျောင်းကပေးတဲ့အတိုင်း သင်ကြားပေးသွားမှာပါ။ သင်ကြားမှုအပိုင်းမှာလည်း ပြည်တွင်းက ဆရာ ၇၀ ရာခိုင်နှုန်းနဲ့ ပြည်ပက ၃၀ ရာခိုင်နှုန်း ပါဝင်သင်ပေးသွားမှာပါ။ တစ်လကိုတစ်ဘာသာနှုန်းနဲ့ ၁၅ လနီးပါး သင်ကြားရမှာပါ။ ရန်ကုန်မြို့တစ်နေရာထဲသာမက တခြားတိုင်းနဲ့ပြည်နယ်တွေမှာပါ တက်ရောက်နိုင်အောင် လုပ်ဆောင်နေပါတယ်"ဟု ၎င်းကပြောသည်။

အမ်အီးအက်စ်အိုင်အနေဖြင့် ပြည်တွင်း၌ ဘာသာရပ်အများဆုံးသင်ကြားပေးနေသည့် ကျောင်းတစ်ခုဖြစ်ပြီး စီးပွားရေးလိုအပ်ချက်ကို ပညာရေးဖြင့် ဖြည့်ဆည်းနိုင်စေရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို လာမည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလ ၁၅ လခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ စီးပွားရေးတိုးတက်လာချိန်တွင် ပညာရေးအခွင့်အလမ်းများမှာလည်း ပေါ်ပေါက်လာသလို အင်တာနေရှင်နယ်စကေလ်း ကွယ်ဝရန်လည်း လိုအပ်ကြောင်း၊ MESI အနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် နိုင်ငံတကာစံမီသင်တန်းများ ကိုပို့ချနေသလို တက်ရောက်လိုသူများအတွက် အရစ်ကျငွေပေးချေသည့် စနစ်ကိုလည်း လုပ်ဆောင်ပေးနေကြောင်း သိရသည်။

**ချောစု**

## AMCHAM မှ ၂၀၁၈ ခုနှစ် လူမှုအကျိုးပြုထူးချွန်ဆု ချီးမြှင့်

The American Chanmber of Commerce in Myanmar မှ ချီးမြှင့်သော လူမှုအကျိုးပြုလုပ်ငန်းအသိအမှတ်ပြု ထူးချွန်ဆုဖြစ်သည့် AMCHAM CSR Excellence Recognition Award 2018 ပေးအပ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ရန်ကုန်မြို့၊ Pan Pacific Hotel တွင် ပြုလုပ်ခဲ့ရာ British American Tobacco Myanmar Ltd က ရရှိခဲ့ကြောင်း သိရသည်။

AMCHAM CSR Excellence Recognition Award ကို ၂၀၁၅ ခုနှစ်မှစတင်ကာ AMCHAM အဖွဲ့ဝင်စီးပွားရေးလုပ်ငန်းစုကြီးများ၏ ပြည်တွင်းတွင် လုပ်ကိုင်နေသော လူမှုအကျိုးပြုလုပ်ငန်းများအပေါ် အကဲဖြတ်ပြီး ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ British American Tobacco Myanmar Ltd အနေဖြင့် ၂၀၁၈ ခုနှစ်အတွက် ဒီဆုကိုရရှိတဲ့အပေါ် အလွန်ပဲဝမ်းမြောက်မိပါတယ်။ BAT Myanmar ရဲ့ တာဝန်သိမှု၊ တာဝန်ယူမှုရှိသော လူမှုအကျိုးပြုလုပ်ငန်းဖြစ်တဲ့ ကျေးလက်တောင်သူတို့ရဲ့ လူမှု ဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်မှုအတွက် လေးနှစ်တိုင်တိုင် ဒီဆုကိုရရှိတာဖြစ်ပါတယ်။ ဒီနှစ်မှာလည်း မကွေးတိုင်းဒေသကြီး၊ ချောက် မြို့နယ်က ရေရှားပါးတဲ့ရွာတွေမှာ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် အေးမြရေကြည်စီမံကိန်းကြောင့်လည်း အိမ်ထောင်စုပေါင်း ၄၀၀ ကျော်က မိသားစုဝင် ၂၃၀၀ ကျော်တို့ဟာ သောက်သုံးရေဖူလုံစေတဲ့အကျိုးကျေးဇူးကို ရရှိနေပြီဖြစ်ပါတယ်"ဟု British American Tobacco Myanmar Ltd ဒါရိုက်တာအဖွဲ့ဝင် ဒေါ်ခိုင်ဝေသွယ်က ပြောသည်။

British American Tobacco Myanmar Ltd အနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီး မြို့နယ်ရှိ ရေရှားပါးသော ကျေးရွာများတွင် အေးမြရေကြည်စီမံကိန်းကို ၂၀၁၇ ခုနှစ်တွင်ပြုလုပ်ခဲ့ရာ အိမ်ထောင်စုပေါင်း ၆၀၀ ကျော်ကို သန့်ရှင်းသော သောက်သုံးရေ ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

British American Tobacco Myanmar Ltd သည် ၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံ၌ လုပ်ငန်းစတင်လည်ပတ်ခဲ့ရာ Kent၊ Lucky Strike၊ London နှင့် Richland စသည့်စီးကရက် အမှတ်တံဆိပ်များကို ထုတ်လုပ်ရောင်းချပေးနေကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ကုန်ပစ္စည်းဝန်ဆောင်မှုများအတွက် ရန်ကုန်ကုန်းတွင်းဆိပ်ကမ်း ဖွင့် လှစ်

ရန်ကုန်မြို့ ဆိပ်ကမ်းများနှင့် သီလဝါဆိပ်ကမ်းများအတွက် ယာဉ်ကြောသွားလာရေး ပိတ်ဆို့မှုလျှော့ချပြီး ကုန်ပစ္စည်းသယ်ယူ ပို့ဆောင်ရာတွင် ကုန်ကျစရိတ် လျှော့ချနိုင်ရန် ရည်ရွယ်သည့် ရန်ကုန် ကုန်းတွင်းဆိပ်ကမ်း (Yangon Dry Port)ကို ရန်ကုန်မြို့အရှေ့ပိုင်းရှိ ရွာသာကြီးရပ်ကွက်တွင် နိုဝင်ဘာ ၁၁ ရက်က တရားဝင်ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

ယခုဖွင့်လှစ်လိုက်သော ကုန်းတွင်းဆိပ်ကမ်းတွင် အကောက်ခွန် စစ်ဆေးမှုများထားရှိထားပြီး အချိန်ပြည့်လုပ်ငန်းလည်ပတ်မှု၊ ကွန်တိန်နာထိန်းသိမ်းခြင်းနှင့် သန့်ရှင်းရေးဝန်ဆောင်မှုများ၊ IT ချိတ်ဆက်စုံစမ်းစစ်ဆေးခြင်း၊ ဆိပ်ကမ်းအလေးချိန်စက်၊ ကုန်ပစ္စည်းအာမခံနှင့်ပြန်လည်တင်ပို့မည့်ကုန်ပစ္စည်းများအတွက် သွင်းကုန်-ပြည်ပပို့ကုန် အခွန်လွတ်ကင်းခွင့် စသည့်ဝန်ဆောင်မှုများပါရှိကြောင်း၊ ကုန်းတွင်းဆိပ်ကမ်းစီမံကိန်းများကို ဆောက်လုပ်၊ စီမံ၊ လွှဲပြောင်းစနစ်(Build,Operate and Transfer System)ဖြင့် KM Terminal & Logistics Limited မှအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

" ဒီနေ့ ရန်ကုန်မှာ ရွာသာကြီး ကုန်းတွင်း ဆိပ်ကမ်းဖွင့်လိုက်ပြီဆိုတဲ့ အကြောင်းကို ကြေညာနိုင်တဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဒီကုန်းတွင်းဆိပ်ကမ်းက ၂၀၁၈ ခုနှစ် မေလကတည်းက လုပ်ငန်းလုပ်ကိုင်နေတဲ့ ကျွန်တော်တို့ရဲ့ မန္တလေးအခြေစိုက် မြစ်ငယ်ကုန်းတွင်းဆိပ်ကမ်းနဲ့ ချိတ်ဆက်သွားမှာ ဖြစ်ပါတယ်။ ဒီကုန်းတွင်းဆိပ်ကမ်းနှစ်ခုက သွင်းကုန်၊ ပို့ကုန်တွေရဲ့ လည်ပတ် စီးဆင်းမှုကို အဆင့်မြင့်စေပြီး ရန်ကုန်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့တာကနေ အလှမ်းဝေးတော့ အချိန်ကုန်သက်သာတယ်။ ခေတ်မီစက်ပစ္စည်းတွေနဲ့ ကွန်ပျူတာထိန်းချုပ်စနစ်ကို သုံးထားတဲ့အတွက် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်ကို လျှော့ချပေးမှာဖြစ်ပါတယ်"ဟု KM Terminal & Logistics Limited ၏ အထွေထွေမန်နေဂျာ ဦးညီထွဋ်မှ ပြောသည်။

ကုန်းတွင်းဆိပ်ကမ်းများကို နိုင်ငံတကာရှိစီးပွားရေးမိတ်ဖက်များအတွက် သင့်လျော်သော ကုန်းတွင်းကွန်တိန်နာကုန်လှောင်ရုံများအဖြစ် အဆင့်မြှင့်တင်ရန် နာမည်ကျော် သဘောာလိုင်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## မြန်မာဘီယာ၏ ကုန်အမှတ်တံဆိပ်ဒီဇိုင်း ပြောင်းလဲလိုက်သော်လည်း မူလ အရသာမပျက်စေရန် စီမံထားသည်ဟုဆို

Myanmar Brewery Ltd (MBL) သည် ပြည်တွင်းစားသုံးသူများနှင့် ဆက်သွယ်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ မြန်မာဘီယာအမှတ်တံဆိပ်ကို မပြောင်းလဲသော မူလအရသာနှင့် အမှတ်တံဆိပ်အသွင်သစ်ကို ပြောင်းလဲလိုက်ပြီး 'မြန်မာနှင့်အတူ ဂုဏ်ယူဝင့်ကြွားပါ' လှုပ်ရှားမှုအသစ်ကို နိုဝင်ဘာ ၂၉ ရက်တွင် စတင်မိတ်ဆက်လိုက်သည်။

အနီရောင်အောက်ခံပေါ်တွင် ရင်းနှီးပြီး မှတ်မိရလွယ်သည့် အဖြူရောင် Myanmar စာလုံးမှာ မပြောင်းလဲဘဲ ပြန်လည်ဆန်းသစ်ထားသည့်တံဆိပ်တွင် မြန်မာဘီယာ၏ အဓိကပြယုဂ်ဖြစ်သည့် ကရဝိတ်ပုံရိပ်ကို ပိုမိုထင်ရှားစွာထည့်သွင်းထားကြောင်း သိရသည်။

"မြန်မာဘီယာအမှတ်တံဆိပ် ပြန်လည်ဆန်းသစ်မှုဟာ မြန်မာတို့ မြန်မာဘီယာအပေါ် ဂုဏ်ယူစွာရွေးချယ်နိုင်ဖို့အတွက် ရှာဖွေထားတာဖြစ်ပါတယ်။ နှစ်ပေါင်းများစွာကတည်းက ဘီယာချစ်မြတ်နိုးသူတွေအတွက် တစ်ဦးနဲ့တစ်ဦး ကူညီရိုင်းပင်းပြီး အနာဂတ်ကိုအားအင်အသစ်တွေနဲ့ တည်ဆောက်သွားစေဖို့ ရည်ရွယ်ထားပါတယ်။ အရည်အသွေးအပြည့်နဲ့ ဘီယာကို သောက်သုံးရတဲ့အချိန်တင်မကဘဲ တံဆိပ်အသစ်ကနေ ရရှိမယ့် မြန်မာတွေရဲ့ အများနဲ့မတူတဲ့ တမူထူးခြားတဲ့ ဘီယာသောက်သုံးတဲ့ အချိန်ကိုပါ ပိုင်ဆိုင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု Myanmar Brewery Ltd ၏ မန်နေဂျင်းဒါရိုက်တာ Mr. Hideki Mitsuhashi က ပြောသည်။

မြန်မာဘီယာ၏ ထုပ်ပိုးမှုနှင့် အမှတ်တံဆိပ်များကို ၃၃၀ မီလီလီတာ သံဗူး၊ ၅၀၀ မီလီလီတာသံဗူးနှင့် ၆၄၀ မီလီလီတာပုလင်းတို့ဖြင့် ဈေးကွက်အတွင်းရှိ Channel များ၊ ကြော်ငြာများ၊ အရောင်းဆိုင်ခွဲများ၊ လူမှုကွန်ရက်တွင် နိုဝင်ဘာလ ၁၉ ရက်နေ့မှ စတင်၍ ဖြန့်ချိခဲ့ကြောင်း သိရသည်။

မြန်မာဘီယာသည် Australian International Beer Awards (၂၀၀၁ ခုနှစ်)၊ Brewing Industry International Awards (၂၀၀၅ ခုနှစ်၊ ၂၀၁၁ ခုနှစ်) နှင့် the European Beer Star Award (၂၀၁၀ ခုနှစ်)တို့ကို ဆွတ်ခူးထားကြောင်း သိရသည်။

**သန်းထိုက်အောင်**

## CarsDB အရောင်းပြပွဲတွင် အရစ်ကျစနစ်ဖြင့် ဝယ်ယူသူများအတွက် ကနဦးပေးသွင်းငွေနှုန်းထား လျှော့ချရောင်းချ

CarsDB ကားအရောင်းပြပွဲတွင် အရစ်ကျစနစ်ဖြင့် ဝယ်ယူသူများအတွက် ကနဦးပေးသွင်းငွေနှုန်းထားကို လျှော့ချ၍ ရောင်းချပေးခဲ့ကြောင်း AYA Bank မှ သိရသည်။

ရောဝတီဘဏ်အနေဖြင့် CarsDB Auto Show Yangon 2018 တွင် Official Banking Partner အဖြစ် ပါဝင်ထားခြင်းဖြစ်ပြီး ဘဏ်နှင့်ချိတ်ဆက်၍ အရစ်ကျဝယ်ယူမှုအတွက် Down Payment 20% ပေးချေမှုဖြင့်သာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

"ပုံမှန်ဆိုရင် ကနဦးပေးသွင်းငွေကို ၃၀ ရာခိုင်နှုန်းပေးချေရတာပါ။ ဒီပွဲမှာတော့ အထူးပရိုမိုးရှင်းအနေနဲ့ ကနဦး ပေးသွင်းငွေ လျှော့ချပေးသလို အခြား ဝန်ဆောင်မှုတွေကိုလည်း ပေးထားပါတယ်။ ဒီပွဲကိုလာတဲ့ သူတွေအနေနဲ့ ပြပွဲရက်အတွင်း တစ်ခါတည်း ဝယ်ယူမှမဟုတ်ဘဲ ရောဝတီဘဏ်ရဲ့ Booth မှာ စုံစမ်းမေးမြန်းသွားပြီး ပွဲပြီးကာလမှ ဝယ်ယူမယ်ဆိုလည်း ဒီအခွင့်အရေးတွေကို ခံစားရမှာပါ"ဟု AYA Bank မှ Corporate Banking, Assistant Vice President ကိုဇာနည်လင်းက ပြောသည်။

ပြည်တွင်းဈေးကွက် အနေအထားတွင် အရစ်ကျစနစ်ဖွံ့ဖြိုးရန်အတွက် လိုအပ်နေသေးသော်လည်း ပြီးခဲ့သည့်နှစ်များ(၂၀၁၃-၂၀၁၄)ထက် လူဦးရေ ထက်ဝက်ခန့် အသုံးပြုလာကြကြောင်း၊ အရစ်ကျဝယ်ယူမှုအတွက် ခက်ခဲသည့်အကြောင်းအရင်းမှာ လျှောက်ထားသူ၏ ပုံမှန်ဝင်ငွေကို ဖော်ပြနိုင်ခြင်းမရှိသောကြောင့်ဖြစ်ကြောင်း သိရသည်။

ကနဦးပေးသွင်းငွေ လျှော့ချပေးခဲ့သည့် CarsDB Auto Show 2018 ပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပရန် ကြေညာခဲ့သော်လည်း ၁၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ရာသီဥတုအခြေအနေများကြောင့် ဆက်လက်ကျင်းပနိုင်ခြင်းမရှိဘဲ ဖျက်သိမ်းခဲ့ရကြောင်း နောက်ဆက်တွဲသတင်းများအရ သိရသည်။

**ချောစု**

## စာမျက်နှာ (၂၅) မြန်မာ-ထိုင်း ကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရန်. . . မှအဆက်

စာမျက်နှာ (၂၅) ... မှအဆက်

တည်ဆောက်ခြင်းစီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တည်ဆောက်ရေး စီမံကိန်းကုန်ကျစရိတ်ဟာ ဘတ်သန်းပေါင်း ၃၉၃ သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ဆဝမ်-မဲဆောက် (Sawang-Maesot) အဝေးပြေးလမ်းမ အမှတ်(၁၂)၏ ပထမအပိုင်း၊ ဒုတိယပိုင်းပြီးစီးပြီဖြစ်ပြီး တတိယပိုင်းအနေဖြင့် ၉၅ ရာခိုင်နှုန်း၊ စတုတ္ထပိုင်းအနေဖြင့် ၃၆ ဒသမ ၃၇ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကာ ၂၀၁၉ ခုနှစ်တွင် အပြီးသတ်ပြီးစီးမည်ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

အဝေးပြေးလမ်းမအမှတ် ၁၃၀ နှင့်တံတား တည်ဆောက်မှုအခြေအနေများသည် တည်ဆောက်ဆဲဖြစ်ပြီး လမ်းပိုင်းအနေဖြင့် ၉၁ ဒသမ ၉၅ ရာခိုင်နှုန်း ၊ နယ်စပ်ထိန်းချုပ်မှုစနစ် BCF (Border Control Facility) ၁၅ ဒသမ ၆၁ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကာ မဲဆောက်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ တည်ဆောက်ပြီးစီးမှုအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ၈၆ ဒသမ ၆၅ ရာခိုင်နှုန်း၊ ယာဉ်ရပ်နား ဧရိယာဆောက်လုပ်ခြင်း ၈၂ ဒသမ ၆၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရကာ ၂၀၂၀ ခုနှစ်တွင် အပြီးသတ်ပြီးစီးမှာဖြစ်ပါတယ်။ လိုအပ်သောမြေဧက၏ ၆၅ ရာခိုင်နှုန်းဖြစ်သော ၃၆၀ ဧကအတွက် ဝယ်ယူခြင်း၊ လျော်ကြေးငွေပေးခြင်းများကို အပြီးအစီးဆောင်ရွက်ပြီးဖြစ်ကာ လေယာဉ်ပြေးလမ်းကြောင်းကို လည်း ၄၅ x ၂၁၀၀ မီတာသို့ တိုးချဲ့ဆောင်ရွက်လျက် ရှိကြောင်း လေ့လာသိရှိရပါတယ်။ ဒုတိယမဲဆောက် အကောက်ခွန် စစ်ဆေးရေးစခန်း Checkpoint တည်ဆောက်ခြင်းအား ၂၀၁၉ ခုနှစ်တွင် အပြီးဆောက်လုပ်မည် ဖြစ်ကြောင်းသိရှိရပြီး တည်ဆောက်ရေး လုပ်ငန်းအားလုံးအား ၂၀၂၀ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက် မည်ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဖက်သို့ ကုန်သွယ်မှု(၃ဆ) တိုးမြှင့်ရန်ရည်ရွယ်၍ ထိုကဲ့သို့ တာခ့်ခရိုင်အထူးစီးပွားရေးဇုန် ဖော်ဆောင်နိုင်ရေး တည်ဆောက်ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

ထိုင်းနိုင်ငံသည် ၎င်း၏စီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မြင့်စွာ စီးဝင်စေရန် ဆောင်ရွက်လျက်ရှိပြီး အထူးစီးပွားရေးဇုန်တွင် လာရောက်ဆောင်ရွက်သော သတ်မှတ်ထားသည့် လုပ်ငန်း ၁၃ မျိုးအတွက် အထူးအကျိုးခံစားခွင့်များ/incentive(မက်လုံး) များဖြင့် လုပ်ငန်းရှင်များ လာရောက်ကာ ပိုမိုရင်းနှီးမြှုပ်နှံနိုင်စေရန် ဆွဲဆောင်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ အဆိုပါလုပ်ငန်း ၁၃ ခုမှာ လယ်ယာထွက်ကုန်များ၊ ရေထွက် ကုန်ငါး နှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၊ ကြွေထည်၊ အထည်ချုပ်လုပ်ငန်း/ချည်မျှင်နှင့် သားရေလုပ်ငန်း၊ အိမ်သုံးပရိဘောဂ၊ လက်ဝတ်ရတနာများနှင့်ဖက်ရှင်အသုံး အဆောင်များ၊ ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ၊ မော်တော်ကား/အင်ဂျင်နှင့် အစိတ်အပိုင်းဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ ၊ ပလတ်စတစ်ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာထုတ်ကုန်များ၊ ထောက်ပံ့ ပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများ၊ စက်မှုဇုန်/ အိမ်ခြံမြေလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းတို့ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

**Target Industries in Thailand's Special Economic Zones**

| Target Industries | Tak | Sa Kaeo | Trat | Mukdahan | Songkhla |
|---|---|---|---|---|---|
| 1. Agriculture, fisheries | ✓ | ✓ | ✓ | ✓ | ✓ |
| 2. Ceramics | ✓ | | | | |
| 3. Textiles and Leathers | ✓ | ✓ | | | ✓ |
| 4. Furnitures | ✓ | ✓ | | | ✓ |
| 5. Jewelries and Gems | ✓ | ✓ | | | |
| 6. Medical Equipment | ✓ | ✓ | | | |
| 7. Automotives and machines | ✓ | ✓ | | | |
| 8. Electronics | ✓ | ✓ | | ✓ | |
| 9. Plastics | ✓ | ✓ | | | |
| 10. Pharmaceuticals | ✓ | ✓ | | | |
| 11. Logistics | ✓ | ✓ | ✓ | ✓ | ✓ |
| 12. Industrial Estates/ Zones | ✓ | ✓ | ✓ | ✓ | ✓ |
| 13. Tourism | ✓ | ✓ | ✓ | ✓ | ✓ |

*Source: Industrial Estate Authority of Thailand*

Graphic© Asia Briefing Ltd.

တာ့ခ်ခရိုင် အထူးစီးပွားရေးဇုန်အောင်မြင်စွာ ဖြစ်ထွန်းလာစေရေးအတွက် လိုအပ်သော တည်ဆောက်ရေးဆိုင်ရာ ပြင်ဆင်မှုများကို ဆောင်ရွက်နေသည့်နည်းတူ ဇုန်ဧရိယာအတွင်း ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသော လုပ်ငန်းရှင်များ/လုပ်ငန်းများကိုလည်း နွေးထွေးစွာ ဖိတ်ခေါ်ကြိုဆိုလျက်ရှိကြောင်း သိရှိရပါတယ်။ ထို့ပြင် ထိုင်းနိုင်ငံ၏ အမျိုးသားရေးမျှော်မှန်းချက် ၂၀၁၅-၂၀၂၀ ၏ ဆောင်ပုဒ်ဖြစ်သော "လုံခြုံရေး၊ ကြွယ်ဝချမ်းသာရေးနှင့် စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်ရေး"ဟူသည်နှင့်အညီ တာ့ခ်ခရိုင်သည် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆောင်ရွက်ရာ၌ တာ့ခ်ခရိုင်အတွင်း နေပြည်သူများ၏အကျိုးစီးပွားဖြစ်ထွန်းရေးကို အစဉ်ရှေးရှု၍ လူမှုဘဝမြင့်မားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ အရင်းအမြစ်များကိုလည်း မပျက်စီးအောင်စောင့်ရှောက်ကာ ပြည်တွင်းယဉ်ကျေးမှု အစဉ်အလာများကိုလည်း မပျက်စေဘဲ တိုးတက်မှုများရရှိစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။

East West Economic Corridor ဖြစ်သော ဗီယက်နမ်နိုင်ငံ၊ ဒါနန်းမှ မော်လမြိုင်အထိ လမ်းကြောင်းနှင့် မော်လမြိုင်-ရန်ကုန်-မန္တလေး-တမူးလမ်းကြောင်း အကောင်အထည်ဖော်ပြီးသည့်နောက်တွင် အနောက်ဥရောပနိုင်ငံများအထိပါ ဆက်သွယ်မှုလမ်းကြောင်း တည်ဆောက်သွားနိုင်မည်ဖြစ်သည့်အတွက် ထိုင်းနိုင်ငံအနေဖြင့် အရှေ့တောင်အာရှ စီးပွားရေးလောကသာမက အနောက်ဥရောပနိုင်ငံများအထိပါ စီးပွားရေးလမ်းကြောင်း ပွင့်လန်းလာနိုင်သည့် မဲဆောက်-မြဝတီ ဒေသအား မဟာဗျူဟာမြောက်သည့် ထိုင်းနိုင်ငံ၏ စီးပွားရေး Gateway အဖြစ်ပင် တင်စား၍ ထိုင်းနိုင်ငံထုတ် သတင်းစာ/သတင်း website များတွင် ရေးသားဖော်ပြလျက်ရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။



ထိုသို့နှစ်စဉ်ကုန်သွယ်မှုတိုးတက်လျက်ရှိသော မြန်မာ-ထိုင်း ကုန်သွယ်မှုတွင် မိမိနိုင်ငံနှင့် တစ်ဖက်ထိုင်းနိုင်ငံ၏ ကုန်သွယ်မှုကိန်းဂဏန်း အချက်အလက်များကို နှိုင်းယှဉ်ကြည့်ပါမူ ၂၀၁၈ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ နှစ်နိုင်ငံမှ တရားဝင်ထုတ်ပြန်သော စာရင်းများအရ ကွာခြားချက်မှာ ထိုင်းနိုင်ငံ၏ပို့ကုန် (မိမိဘက်သွင်းကုန်)တွင် အမေရိကန်ဒေါ်လာ ၆၁၈ သန်း၊ ထိုင်းနိုင်ငံ၏ သွင်းကုန်(မိမိဘက်ပို့ကုန်) တွင် အမေရိကန်ဒေါ်လာ ၄၈ သန်းဝန်းကျင် ကွာခြားမှုရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းမှ တင်ပို့/တင်သွင်းမှုများလည်းရှိနေကြောင်း သိရှိနိုင်ပါ တယ်။ ထိုကဲ့သို့တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံတော်မှရရှိရ မည့် အခွန်အခများနစ်နာရသည့်အပြင်၊ နိုင်ငံတော်သို့အခွန်ငွေပေးဆောင်၍တရားဝင်လမ်းကြောင်းပေါ် တွင် မှန်ကန်စွာလုပ်ဆောင်နေသော ကုန်သည်လုပ်ငန်းရှင်များ၏ ဈေးကွက်အတွင်းယှဉ်ပြိုင်နိုင် စွမ်းရှိမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုများကို ထိခိုက်စေနိုင်မှာဖြစ်ပါ တယ်။

သို့ဖြစ်၍ မြန်မာ-ထိုင်း ကုန်သွယ်မှုပိုမိုဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများဖြင့် မဟာဗျူဟာကျစွာတည်ရှိနေသော မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုပမာဏများ ပိုမိုတိုးတက် မြင့်မားစေရေးအတွက် မိမိနိုင်ငံ၏ပို့ကုန်များတိုးတက်မြင့်မားရေး၊ အမယ်သစ်ပို့ကုန်များ တိုးချဲ့တင်ပို့ နိုင်ရေး၊ ထိုသို့တင်ပို့နိုင်ရန်အတွက် ကုန်ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်စေရေး၊ မိမိနိုင်ငံမှပို့ကုန်များ၏ ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ရေး၊ တရားမဝင်ကုန်သွယ်မှုများလည်း တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ် သို့ ရောက်ရှိလာစေရေး စသည့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏ ပိုမိုတိုးတက်မြင့်မားရေး အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား "ပြိုင်တူတွန်းလျှင် ရွေ့နိုင်သည်"ဆိုသကဲ့သို့ ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက်တွင် ဆောင်ရွက်နေကြသော သက်ဆိုင်ရာဌာနများ၊ ဒေသအာဏာပိုင် နှင့် ကုန်သည်လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအသင်း/အဖွဲ့များအားလုံးမှ ကျရာကဏ္ဍမှ နိုင်ငံ့အကျိုး/ ပြည်သူ့အကျိုးအတွက် တက်ညီလက်ညီဖြင့် အရှိန်အဟုန်မပျက် ဆက်လက်ဝိုင်းဝန်းပူးပေါင်းဆောင် ရွက်ကြပါရန်လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**ကိုးကား - www.commerce.gov.mm , www.aseanbriefing.com, https://www.prachachat.net/local-economy/news-118593**

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန. . . မှအဆက်

မပြောင်းလဲဘဲ ၁၇၁ ဆင့်တွင် တည်ရှိနေကြောင်း၊ သို့သော် ရမှတ်မှာ ယခင်နှစ် (၄၄ ဒသမ၂၁) ထက် ရမှတ်ပိုမိုမြင့်မားပြီး ယခုနှစ်တွင် ၄၄ ဒသမ ၇၂ မှတ်ရရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများ အနက် ကမ္ဘာ့ဘဏ်မှ ထည့်သွင်းရေတွက်ခဲ့ခြင်းမရှိသော ပြုပြင်ပြောင်းလဲမှုများမှာ လာမည့်နှစ် ၂၀၂၀ အစီရင်ခံစာတွင် ထည့်သွင်းတွက်ချက်သွားနိုင်ရန်နှင့် အညွှန်းကိန်းနယ်ပယ် ၁၀ ခုအလိုက် ပြုပြင်ပြောင်းလဲမှုများကို လာမည့် ၂၀၂၀ အစီရင်ခံစာတွင် ထည့်သွင်းတွက်ချက်နိုင်ရေးအတွက် အညွှန်းကိန်းတစ်ခုလျှင် ပြုပြင်ပြောင်းလဲမှု အနည်းဆုံး (၃)ခုစီခန့်ဆောင်ရွက်သွားသင့်ကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအနေဖြင့် World Bank Group (IFC) မှ အကြံပေးပုဂ္ဂိုလ်များနှင့် နှစ်ပတ်တစ်ကြိမ်တွေ့ဆုံပြီး ရှေ့လုပ်ငန်းစဉ်များဆွေးနွေးခြင်း၊ အညွှန်းကိန်း တာဝန်ခံအဖွဲ့များဖြင့် အလှည့်ကျဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ Ease of Doing Business ကို သီးခြား Website တစ်ခု ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အမှတ်များစွာရရှိခဲ့သည့် အာဖဂန်နစ္စတန်၊ တရုတ်၊ အိန္ဒိယနိုင်ငံများကိုလည်း အတုယူရမည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းစဉ်သည် ပြည်တွင်းပြည်ပလုပ်ငန်းတွင် အခြေအနေဖြင့် စီးပွားရေးလုပ်ငန်းများကို အစိုးရဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်ပြီး အချိန်တိုတိုနှင့် ကုန်ကျစရိတ်နည်းပါးရေးကို ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရည်မှန်းချက်ကို လက်ရှိ ၁၇၁ မှ အဆင့် ၁၀၀ အထက်ရရှိရေး ရည်မှန်းထားပါကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံ၏ Doing Business အဆင့်မြင့်မားရေးမှာ စီးပွားရေး လုပ်ငန်းများလုပ်ကိုင်ရာတွင် ဆက်သွယ်ဆောင်ရွက်ရသည့် ဌာနဆိုင်ရာများသာမကဘဲ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးပါသည့် အခန်းကဏ္ဍတွင်ရှိနေကြောင်း ပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အမှာစကားပြောကြားခြင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက Doing Business 2019 (Myanmar) အစီရင်ခံစာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ သက်ဆိုင်ရာ အသင်းအဖွဲ့အလိုက် အထောက်အကူပြုခေါင်းဆောင်များမှ လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ ကမ္ဘာ့ဘဏ်အုပ်စု IFC ၏ Country Manager ဖြစ်သူ Mr. Vikram Kumar က Doing Business 2019 Report နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း၊ တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ရှင်းလင်းပြောကြားခြင်း၊ ဖြည့်စွက်အကြံပြုချက်များကို မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့ သည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက နိဂုံးချုပ် အမှာစကားပြောကြားပြီးနောက် အခမ်းအနားကို ညနေ ၁၆:၀၀ နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။ အဆိုပါရှင်းလင်းပွဲသို့ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များ၊ Law Firm များ၊ Media များ စုစုပေါင်း ၁၂၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**MOC(IR)**

## မအူပင်ခရိုင်၊ စားသုံးသူ အခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ရှောင်တခင် စစ်ဆေးခြင်းနှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှုအတွက် အသိပညာပေး ဆောင်ရွက်

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ နိုဝင်ဘာ ၂၀ ရက်တွင် မအူပင်မြို့ပေါ် မြို့မဈေးအတွင်းရှိ မုန့်မျိုးစုံဆိုင်ငါးဆိုင်နှင့် ဆေးဆိုင်ငါးဆိုင်ကို ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ပြီး ကျားပဲမုန့်လုပ်ငန်းသို့ ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ကွင်းဆင်းစိစစ် အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးဆောင်၍ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့်ဝန်ထမ်းများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ပြန်ကြားရေးဦးစီးဌာန၊ ခရိုင်ပညာရေးဦးစီးဌာန၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ခရိုင်တိုင်းရင်းဆေးဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မအူပင်မြို့ပေါ်မြို့မဈေး အတွင်းရှိ မုန့်မျိုးစုံဆိုင်ငါးဆိုင်နှင့် ဆေးဆိုင်ငါးဆိုင်သို့ကွင်းဆင်း၍ ရှောင်တခင် စစ်ဆေးရာတွင် စားသုံးရန်မသင့်သော အစားအစာများကို ဈေးကွက်အတွင်း မရောင်းချရန် ရက်လွန်ဆေးများကိုဈေးကွက်အတွင်းမှ ဖယ်ရှားနိုင်ရန်နှင့် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာထားသော အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) ကိုသိရှိရန်အတွက် အသိပေးဆောင်ရွက်ထားရှိပြီး မအူပင်ကမ်းနားလမ်းရှိ ကျားမုန့်တိုက်လုပ်ငန်းခွင်သို့သွားရောက်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်အတွက် အသိပညာပေးဆွေးနွေးခဲ့ကြောင်း လေ့လာသိရှိရပါသည်။

**Consumer MT**

## သိန္နီမြို့နယ်တွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး အရောင်းဆိုင်များအား ရှောင်တခင် ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးဟန်ရှိန်သည် မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ နိုဝင်ဘာလ ၆ ရက်က သိန္နီမြို့ပေါ် ရပ်ကွက်အတွင်းရှိ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များအား မှတ်ပုံတင်ထားခြင်းမရှိသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်း စစ်ဆေးခဲ့ရာ စွန်ခေါင်းတံဆိပ်၊ ပိုးကောင်းတံဆိပ်၊ ပေါက်ပြားထမ်းတံဆိပ်၊ ကျားခေါင်းတံဆိပ်၊ COA-ANLIN စသည်ဖြင့် မှတ်ပုံတင်ထားခြင်း မရှိသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ တန်ဖိုးငွေစုစုပေါင်း ကျပ် ၄၅၇၀၀၀ ကိုလည်း ကောင်း၊ နိုဝင်ဘာ ၁၂ ရက်က သိန္နီမြို့နယ်၊ နမ့်စလပ်အုပ်စုအတွင်းရှိ ဓာတ်မြေဩဇာနှင့် ပိုးသတ် ဆေးအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ရာ စွန်ခေါင်းတံဆိပ်၊ အက်ထွာဇင်း၊ ကုန်းကူ (ပိုးသတ်ဆေး)၊ အစီဖိတ်၊ တီချာခွဲစသည့်ဖြင့် တားမြစ်ထားသော ပိုးသတ်ဆေး/ပေါင်းသတ်ဆေး တန်ဖိုးငွေစုစုပေါင်း ကျပ် ၂၁၀၀၀ ကိုလည်းကောင်း၊ သိန္နီမြို့နယ်စယ်အူ အုပ်စုအတွင်းရှိဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ရာ Beta Cybermethrin (တရုတ်)၊ Kelian ပိုးသတ်ဆေး (တရုတ်)၊ Glyphosate (တရုတ်)၊ Acephate (တရုတ်)၊ ပိုးသတ်ဆေးဗူးစိမ်း(တရုတ်)၊ ပိုးသတ်ဆေးဗူးပြာ(တရုတ်)၊ ဓားတံဆိပ် ပေါင်းသတ်ဆေး(တရုတ်) စသည်ဖြင့် တန်ဖိုးငွေစုစုပေါင်း ကျပ် ၂၃၅၀၀ တို့ကို လည်းကောင်း သိမ်းဆည်းခဲ့ပြီး နောက်နောင်ဆိုင်ရှင်များအား မှတ်ပုံတင်ထားခြင်းမရှိသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအား ဆက်လက် ရောင်းချခြင်း မပြုလုပ်ရန်နှင့် စစ်ဆေးတွေ့ရှိပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ် ပြန်ထားသော ဓာတ်မြေဩဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေများအရ လုပ်ငန်းရှင်များ လိုက်နာရမည့်အချက်များကို လေးစားလိုက်နာပြီး တောင်သူများ နားလည်လွယ်သော မှတ်ပုံတင်ထားသည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကိုသာ ရောင်းချရန်အသိပညာပေး ဆောင်ရွက်ခဲ့ပြီး သိမ်းဆည်းထားသော ပစ္စည်းများအား စိုက်ပျိုးရေးဦးစီးဌာနတွင် သိမ်းဆည်းထားကြောင်း သိရှိရပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**

## ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ မြို့ပေါ်ရှိ ရောရတနာ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲပြုလုပ်

ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာနမှ ခေတ္တတိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းနိုင်နှင့် ဝန်ထမ်းများသည် ပုသိမ်မြို့ပေါ်ရှိ ဧရာရတနာကိုယ်ပိုင်အထက်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက်က ကျင်းပပြုလုပ်ရာ ဆရာ/ဆရာမ၊ ကျောင်းသား/ကျောင်းသူ ၁၀၀ ဦးခန့် တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် ခေတ္တတိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းနိုင်က စားသုံးသူရေးရာ ဦးစီးဌာန၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူရေးရာ ဌာနခွဲမှူး ဦးစောမိုက်ကယ်မှ ခွင့်မပြုဆိုးဆေးများ၊ ရက်လွန် အစားအစာများ၊ ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသော စားသောက်ကုန်၊ လူသုံးကုန်နှင့် ဆေးဝါးများ၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာဗဟုသုတများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပြီး၊ အသိပညာပေး လက်ကမ်း စာစောင်များ၊ ဂျာနယ်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး (ပုသိမ်)**

## စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ စားသုံးသူရေးရာအဖွဲ့ငယ်များ ဖွဲ့စည်း

ကလေးခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ နိုဝင်ဘာ ၁၄ ရက်က နတ်ချောင်းကျေးရွာ၊ အ. ထ. က ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပြီး၊ ချောင်းခွ အလက (ခွဲ) ကျောင်းတွင် ကျောင်းစားသုံးသူရေးရာ အဖွဲ့ငယ်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

နတ်ချောင်းကျေးရွာ၊ အ. ထ. က ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောခဲ့ရာတွင် ကလေးခရိုင်ဦးစီးမှူး ဦးစိုးအောင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းအရာများနှင့် စားသုံးသူများ၏ ရပိုင်ခွင့်အခွင့်အရေးများ၊ Ready Made အစားအစာများ ဝယ်ယူစားသုံးရာတွင် ရွေးချယ်ဝယ်ယူ စားသုံးနိုင်စေရန်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းထိုက်အောင်က စာဖတ်ရှိန်မြှင့်မားရေး အသိပညာပေးအကြောင်းသိကောင်းစရာများ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပါသည်။

ဆက်လက်၍ ချောင်းခွကျေးရွာ၊ အလက (ခွဲ) ကျောင်းသို့ သွားရောက်ပြီး ကျောင်းစားသုံးသူရေးရာ အဖွဲ့ငယ် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး၊ ၎င်းအဖွဲ့တွင် နာယကအဖြစ် ကျောင်းအုပ်ကြီး ဦးပြုံးစိန်၊ ပထမခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်၊ တတိယခေါင်းဆောင်နှင့် အဖွဲ့ဝင် စုစုပေါင်း ရှစ်ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ကျောင်းစားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်းရာတွင် ကလေးခရိုင်ဦးစီးမှူး ဦးစိုးအောင်က ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များနှင့် ရှေ့ဆက်လက်၍ မိမိတို့ဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အဖွဲ့ဝင်များသို့ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**မြင့်အောင် (ကလေး)**

## သက်တမ်းကုန်ဆုံးနေသည့် ဆေးဝါးများမီးရှို့ဖျက်ဆီး

ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသော ဆေးဝါးများနှင့်ပတ်သက်၍ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထိရောက်သော အကျိုးအာနိသင်အပြည့်အဝရရှိရေးအတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် စားသုံးသူရေးရာဦးစီးဌာန (DOCA)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ မြို့နယ်ဆေးဝါးကြီးကြပ်မှုကော်မတီတို့၏ ကွင်းဆင်း စစ်ဆေးမှု၊ အသိပညာပေး ဆွေးနွေးမှုများကြောင့် A A. medical products Co.Ltd နှင့် မြတ်မွန် ဆေးဆိုင်များမှ သက်တမ်းကုန်ဆုံးသည့် စားဆေး၊ ထိုးဆေး၊ ဆေးရည်မျိုးစုံနှင့် ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းများကို FDA ထံ ဆက်သွယ်အပ်နှံခဲ့ပါသည်။

အပ်နှံခဲ့သည့် ဆေးဝါးများ၏ ခန့်မှန်းတန်ဖိုးမှာ ဆေးကုမ္ပဏီ မှ ၂၆၆ သိန်းကျော်နှင့် မြတ်မွန်ဆေးဆိုင်မှ ကျပ် ၃၅ သိန်းကျော်၊ စုစုပေါင်း ကျပ်သိန်း ၃၀၀ ကျော်ဖြစ်၍ စားသုံးသူရေးရာဦးစီးဌာန၊ FDA ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ဆေးကုမ္ပဏီနှင့် မြတ်မွန်ဆေးဆိုင်မှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ ပါဝင်သောအဖွဲ့ဖြင့် မြစ်ကြီးနားမြို့ နန်ကျင်ကျေးရွာရှိ အမှိုက်စွန့်ပစ်သည့်နေရာ၌ နိုဝင်ဘာ ၂ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခွာညို (မနောမြေ)**

## FDA တားမြစ်ဘုတ်ဆုံမတံဆိပ်တွေ့ရှိ သိမ်းဆည်း

ကျိုင်းတုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်များအရ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များက ကျောင်းမုန့်ဆိုင်များ၊ ရပ်ကွက်ကျေးရွာများအတွင်းရှိစတိုးဆိုင်/ ကုန်စုံဆိုင်များ၊ စည်ပင်သာ ယာဈေးများအား ကွင်းဆင်းစစ်ဆေးအသိပညာပေးခြင်း၊ သိမ်းဆည်းအရေးယူခြင်းများ ဆောင်ရွက်ခြင်းဖြင့် စားသုံးသူများ၏အခွင့်အရေးများ ရရှိခံစားစေရေး၊ ဘေးဥပဒ်အန္တရာယ်ကင်း၍ သက်ရှည်ကျန်းမာစေရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိ စေရေးတို့ဖြစ်ပေါ်လာစေရေး ရည်ရွယ်ကြောင်း သိရပါတယ်။ နိုဝင်ဘာလ ၁၅ ရက်တွင် စားသုံးရန်မသင့်ဟု ယူဆရသော စားသောက်ကုန်များ ရောင်းချနေကြောင်း ပြည်သူတစ်ဦး၏ Online မှတစ်ဆင့် သတင်းပေးတိုင်ကြားချက်အရ နိုဝင်ဘာလ ၁၆ ရက်တွင် ကျိုင်းတုံခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများ၊ ခရိုင်ကျန်းမာရေး၊ မြို့နယ်ထွေ/အုပ်၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူကြီးတို့ ပါဝင်သော အဖွဲ့မှကျိုင်းတုံမြို့ နောင်ကုန်အုပ်စု ကျိုင်းလိတ်ကျေးရွာရှိ ကုန်စုံဆိုင်ခုနစ်ဆိုင်အား ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာ ကုန်စုံဆိုင်ခြောက်ဆိုင်မှ FDA တားမြစ်ဘုတ်ဆုံမတံဆိပ် အရောင်တင်မှုန့် ကျပ် ၂၈၀၀၊ ပြည်ပထုတ်သက်တမ်းလွန်မုန့်ကျပ် ၄၀၀၊ ပုပ်သိုးနေသော ပြည်ပနိုင်ငံထုတ် အေးခဲအသား/ဒေသဝက်သား/ခရမ်းချဉ်သီး ကျပ် ၁၂၉၀၀၊ ထောက်ခံချက်မရှိ တရုတ်နိုင်ငံထုတ်စားသောက်ကုန် ကျပ် ၃၇၅၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၅၃၆၀၀ အား တွေ့ရှိ၍ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၉ အရ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိပါတယ်။ သက်တမ်းလွန် စားသောက်ကုန်များ၊ ပြည်တွင်းဌာန/အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံချက်မပါသော စားသောက်ကုန်များ ဆက်လက်ရောင်းချခြင်းမပြုရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အချက်များအား လိုက်နာဆောင်ရွက်ခြင်း မရှိပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းကို ရှင်းလင်းခဲ့ကြောင်း အဆိုပါအဖွဲ့ထံမှ သိရှိရပါတယ်။

**ရန်နောင်(ကျိုင်းတုံ)**

# မုံရွာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပပြီး သိမ်းဆည်းပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကျင်းပ

မုံရွာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင်များနှင့် ဧည့်သည်များ စုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် မုံရွာခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၁၇) ချက်အနက် စားသုံးသူကာကွယ်ရေးနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သက်ဆိုင်လျက်ရှိသည့် အကြောင်းအရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပြီး၊ မုံရွာခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးသက်နိုင်က ယခင်လ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် အောက်တိုဘာလနှင့် နိုဝင်ဘာလ ၁၅ ရက်နေ့ထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် အစည်းအဝေး တက်ရောက်သူများက စားသုံးသူရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

ဆက်လက်၍ မုံရွာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ မုံရွာခရိုင်အတွင်း ဈေးများနှင့် ကျောင်းမုန့်ဈေးတန်းများသို့ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးရာတွင် သိမ်းဆည်းခဲ့သော စားသုံးရန်မသင့် စားသောက်ကုန်ပစ္စည်းများနှင့် FDA မှ တားမြစ်ထားသော လူသုံးကုန်ပစ္စည်းများ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ်နှစ်သောင်းကျော်ဖိုးကို မုံရွာခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း မြေကွက်လပ်၌ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင် (မုံရွာ)**

# ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၉ ရက်တွင် ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင်ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ဟသ်ာတ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး၊ ဟသ်ာတခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကြည်ဟန်က အထက်လမ်းညွှန်ချက်များ၊ အမှာစာများ၊ ဆွေးနွေးဆုံးဖြတ်ရမည့် အချက်များနှင့် ဇလွန်မြို့နယ်နှင့် ကြံခင်းမြို့နယ်တို့မှ သိမ်းဆည်းထားသော ကုန်စည်များကို အဖွဲ့ဖြင့် ဖျက်ဆီးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အဖွဲ့ဝင်နှင့် ဖိတ်ကြားသူ ၂၆ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**



# စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးမှ စားသောက်ကုန် ထုတ်လုပ်ရောင်းချသူများအား စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီက ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး၌ နိုဝင်ဘာ ၁၄ရက်တွင် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီက ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာနှင့်ပတ်သက်၍ စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးမြင့်စိုးက စစ်ကိုင်းမြို့ပေါ်ရှိ စားသောက်ကုန် ထုတ်လုပ်ရောင်းချသူများအား ရှင်းလင်းပွဲပြုလုပ်ခဲ့ရာ ရေသန့်လုပ်ငန်း၊ ခေါက်ဆွဲခြောက်/ မုန့်တီခြောက်လုပ်ငန်း၊ လက်ဖက်/ပဲကြော်စုံလုပ်ငန်း၊ ကိတ်မုန့်/ပေါင်မုန့် လုပ်ငန်း၊ ဆီစက်လုပ်ငန်း၊ ပဲမုန့် လုပ်ငန်း စသည့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးမြင့်စိုးက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းပြုလုပ်ရာတွင် စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များ သုံးစွဲပုံနှင့်ပတ်သက်သော သတင်းအချက်အလက်နှင့် ညွှန်ကြားချက် များကို မြန်မာဘာသာနှင့်ဖြစ်စေ၊မြန်မာဘာသာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက်က အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ အား စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီက ထုတ်ပြန်ခဲ့ကြောင်း၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှ ခြောက်လပြည့်မြောက်သည့်နေ့တွင် စတင်အာဏာ သက်ရောက်မည်ဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်လုပ်သော ကုန်စည်များတွင် သုံးစွဲပုံအညွှန်း၊ ထားသို သိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးတို့ကို မြန်မာဘာသာနှင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေဖော်ပြရမည်ဖြစ်ပြီး၊ ဖော်ပြရမည့် ဦးစားပေး ကုန်စည်များမှာ အစားအသောက်များ၊ အိမ်သုံးပစ္စည်းများ၊ ကလေးအသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးသုံးပစ္စည်းများ၊ ဆေးဝါးနှင့်ဖြည့်စွက်စာများ၊ ဓာတုဗေဒပစ္စည်းများ၊ အလှကုန် ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာတို့ဖြစ်ကြောင်း၊ လိုက်နာခြင်းမရှိသော စီးပွားရေးလုပ်ငန်းရှင်များကို စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ (၁၉) အရ အရေးယူသွားမည်ဖြစ်ကြောင်း၊ ထိုအချိန်ရောက်လျှင် အမိန့်ကြော်ငြာစာပါအချက်များကို လိုက်နာခြင်းမရှိသူများအား သက်ညှာမည်မဟုတ်ကြောင်း၊ ကုန်ထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် ကုန်သွယ်ရောင်းဝယ်သူများ အနေဖြင့် နစ်နာနိုင်မည်ဖြစ်သောကြောင့် အမိန့်ကြော်ငြာစာ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာသူများမှ တက်ရောက် နိုင်ခြင်းမရှိသူများကို ပြန်လည်ဖြန့်ဝေပေးစေလိုပါကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊ တားမြစ်ချက်များနှင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများအတိုင်း လိုက်နာ ဆောင်ရွက်သွားကြရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်စောဝင်း (စစ်ကိုင်း)**

## မြိတ်မြို့နယ်အတွင်း စာသင်ကျောင်းများနှင့် ကျောင်းပတ်ဝန်းကျင်ရှိ မုန့်ဆိုင်များသို့ ကွင်းဆင်းစစ်ဆေး

မြိတ်မြို့ စာသင်ကျောင်းများနှင့် ကျောင်းပတ်ဝန်းကျင်ရှိ မုန့်ဆိုင်များ စိစစ်ကြပ်မတ်ရေး ကော်မတီ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် စားသုံးသူရေးရာ ဦးစီးဌာန)တို့သည် မြိတ်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများသို့ နိုဝင်ဘာ ၂၆ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ နံနက်ပိုင်းတွင် မြစ်ငယ်ရပ်၊ အမှတ်(၁)၊ အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ နေ့လယ်ပိုင်းတွင် သာကေတရပ်၊ အမှတ်(၄)၊ အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း သွားရောက် စစ်ဆေးခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သုံးစွဲရန်မသင့်ကြေညာထားသော မုန့်များ ရှိ/မရှိ ကိုလည်းကောင်း၊ ဆိုးဆေးပါသော မုန့်များရှိ/မရှိကိုလည်းကောင်း၊ သက်တမ်းလွန်မုန့်များ ရှိ/မရှိကိုလည်းကောင်း ကွင်းဆင်း စစ်ဆေးခဲ့ပြီး မုန့်ဆိုင်များတွင် ရောင်းချနေသော စားသောက်ကုန်မုန့်များ၌ အမှတ်တံဆိပ် ဖော်ပြချက်များတွင် မြန်မာဘာသာ (သို့မဟုတ်) အင်္ဂလိပ်ဘာသာများဖြင့် ဖော်ပြချက်ပါရှိမှသာရောင်းချရန်နှင့် မြန်မာဘာသာ (သို့မဟုတ်) အင်္ဂလိပ်ဘာသာပါဝင်ဖော်ပြထားခြင်း မရှိသော မုန့်များ (ထိုင်းဘာသာ (သို့မဟုတ်) တရုတ်ဘာသာတစ်ခုတည်းပါ)ကိုရောင်းချခြင်းမပြုရန် အသိပညာပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **ကျော်ဝင်းနိုင် (မြိတ်)**

# တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းဟောပြောပို့ချ

ကချင်ပြည်နယ် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေးကို အထောက်အကူဖြစ်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ 'တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း'ကို ဖွင့်လှစ်ပို့ချပါသည်။

အဆိုပါသင်တန်းတွင် နိုဝင်ဘာလ ၁၃ ရက်၌ စားသုံးသူရေးရာဦးစီးဌာန၊ မြစ်ကြီးနားခရိုင်ဦးစီးမှူး ဦးကျော်မြင့်က စားသုံးသူရေးရာ ဦးစီးဌာန ဖွဲ့စည်းပေါ်ပေါက်လာပုံ၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ ဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ တည်ဆဲစားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် မကြာမီ အတည်ပြုပြဋ္ဌာန်းတော့မည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေအသစ်တွင် ပြဋ္ဌာန်းထားသည့် စားသုံးသူများ၏အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်စည်နှင့်ဝန်ဆောင်မှုအပေါ် အာမခံပေးခြင်း၊ ကုန်ညွှန်းအမှတ်အသားနှင့် သတင်းအချက်အလက်များကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည့်စုံစွာဖော်ပြခြင်း၊ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းတို့နှင့် ပတ်သက်၍ လိုက်နာရမည့် အချက်များနှင့် ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ချက်များ၊ ဥပဒေပြဋ္ဌာန်းချက်များကိုဖောက်ဖျက်ကျူးလွန်ပါက အရေးယူခံရမည့် ပြစ်မှုနှင့် ပြစ်ဒဏ်များ အကြောင်းကို အကျယ်အဝင့် ဟောပြောဆွေးနွေးပို့ချခဲ့ပါသည်။

အဆိုပါ ကချင်ပြည်နယ်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြုလုပ်ကျင်းပသော တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၌ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း ဟောပြောပွဲသို့ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ရုံးဝန်ထမ်းများ၊ ရက်ကန်းကျောင်းမှ ရုံးဝန်ထမ်းများ၊ သင်တန်းသား/သင်တန်းသူများအပါအဝင် ၃၅ ဦးခန့် တက်ရောက်ခဲ့ပါသည်။

**ခွန်ထွန်း**

Vol: 18, No.47 M ber 26 2018



## မက်ဆီမှာ ကစားသမားကောင်း တစ်ဦးဖြစ်သော်လည်း ခေါင်းဆောင်ကောင်း မဟုတ်ဟု မာရာဒိုနာဆို

အာဂျင်တီးနားအသင်း၏ ဂန္ထဝင်ကစားသမား မာရာဒိုနာက ဘာစီလိုနာအသင်း တိုက်စစ်မှူး မက်ဆီမှာ ပြိုင်ဘက်ကင်းသည့် ကစားသမားတစ်ဦးဖြစ်သော်လည်း အသင်းကို ဦးဆောင်နိုင်သည့် အသင်းခေါင်းဆောင် ရာထူးနှင့် မထိုက်တန်ကြောင်း၊ အသင်းအတွက် ခေါင်းဆောင်ကောင်း မဟုတ်ကြောင်း ပြောဆိုလိုက်သည်။

မက်ဆီသည် ဘာစီလိုနာအသင်းမှ ဇာဗီနှင့် အင်နီယေစတာတို့ အနားယူသွားပြီးနောက်တွင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူလာခဲ့သော်လည်း အသင်းကို ကောင်းစွာဦးဆောင်နိုင်ခြင်းမရှိကြောင်း ဝေဖန်မှုများ ပေါ်ထွက်လာပြီးနောက်တွင် မက်ဆီနှင့် တစ်နိုင်ငံတည်းသားဖြစ်သူ မာရာဒိုနာက ထိုကဲ့သို့ ထပ်မံဝေဖန်လိုက်ခြင်းဖြစ်သည်။

မာရာဒိုနာက 'မက်ဆီဟာ တကယ့်ကို ပါရမီရှင် ကစားသမားတစ်ယောက်ပါ။ ကမ္ဘာပေါ်မှာ အကောင်းဆုံး ကစားသမားတစ်ဦးဆိုရင်လည်း မမှားပါဘူး။ သူ့လို ကစားသမားက နှစ်ယောက် မရှိပေမယ့် သူဟာ အသင်းခေါင်းဆောင် တာဝန်ကိုယူပြီး အသင်းကို အကောင်းဆုံးဦးဆောင်ပွဲကိုင်နိုင်တဲ့ ကစားသမားမျိုးတော့ မဟုတ်ပါဘူး။ လက်ရှိ ဘာစီလိုနာအသင်းရဲ့ အနေအထားကိုပဲ ကြည့်ပါ။ ဇာဗီ၊ အင်နီယေစတာတို့ ထွက်သွားပြီးချိန်မှာ မက်ဆီကို အသင်းခေါင်းဆောင်ရာထူးပေးတယ်။ အသင်းတိုးတက်မလာဘဲ ရလဒ်ကောင်းရဖို့ကို ခက်ခက်ခဲခဲ ကြိုးပမ်းနေရတယ်။ မက်ဆီကို အသင်းခေါင်းဆောင်ရာထူးမပေးဘဲ သူ့ကို လွတ်လွတ်လပ်လပ် ကစားခွင့်ပေးသင့်တယ်။ အသင်းခေါင်းဆောင်ရာထူးက ချုပ်ချယ်ထားသလို ဖြစ်နေတယ်' ဟု မက်ဆီအပေါ် ၎င်း၏အမြင်ကို Fox Sports သတင်းဌာနသို့ ပြောကြားလိုက်သည်။

## ဂျိမ်းစ်ရိုဒရီဂွက်ဇ်၏ အနာဂတ်ကို အလျင်စလို ဆုံးဖြတ်မည်မဟုတ်ဟု ဘိုင်ယန်အသင်းဥက္ကဋ္ဌပြော



ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်း၏ ဥက္ကဋ္ဌဖြစ်သူ ရမ်မီနက်ဂီက အသင်းတိုက်စစ်ကစားသမား ဂျိမ်းစ်ရုဒရီဂွက်ဇ်၏ အနာဂတ်ကို အလျင်စလို ဆုံးဖြတ်သွားမည် မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ရီးရဲလ်မက်ဒရစ်အသင်းမှ နှစ်နှစ်အငှားစာချုပ်ဖြင့် ခေါ်ယူထားခြင်းဖြစ်ပြီး အငှားစာချုပ်သက်တမ်း ပြည့်မှသာ ၎င်းကစားသမားနှင့်ပတ်သက်၍ အပြီးသတ်ခေါ်ယူသင့်၊ မခေါ်သင့်ကို စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်း ဥက္ကဋ္ဌ ရမ်မီနက်ဂီက 'ဂျိမ်းစ်ရိုဒရီဂွက်ဇ်နဲ့ စာချုပ်သက်တမ်းက ၂၀၁၉ခုနှစ် ဇွန် ၁၅ ရက်မှ ပြည့်မှာပါ။ ဂျိမ်းဟာ ပြီးခဲ့တဲ့ရာသီကလည်း ဘိုင်ယန်မြူးနစ်အတွက် အကောင်းဆုံးပေးဆပ်ခဲ့သလို ဒီနှစ်ရာသီမှာလည်း သူဟာ အသင်းအတွက် တန်ဖိုးရှိတဲ့ ကစားသမားတစ်ဦးပါ။ အပြောင်းအရွှေ့ကိစ္စကို သူနဲ့စကားပြောဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဒါပေမယ့် သူ့ကိစ္စက တစ်ဖက်ထဲနဲ့မပြီးပါဘူး။ ကစားသမားရဲ့ သဘောထားက အရေးကြီးသလို သက်ဆိုင်ရာ နှစ်ဖက်အသင်းအချင်းချင်းလည်း တွေ့ဆုံညှိနှိုင်းဖို့လိုအပ်ပါတယ်။ ဂျိမ်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှာ အရေးပါတဲ့ ကစားသမားတစ်ဦးဖြစ်ပေမယ့် သူ့ရဲ့အနာဂတ်ကိုတော့ စာချုပ်သက်တမ်း ကုန်ခါနီးမှပဲ စဉ်းစားမှာပါ'ဟု ပြောကြားလိုက်ခြင်းဖြစ်သည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ဘိုင်ယန်မြူးနစ်အသင်းနှင့် အပြီးသတ် စာချုပ်ချုပ်ဆိုနိုင်ခြင်း မရှိပါက ၎င်းကစားသမားသည် အင်္ဂလန်ပရီးမီးယားလိဂ် ထိပ်တန်းအသင်းတစ်သင်းသို့ ရောက်ရှိလာနိုင်ကြောင်း သတင်းများပေါ်ထွက်လျက်ရှိနေသည်။

## ဘာစီလိုနာအသင်းကို နေမာ ပြန်မသွားသင့်ဟု ဇာဗီဆို


ဘာစီလိုနာအသင်း၏ ကွင်းလယ်ကစားသမားဟောင်း ဇာဗီက နေမာအနေဖြင့် အသင်းဟောင်း ဘာစီလိုနာအသင်းထံသို့ ပြန်လည်သွားရောက်ပြီး မကစားသင့်ကြောင်း ပြောဆိုလိုက်သည်။ တိုက်စစ်မှူး နေမာသည် ပြင်သစ်လီဂူးဝမ်း ကလပ် ပီအက်စ်ဂျီအသင်းတွင် ၎င်း၏ ဒုတိယ မြောက်ရာသီအဖြစ် ခြေစွမ်းပြ ကစားနေသော်လည်း နေမာနှင့် ပတ်သက်၍ အပြောင်းအရွှေ့ သတင်းများက အမြဲလိုလို ထွက်ပေါ်လျက်ရှိနေသည်။



ဘာစီလိုနာအသင်းက နေမာကို ပြန်ခေါ်ကောင်း ခေါ်နိုင်သလို နေမာကလည်း အသင်းဟောင်းကို ပြန်သွားရန် ဆန္ဒရှိကောင်း ရှိနိုင်ကြောင်း၊ သို့သော် နေမာအနေဖြင့် မည်သည့်အသင်းမျိုးတွင် ကစားသည်ဖြစ်ပါစေ အောင်မြင်မှု ရရှိမည်ဖြစ်ကြောင်း၊ နယ်မြေသစ်တွင် စိန်ခေါ်မှုအသစ်၊ အတွေ့အကြုံသစ်များကို ရှာယူသင့်ကြောင်း ဇာဗီက နေမာနှင့်ပတ်သက်၍ ပြောကြားလိုက်ခြင်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းက နေမာကို ထွက်ခွာခွင့်ပြုမည်ဆိုပါက ဘာစီလိုနာအသင်းက ပြန်လည်ခေါ်ယူလိုနေကြောင်း သတင်းများထွက်ပေါ်နေသော်လည်း အဆိုပါသတင်းနှင့်ပတ်သက်၍ ကစားသမားဘက်ကမူ မည်သည့် မှတ်ချက်မျှ ပြန်လည်ပေးလာခြင်းမရှိကြောင်း သိရသည်။

## စပါးအသင်း ကွင်းသစ်ကြီးသို့ လာမည့် ဖေဖော်ဝါရီတွင် ပြောင်းရွှေ့ကစားဖွယ်ရှိနေ

အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် စပါးအသင်းသည် ဝိုက်ဟတ်လိန်းကွင်းကို အသစ်တစ်ဖန် ပြန်လည်ပြင်ဆင်သည့်အနေဖြင့် အကြီးစားပြင်ဆင်လုပ်ဆောင်လျက်ရှိရာ ယခုအချိန်တွင် ရာနှုန်းပြည့်ပြီးစီးတော့မည်ဖြစ်သည်။ ထို့ကြောင့် စပါးအသင်းအနေဖြင့် အကြီးစား ပြန်လည်ပြင်ဆင်ထားသည့် အဆိုပါ ကွင်းသစ်ကြီးသို့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ပြောင်းရွှေ့ကစားတော့မည်ဖြစ်ကြောင်းသိရသည်။



ဝိုက်ဟတ်လိန်းကွင်းကို အကြီးစားပြင်ဆင်မှုအနေဖြင့် ၂၀၁၂ခုနှစ်က လုပ်ငန်းစတင်ခဲ့ပြီး ၂၀၁၈တွင် အလုံးစုံပြီးစီးမည်ဟု ခန့်မှန်းထားသော်လည်း လုပ်ငန်းပိုင်း ကြန့်ကြာမှုများရှိနေ၍ ၂၀၁၉ နှစ်ဦးပိုင်းရောက်မှသာ ပြီးစီးနိုင်မည်ဖြစ်သည်။ ယခုပြင်ဆင်ပြီးသည့် ကွင်းသစ်ကြီးကို Tottenham Hotspur Stadium ဟု အမည်ပေးထားပြီး ပြန်လည်ပြင်ဆင်သည့် ကုန်ကျစရိတ်မှာ ပေါင်သန်း ၃၅၀ နှင့် ပေါင်သန်း ၄၀၀ ကြား ကုန်ကျကြောင်း၊ ထို့ကြောင့် မူလကုန်ကျစရိတ်နှင့် ပေါင်းပါက Tottenham Hotspur Stadium ကွင်း၏ စုစုပေါင်း ကုန်ကျစရိတ်မှာ ပေါင်သန်း ၈၅၀ ဖြစ်ကြောင်း သိရသည်။ ပြန်လည်ပြင်ဆင်လိုက်သည့် ကွင်းသစ်မှာ ပရိသတ် ၆၂၀၆၂ ဦးဝင်ဆံ့ပြီး အလျား ၁၀၄ ဒသမ ၈ ကိုက်နှင့် အနံ ၇၄ ဒသမ ၄ ကိုက် ကျယ်ဝန်းသည်။ ကွင်းသစ်ပြန်လည်ပြင်ဆင်နေချိန် ဝင်ဘလေကွင်း၌ ယာယီကစားနေခြင်းဖြစ်သည်။

## တိုက်စစ်မှူး မာနေး လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းတိုး ချုပ်ဆို

လီဗာပူးအသင်း၏ တိုက်စစ်မှူး တစ်ဦးဖြစ်သူ မာနေးသည် အသင်းနှင့် စာချုပ်လက်ကျန်ရှိနေသေးသော်လည်း နောက်ထပ် နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်သည်။

မာနေးသည် ၂၀၁၆ ခုနှစ်က ဆောက်သမ်တန်အသင်းမှ ပေါင် ၃၄ သန်းဖြင့် လီဗာပူးအသင်းသို့ ရောက်ရှိလာခြင်း ဖြစ်ပြီး လီဗာပူးအသင်းအတွက် ၈၉ ပွဲတွင် ဂိုး ၄၀ သွင်းပေးထားသည်။

လီဗာပူးအသင်းနှင့် ငါးနှစ် စာချုပ်သက်တမ်းတိုးနိုင်ခဲ့သည့် မာနေးက ' လီဗာပူးအသင်းနဲ့ ကာလရှည် စာချုပ်ချုပ်ဆိုနိုင်ခဲ့လို့ ကျွန်တော့်အနေနဲ့ များစွာ ဝမ်းသာဂုဏ်ယူရပါတယ်။ ဒီလိုဖြစ်လာဖို့ကို ကျွန်တော့်အနေနဲ့ အများကြီး မျှော်လင့်ထားခဲ့တာပါ။ အခုလို စာချုပ်ချုပ်ဆိုနိုင်ခဲ့တဲ့ရက်ဟာ ကျွန်တော့်အတွက် အကြီးမြတ်ဆုံး နေ့တစ်နေ့ပါပဲ။ အသင်းနည်းပြ အပါအဝင် အသင်း တာဝန်ရှိသူတွေက ကျွန်တော့်ကို ယုံကြည်အသိအမှတ်ပြုသလို ကျွန်တော့်ဘက်ကလည်း အသင်းအတွက် အကောင်းဆုံး ပေးဆပ်သွားမှာပါ' ဟု ပြောကြားခဲ့သည်။



ထို့ပြင် မာနေးက လီဗာပူးအသင်းမှ စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းလာမှုကို မိမိအနေဖြင့် စဉ်းစားချိန်ပင်မယူခဲ့ဘဲ ချက်ချင်းသဘောတူညီခဲ့ကြောင်း၊ မိမိအနေဖြင့် လတ်တလောကာလတွင် များစွာပျော်ရွှင်နေကြောင်း၊ လီဗာပူးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံ ဆုဖလားများသာမကဘဲ ဥရောပချန်ပီယံလိဂ် ဆုဖလားများကိုလည်း ရယူသွားလိုကြောင်း၊ လီဗာပူးအသင်းဖော်များနှင့် တွဲကစားရသည်မှာ များစွာပျော်ရွှင်ကြောင်း ထုတ်ဖော်ပြောကြားသည်။

တိုက်စစ်မှူး မာနေးသည် ယခုချုပ်ဆိုလိုက်သည့် စာချုပ်သစ်ကြောင့် လီဗာပူးအသင်းတွင် ၂၀၂၃ ခုနှစ်အထိ ရှိနေတော့မည်ဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

# မြန်မာနိုင်ငံ ကြံနှင့်သကြားစက်မှုလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေဖို့

(ယခင်တစ်ပတ်မှအဆက်)

တောင်သူများကို စက်ရုံအနေဖြင့် ကွန်ပေါင်းမြေဩဇာ ကြံတစ်ဧကလျှင်(၅)အိတ်နှုန်း၊ တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် အကြွေးစနစ်ဖြင့်ရောင်းချပေးခြင်း၊ ၂၀၁၇-၂၀၁၈ ကြံရာသီတွင် စိုက်စရိတ်ထုတ်ပေးခြင်းမရှိကြောင်း၊ ကြံဝယ်ယူသည့်အခါ စာချုပ်ချုပ်ဆိုဝယ်ယူခြင်း၊ တောင်သူများကိုလည်း ရေလိုအပ်သည့် နေရာများတွင် စက်ရေတွင်းတူးပေးခြင်း၊ ပေါင်းရှင်းစရိတ်ပေးခြင်း၊ ကျေးရွာအုပ်စုအလိုက် ကြံဝယ်ယူရေးဒိုင် သတ်မှတ်ဝယ်ယူခြင်း၊ ကြံစိုက်တောင်သူများကို အလှည့်ကျစနစ်ဖြင့် ခုတ်ခိုင်းစေပြီး စက်ရုံမှ သယ်ယူရန် မော်တော်ယာဉ် စီစဉ်ပေးခြင်း၊ ခုတ်ခ၊ သယ်ယူစရိတ်အပါအဝင် စက်ရုံအရောက် ကြံတစ်တန်လျှင် ကျပ် ၄၅၀၀၀ ဖြင့် ဝယ်ယူကြောင်း သိရှိရပါသည်။

## ရေတာရှည်မြို့နယ် ကြံစိုက်တောင်သူများ၏ အခြေအနေ

ရေတာရှည်သကြားစက်သည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့ အရှေ့မြောက်ဘက် ၇ မိုင်ခန့်အကွာတွင် တည်ရှိပြီး တစ်ရက်လျှင် ကြံတန်ချိန် ၁၅၀၀ ကြိတ်ခွဲနိုင်ပါသည်။ ယခုအခါ Delicious Company သည် နိုင်ငံတော်မှငှားရမ်း၍ လုပ်ကိုင်နေကြောင်း သိရှိရပါသည်။ ရေတာရှည်မြို့နယ် ကျောက်ချောင်းကျေးရွာနေ ကြံစိုက်တောင်သူ ဦးစိုးဝင်း၏ ပြောကြားချက်အရ ကြံစိုက်တောင်သူများအနေဖြင့် ရှေးယခင်ကမိရိုးဖလာစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် ကြံတန်ချိန် ၂၀ တန်ခန့်သာ ထွက်ရှိကြောင်း၊ ယခုအခါ ၂၀၁၂ ခုနှစ်ခန့်က ထိုင်းနိုင်ငံမှ စိုက်ပျိုးရေး ပညာရှင်များလာရောက်၍ အစာကျွေး၊ ရေတိုက်စနစ်ဖြင့် စမ်းသပ်စိုက်ပျိုးနိုင်ခဲ့သောကြောင့် ယခုအခါ တစ်ဧကကြံတန်ချိန် ၄၀ တန် နီးပါး ထွက်ရှိကြောင်း၊ စိုက်ပျိုးရာ၌ KUBOTA ကြံစိုက်စက်ဖြင့် တစ်ဧကလျှင် ၄၅၀၀၀ ကျပ်နှုန်းဖြင့် ငှားရမ်း၍ စိုက်ပျိုးနေပါကြောင်း၊ ကြံမျိုးရင်းများအနေဖြင့် အဖြူ (အဆစ်စိပ်) K-84/95 (နဝဒေး)နှင့် ၂၈၃ မျိုးများကို အဓိကစိုက်ပျိုးကြပါသည်။

ကြံစိုက်တောင်သူများ၏ အခက်အခဲများအနေဖြင့် လွန်ခဲ့သော ၅ နှစ်ခန့်မှစ၍ စိုက်ပျိုးစရိတ် ချေးငွေနှင့် ဓာတ်မြေဩဇာမရရှိခြင်း၊ ကျွဲ၊ နွားရှားပါးလာမှုကြောင့် စိုက်ပျိုးရာတွင် စက်များငှားရမ်းသုံးစွဲနေရခြင်း၊ ကြံစိုက်တောင်သူ ၁၀၀ ဦးခန့်တွင် တစ်ဦးသာ စက်ရှိခြင်း၊ သကြားစက်မှ စာချုပ်ချုပ်ဆိုထားသော တန်ချိန်များကို ဝယ်ပြီးပါက ကျန်ရှိသောကြံများကို မဝယ်ပေးနိုင်ခြင်း၊ သကြားစက်ရှိ စက်ယူနစ်များမှာလည်း စက်စွမ်းအားကျဆင်းနေသည်ဟု တောင်သူများမှ ထင်မြင်နေခြင်း၊ ကြံအတိုင်းသာရောင်းချမှုများပြီး ပွတ်ရေကြိတ်စက်ဖြင့် ရောင်းချမှုမရှိသေးခြင်း၊ သကြားစက်မှ ဝယ်ယူသည့်ကတ္တားများ အလေးချိန် မှန်ကန်မှုရှိ/မရှိကို တောင်သူများမှ စစ်ဆေးနိုင်သည့် အခွင့်အရေးမရှိခြင်းတို့ဖြစ်ကြောင်း သိရှိရပါသည်။

## ကသာခရိုင်အတွင်း ဇုန်စနစ်ဖြင့် ကြံစိုက်တောင်သူများ ကြံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

ကသာမြို့နယ်ရှိကြံစိုက်တောင်သူများသည် ကြံစိုက်ပျိုးရာတွင် ပထမနှစ်အထွက်နှုန်းမှာ အရင်းကျေ ရုံသာထွက်ရှိပြီး ဒုတိယနှစ်မှသာ အထွက်နှုန်းတိုးသဖြင့် အရင်းအနှီးစိုက်ထုတ်မှုများပြားခြင်း၊ နိုင်ငံတော်က ကြံစိုက်တောင်သူများကို ကြံစိုက်ပျိုးစရိတ် တစ်ဧကတစ်သိန်းသာ ချေးငွေပေးပြီး ဧက မည်မျှရှိသည်ဖြစ်စေ ၁၀ ဧကအတွက် ကျပ် ၁၀ သိန်းသာ အများဆုံးချေးပေးသဖြင့် စိုက်စရိတ်လုံလောက်မှုမရှိခြင်း၊ ပင်သစ်စိုက်ပျိုးနှစ်တွင် တစ်ဧကကုန်ကျစရိတ်မှာ ပျမ်းမျှကျပ် ၁၀ သိန်း ဝန်းကျင်ကုန်ကျသဖြင့် ပြင်ပ ကုန်သည်များထံမှ အတိုးနှုန်းကြီးစွာ ချေးငှားစိုက်ပျိုးရသဖြင့် ကြံတောင်သူများအနေဖြင့် တွက်ချေမကိုက်ခြင်း၊ ကြံစိုက်ခင်းစိုက်ပျိုးသည်မှ ထွက်ရှိသည်အထိ ပြုစု လုပ်ကိုင်ရသဖြင့် အလုပ်သမားရှားပါးပြီး လုပ်သားခ ဈေးကြီးမြင့်စွာ ငှားရမ်းရခြင်း၊ ကြံစိုက်တောင်သူများမှာ စက်များဖြင့် မလုပ်ကိုင် နိုင်သေးခြင်း၊ ကြံစိုက်ပျိုးရာတွင် အသုံးပြုသော ဓာတ်မြေဩဇာမှာ အရည်အသွေးမမှီသည်များကို အကြွေးဝယ်ယူအသုံးပြုရခြင်း၊ ကြံဈေးနှုန်းနှင့် ကြံပွတ်ရည်၊ သကြားဈေးနှုန်းတို့မှာ နှစ်စဉ်

DOCA (Domestic)

တည်ငြိမ်မှု မရှိခြင်း၊သကြားစက်ရုံများနှင့် ကုန်သည်များကလည်း သကြားဈေးနှုန်း အတက်အကျပေါ်မူတည်၍ သကြားဈေးနှုန်းဖြတ်ဝယ်ယူကြခြင်း စသည့် အခက်အခဲများ ကြုံတွေ့နေကြောင်း သိရှိရပါသည်။

## ကသာခရိုင် ကြံစိုက်ပျိုး ထုတ်လုပ်သူများအသင်းဇုန် (၄) ဇုန်မှ ကြံစိုက်အသင်းဝင် တောင်သူများသို့ ဆောင်ရွက်ပေးမှုနှင့် ဂရိတ်ဝေါလ် ဝေမာသကြားစက်ရုံမှ ပံ့ပိုးမှုအခြေအနေ

ကသာခရိုင်တွင် ထီးချိုင့်မြို့နယ်အတွင်း သကြားစက်ရုံ (၃) လုံး တည်ရှိပြီး ဂရိတ်ဝေါလ်ဝေမာ သကြားစက်ရုံမှာ တစ်ရက် ကြံတန်ချိန် ၇၀၀၀ ကျော် ကြိတ်ဝါးလျက်ရှိပြီး ၂၀၀၈ ခုနှစ်တွင် စတင် လည်ပတ်ကြိတ်ခွဲပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ်၊ မတ်လအထိ ကြံကြိတ်ဝါးမှု တန် (၉)သိန်း ကြိတ်ဝါးခဲ့ရာ သကြားအထွက်တန်(၁)သိန်းကျော်ထွက်ရှိပြီး၊ ကျန်သကြားစက်ရုံ(၂)ရုံမှာ ပုဂ္ဂလိကပိုင်များဖြစ်ပြီး ၎င်းတို့ပိုင် ကြံစိုက်ခင်းနှင့် မိတ်ဖက်တောင်သူများ၏ စိုက်ခင်းများမှ ထွက်ရှိသည့်ကြံများ ကိုသာ ကြိတ်ဝါးလျက်ရှိပါသည်။

ဂရိတ်ဝေါလ်ဝေမာသကြားစက်ရုံအနေဖြင့် ကြံစိုက်တောင်သူများအား တသီးတခြားထောက်ပံ့ ပေးမှုမရှိပါ။ တစ်နှစ်တစ်ခါ ကြံစိုက်တောင်သူများကို ကြိုတင်စာချုပ်ကာ တစ်တန် ကျပ် ၈၀၀၀ နှုန်း ကြိုတင်ပေးခြင်းသာရှိခြင်း၊ အခြားထောက်ပံ့မှုအနေဖြင့် ကြံမြှုပ်ချိန်း ဓာတ်မြေဩဇာအား အကြွေးစနစ်ဖြင့် ထုတ်ပေးကြောင်းသိရှိရပါသည်။ ကြံစိုက်ဧကများပြားသော်လည်း ကြံအများအပြား ဝယ်ယူသောစက်ရုံမှာ ဂရိတ်ဝေါလ်ဝေမာသကြားစက်သာရှိသဖြင့် တခြားစက်ရုံများသို့ ရောင်းစရာ မရှိသောကြောင့် ဈေးနှုန်းနည်းသော်လည်း မရောင်းမဖြစ် ရောင်းရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

## စာမျက်နှာ (၁၂) ပြည်ပဈေးကွက် အလားအလာကောင်းသော . . . . မှအဆက်

### တန်ဖိုးမြင့်ဒန့်သလွန်ထုတ်ကုန်များနှင့် ဈေးနှုန်းအခြေအနေ

| Item | Products | Price | Item | Products | Price |
|---|---|---|---|---|---|
| 1 | Moringa leaf fine powder (120 g) | US$ 53.59 | 4 | Moringa Oil, 100% Pure (4 Ozs Glass Bottle) | US$ 39.99 |
| 2 | 150 Moringa Tea Bags (Natural Super Multi Vitamin) | US$ 79.99 | 5 | Soap Nut, Moringa, Citrus Shampoo | US$ 19.99 |
| 3 | 120 Vegan Moringa Capsules | US$ 30.99 | 6 | Soap Nut & Moringa Peppermint Bar Soap | US$ 6.99 |

Source- https://greenvirginproducts.com/product-category/moringa/

### 'efóv vEfx Gfukefrsm; \ tokjyrIrsm;

ဒန့်သလွန်ပင်မှရရှိသော အစိတ်အပိုင်းအားလုံးကို ပုံစံ အမျိုးမျိုး နေရာအမျိုးမျိုးတွင် အကျိုးရှိစွာ သုံးစွဲနိုင်ကြ ပေသည်။ ထူးခြားသော အစွမ်းသတ္တိများပိုင်ဆိုင်သော ဒန့်သလွန်၏ အသုံးပြုမှုများအား လေ့လာသိရှိထားသမျှ တင်ပြအပ်ပေသည်-

**(က) အစားအစာအဖြစ်အသုံးပြုခြင်း။** ဒန့်သလွန်ပင်၏ အစိတ်အပိုင်းများဖြစ်သော အသီး၊ အပွင့်၊ အရွက်များကို ဟင်းအဖြစ် ချက်ပြုတ်စားသောက်လေ့ရှိကြပြီး ဒန့်သလွန်ရွက်သည် ပရိုတင်း၊ ဗီတာမင် A၊ ဗီတာမင် B၊ ဗီတာမင် C နှင့် သတ္တုဓာတ်များ ကြွယ်ဝစွာ ပိုင်ဆိုင်သောကြောင့် နို့တိုက်မိခင်များ၊ မွေးဖွားပြီးခါစ မိခင်များအတွက် အထူးကောင်းမွန်ကြောင်း သိရှိရပေသည်။ အာဟာရချို့တဲ့နေသော နို့စို့ကလေးများကို ဒန့်သလွန် ရွက်အမှုန့်ကို တိုက်ကျွေးခြင်းဖြင့် အားအင်များ ပြန်လည်ပြည့်ဖြိုးစေနိုင်ကြောင်း ဆီနီဂေါနှင့် အိန္ဒိယနိုင်ငံများ၏ မှတ်တမ်းများအရ လေ့လာသိရှိရပေသည်။ ဒန့်သလွန်အပွင့်များကိုမူ ရေနွေးကြမ်းအဖြစ် ပြုလုပ် သောက်သုံးနိုင်ကြပေသည်။ ဒန့်သလွန်စေ့များတွင် စားသုံးနိုင်သော အဆီပမာဏ ၃၀ ရာခိုင်နှုန်းမှ ၄၀ရာခိုင်နှုန်းအထိ ပါဝင်သောကြောင့် ဒန့်သလွန်စေ့ဆီကို အသုတ်သုပ်ခြင်း၊ ဟင်းချက်ခြင်းများတွင် အသုံးပြုနိုင်ပေသည်။ ထို့ပြင် သံလွင်ဆီနေရာတွင်လည်း အစားထိုးအသုံးပြုနိုင်ကြောင်း သိရှိရပေသည်။

**(ခ) တိရစ္ဆာန်အစာအဖြစ်အသုံးပြုခြင်း။ ။** ဒန့်သလွန်ရွက်များကို အာဖရိကနိုင်ငံများ၌ ယုန်စာအဖြစ် အသုံးပြုကြပေသည်။ ထို့ပြင် ကျွဲနွားများ၊ အိမ်မွေးကြက်၊ ငှက်များ၊ ဝက်များ၏ အစာအဖြစ်အသုံးပြုနိုင်ပြီး အလွန်အကျွံ ကျွေးမွေးခြင်းမပြုသင့်ကြောင်း သိရှိရပေသည်။ ကျွဲနွားများအား ဒန့်သလွန်ရွက်များ ကျွေးခြင်းဖြင့် နေ့စဉ်အလေးချိန် ၃၂ ရာခိုင်နှုန်းအထိ တိုးနိုင်ပြီး နို့ထွက်ရှိမှု ၄၀ ရာခိုင်နှုန်းမှ ၆၅ ရာခိုင်နှုန်းအထိ တိုးလာနိုင်ကြောင်း သိရှိရပေသည်။

**(ဂ) စက်မှုလုပ်ငန်းဆိုင်ရာအသုံးပြုခြင်း။ ။** ဒန့်သလွန်စေ့ဆီအား အမျိုးမျိုးသော စက်မှုလုပ်ငန်းဆိုင်ရာ လုပ်ငန်းများတွင်အသုံးပြုနိုင်ကြပေသည်။ ဒန့်သလွန်စေ့ဆီသည် ၎င်း၏သင်းပျံ့သောရနံ့အား ထိန်းသိမ်းထားနိုင်ခြင်း၊ အချဉ်ဓာတ်မပေါက်ခြင်း စသည်တို့ကြောင့် ရေမွှေးထုတ်လုပ်သော စက်ရုံများတွင်သုံးစွဲကြပေသည်။ ထို့ပြင် အိမ်သုတ်ဆေးများနှင့် ချောဆီများတွင်လည်း ထည့်သွင်းအသုံးပြုလေ့ရှိကြပေသည်။ ထို့ပြင် ဒန့်သလွန်စေ့များကို ရေသန့်လုပ်ငန်းများတွင် အော်ဂဲနစ်ပစ္စည်းများနှင့် သတ္တုအမှုန်များသန့်စင်ရာ၌လည်း အသုံးပြုနိုင်ကြောင်း သိရှိရပေသည်။ ဒန့်သလွန်သားသည် ပေ့ါပါးသည့်အတွက် လက်မှုအသုံးအဆောင် ပစ္စည်းများ ပြုလုပ်ရာတွင် အသုံးပြုနိုင်ပေသည်။ ထို့ပြင် စက္ကူစက်ရုံများအတွက် ဖျော့ဖက်များလည်း ထုတ်လုပ်နိုင်ပေသည်။ အခေါက်ကိုမူ ဆိုးဆေးများပြုလုပ်ရာတွင် အသုံးပြုနိုင်ပေသည်။

**(ဃ) စိုက်ပျိုးရေးဆိုင်ရာအသုံးပြုခြင်း။ ။** ဒန့်သလွန်ရွက်မှ ဖိုက်တိုဟိုမုန်းများထွက်ရှိသောကြောင့် ကုလားပဲ၊ ပဲပိစပ်၊ မြေပဲ၊ ကြံနှင့် ကော်ဖီပင်များ ကြီးထွားမှုကို အထောက်အကူပြုစေနိုင်ပါသည်။

### tdrcHlif; tw Gfpkaw y;jcif;rS pDyG;zpfpkaw y;jcif;q Dodk

စာရေးသူတို့၏ မြန်မာပြည်တွင်မူ ဒန့်သလွန်ပင်ကို အိမ်ခြံဝင်းများတွင် ဟင်းအဖြစ် ချက်ပြုတ် စားသောက်ဖို့ရန်အတွက်သာ စိုက်ပျိုးလေ့ရှိကြပေသည်။ အရွက်ကို ဟင်းချိုရည်အဖြစ်သော်လည်းကောင်း၊ အသီးကို ဟင်းအဖြစ် ချက်ပြုတ်စားသောက်၍သော်လည်းကောင်း သုံးစွဲကြပေသည်။ ဒန့်သလွန်ပင်မှာ ထူးခြားသော အစွမ်းသတ္တိများနှင့် ကျန်းမာရေးအတွက် အထောက်အကူပြုသည့် ဂုဏ်သတ္တိများ များစွာပိုင်ဆိုင်သောကြောင့် စားသောက်ရန်နှင့် ဆေးအဖြစ်သုံးစွဲရန် စိုက်ပျိုးကြသကဲ့သို့ ပြည်ပဈေးကွက်တွင် ဒန့်သလွန်ထုတ်ကုန်များ၏ ဈေးကွက်အလားအလာကောင်းသောကြောင့် စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးပြီး ပို့ကုန်အဖြစ်တင်ပို့နိုင်ရန် လုပ်ဆောင်သင့်ပေသည်။ လူသားတို့၏ ကျန်းမာရေးအတွက် များစွာအကျိုးရှိသောကြောင့် ပြည်တွင်းစိုက်ပျိုးမှု တိုးတက်များပြားလာပါက ခေတ်မီဆေးဝါးများ၊ အစွမ်းထက်သော စားသောက်ကုန်များ ထုတ်လုပ်သုံးစွဲနိုင်မည်ဆိုပါက ပြည်သူများအနေဖြင့် အဖိုးတန်သော သဘာဝထုတ်ကုန်များကို ပေါများစွာသုံးစွဲနိုင်ကြမည်ဖြစ်ပေသည်။ ထို့အပြင် ကုန်ကြမ်းများကို သော်လည်းကောင်း၊ ကုန်ချောများထုတ်လုပ်၍သော်လည်းကောင်း သုံးစွဲမှုများသော ဈေးကွက်နိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက ပြည်ပဝင်ငွေအား တစ်ဖက်တစ်လမ်းက ရရှိမည်ဖြစ်သည့်အပြင် စိုက်ပျိုးသူများအတွက်လည်း အပို ဝင်ငွေရရှိမည်ဖြစ်ပေသည်။ ထို့ကြောင့် အစွမ်းထက်သောဂုဏ်သတ္တိများ များစွာပိုင်ဆိုင်ပြီး ပြည်ပပို့ကုန်အဖြစ် အလားအလာကောင်းသော ဒန့်သလွန်ပင်အား ပြည်ပဝင်ငွေရရှိရေးနှင့် တောင်သူများအပိုဝင်ငွေတိုးစေရေး အိမ်ခြံဝင်းအတွင်း စိုက်ပျိုးခြင်းမှ စီးပွားဖြစ်စနစ်တကျ စိုက်ပျိုးထုတ်လုပ်ခြင်းဆီသို့ ကူးပြောင်းလုပ်ဆောင်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# အမေရိကန်နှင့် ကုန်သွယ်ရေးယှဉ်ပြိုင်မှုကို အစောဆုံးပြေလည်စေရေး ဆောင်ရွက်နေသည်ဟု အိန္ဒိယကုန်သွယ်ရေးဝန်ကြီးပြောကြား

အိန္ဒိယနှင့် အမေရိကန်သည်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးစာချုပ်တစ်ခုဖော်ဆောင်နိုင်ရေး ကမ်းလှမ်းဆွေးနွေးမှုများကို အပြန်အလှန်ဆောင်ရွက်နေသည်ဟု အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Suresh Prabhu က ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားခဲ့ပါသည်။

ထိုသို့ဆွေးနွေးရာ၌ အမေရိကန်ဘက်ကလည်း ကမ်းလှမ်းချက်တစ်ခုပေးထားပြီး အိန္ဒိယအနေဖြင့်လည်း တန်ပြန်ကမ်းလှမ်းချက်တစ်ရပ်ကို ပြန်လည်ပေးထားပြီးဖြစ်သည့်အတွက် ယင်းကိစ္စရပ်အပေါ် နှစ်နိုင်ငံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နေကြောင်း သိရှိရပါသည်။



အိန္ဒိယသံမဏိနှင့် အလူမီနီယံတို့အပေါ် ပြင်းထန်သည့်အခွန်များ အမေရိကန်က စည်းကြပ်ခြင်းအပါအဝင် အိန္ဒိယနှင့် အမေရိကန်အကြား ကုန်သွယ်ရေးအားပြိုင်မှုများ ဆက်တိုက်ဖြစ်ပေါ်နေရာ အိန္ဒိယကလည်း အမေရိကန်ဒေါ်လာ ၂၃၅ သန်းတန်ဖိုးရှိအမေရိကန်သွင်းကုန်များအပေါ် တန်ပြန်ခွန်ကို လာမည့်ရက်သတ္တပတ်မှ စတင်စည်းကြပ်ရန်လျာထားလျက် ရှိပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားရာ၌ အိန္ဒိယသည် အမေရိကန်သို့ ဝန်ဆောင်မှုပို့ကုန်အမြောက်အများကို တင်ပို့နေကြောင်း၊ ရူပီးငွေတန်ဖိုးကျဆင်းနေခြင်းသည် ပို့ကုန်သမားများအတွက် ကောင်းမွန်သည့်အခွင့်အလမ်းတစ်ခုဖြစ်နေကြောင်း၊ အိန္ဒိယအနေဖြင့် စိုက်ပျိုးရေး ပို့ကုန်မူဝါဒတစ်ခုရေးဆွဲနေပြီး အစိုးရအရန်သိုလှောင်မှုများ ပြုလုပ်နေရသည်ဖြစ်ရာ WTO ၌ ဖြေရှင်းရန် ကိစ္စများလည်း ရှိနေသည်ဟု ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ကမ္ဘာ့စီးပွားရေးလုပ်ကိုင်မှုလွယ်ကူခြင်းအဆင့်သတ်မှတ်ချက်တွင် အိန္ဒိယသည် အဆင့် ၂၃ ဆင့် မြင့်တက်လာခဲ့

ပြီးခဲ့သည့်နှစ်များစွာအတွင်း စဉ်ဆက်မပြတ် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် အိန္ဒိယသည် ယခုနှစ်၏ကမ္ဘာ့စီးပွားရေးလုပ်ကိုင်မှုလွယ်ကူခြင်းအဆင့် သတ်မှတ်ချက်တွင် ၇၇ သို့ရောက်ရှိလာခဲ့ပြီး အဆင့် ၂၃ နေရာမြင့်တက်လာခဲ့ကြောင်း၊ အိန္ဒိယသည်ပြီးခဲ့သည့် နှစ်အတွင်းတွင်လည်း စီးပွားရေးပြုပြင် ပြောင်းလဲမှုခြောက်ခုကိုဖော်ဆောင်ခဲ့ကြောင်း၊ သို့ဖြစ်၍ နှစ်နှစ်ဆက်တိုက် ကမ္ဘာ့အဆင့် တိုးတက်ကောင်းမွန်သည့် ထိပ်တန်းနိုင်ငံအဖြစ် အောင်မြင်မှုရရှိခြင်းဖြစ်ပြီး ပြီးခဲ့သည့် လေးနှစ်အတွင်း အစိုးရ၏ ပြုပြင်ပြောင်းလဲမှုစုပေါင်းရလဒ်ဖြစ်သည်ဟု ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးက ပြောကြားခဲ့ပြီး ယခင်နှစ်တွင် အိန္ဒိယသည် အဆင့် ၁၀၀ နေရာတွင်ရှိခဲ့ကြောင်း၊နောက်ဆုံး ပြုပြင်ပြောင်းလဲထားသည့် နယ်ပယ် များမှာ Starting a Business၊ Dealing with Construction Permits၊ Getting Electricity၊ Getting Credit၊ Paying Taxes နှင့် Trading Across Borders နယ်ပယ်များဖြစ်ကြောင်း သိရှိရပါသည်။

ဖော်ပြပါ နယ်ပယ်များတွင် အိန္ဒိယအနေဖြင့် တိုးတက်မှုကောင်းမွန်သော်လည်း Enforcing Contracts နှင့် Registering Property နယ်ပယ်များတွင် နောက်ကျကျန်နေသေးကြောင်း၊ Protecting Minority Investors နယ်ပယ်တွင်ကောင်းမွန်သည့် တိုးတက်မှုရှိခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ရေလွှမ်းမိုးမှုကြောင့် အထွက်နှုန်းကျဆင်းခဲ့ သည့် အတွက် ယခုနှစ်တွင် အိန္ဒိယ၏ကော်ဖီတင်ပို့မှု လျော့ ကျမည်

အိန္ဒိယနိုင်ငံ၊ တောင်ပိုင်းပြည်နယ်များတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်တွင် ထုတ်လုပ်မှုပမာဏမှာ ငါးနှစ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး အိန္ဒိယကော်ဖီတင်ပို့မှုမှာ တန်ချိန် ၂၃၀၀၀၀ သို့ ရှစ်ရာခိုင်နှုန်းခန့် လျော့ကျနိုင်ကြောင်း အိန္ဒိယမှကော်ဖီပို့ကုန်လျော့နည်းသည့်အတွက် ပြီးခဲ့သည့် နှစ်ပတ်အတွင်း အမြင့်ဆုံးနီးပါးဈေးကို ရောက်ရှိနေပြီးဖြစ်သည့် ကမ္ဘာ့ကော်ဖီဈေးနှုန်းကို အထောက်အကူပြုစေနိုင်မည်ဟု သုံးသပ်ထားပါသည်။



အိန္ဒိယတွင် ကော်ဖီအဓိကစိုက်ပျိုးသည့် တောင်ပိုင်းပြည်နယ်များဖြစ်သည့် Karnataka နှင့် Kerala ပြည်နယ်များ၌ ဆိုးဆိုးရွားရွား ရေကြီးခဲ့ကြောင်း၊ ယင်းပြည်နယ်နှစ်ခု၏ ကော်ဖီထုတ်လုပ်မှုမှာ အိန္ဒိယတစ်နိုင်ငံလုံးထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကျော်ခန့်ရှိကြောင်း၊ ပြီးခဲ့သည့်လက်ရှိ ၂၀၁၈-၁၉ ဈေးကွက်ရာသီတွင် တန်ချိန် ၃၁၀၀၀၀ ခန့် ထုတ်လုပ်နိုင်ဖွယ်ရှိပြီး ငါးနှစ်အတွင်း အနိမ့်ဆုံးပမာဏဖြစ်ကြောင်း၊ ရေမကြီးခင်ကမူ တန်ချိန် ၄၀၀၀၀၀ ဝန်းကျင်ခန့် ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၇-၁၈ ဈေးကွက်ရာသီတွင်တန်ချိန် ၃၁၆၀၀၀ သာထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

လက်ဖက်ခြောက် အမြောက်အများထုတ်လုပ်သည့်နိုင်ငံအဖြစ် ထင်ရှားသည့် အိန္ဒိယသည် ကမ္ဘာပေါ်တွင် ကော်ဖီဆဋ္ဌမမြောက် အများဆုံးစိုက်ပျိုးသည့်နိုင်ငံလည်းဖြစ်ကြောင်း၊ အိန္ဒိယအနေဖြင့် Robusta beans အမျိုးအစားကော်ဖီများကို အဓိကစိုက်ပျိုးထုတ်လုပ်ပြီး ဈေးကြီးသည့် Arabica variety အမျိုးအစားကော်ဖီများကိုလည်း စိုက်ပျိုးကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ဈေးနှုန်းထိန်းညှိနိုင်ရန်အတွက် ဒေလီတွင်ကြက်သွန်နီတန်ချိန် ၂၀၀ ခန့်ကို Nafed က နေ့စဉ်ထုတ်ရောင်းပေးမည်

ကြက်သွန်နီဈေးမြင့်တက်နေခြင်းကို တားဆီးနိုင်ရန်အတွက် အစိုးရ အရန်ကုန်စည်ဝယ်ယူရေးကိုယ်စားလှယ်အဖွဲ့အစည်းဖြစ်သည့် Nafed သမဝါယမအသင်းသည် အောက်တို ဘာ ၂၂ ရက်မှစတင်ကာ အစိုးရ၏ အရန်ဝယ်ယူသိုလှောင်ထားသည့် ကုန်စည်များထဲမှ ကြက်သွန်နီများကို နေ့စဉ်တန်ချိန် ၂၀၀ ခန့် ထုတ်ရောင်းပေးရန် စီစဉ်နေကြောင်း သိရှိရပါသည်။

လက်ရှိတွင် အိန္ဒိယ၌ ကြက်သွန်နီထွက်ရှိသည့် ပြည်နယ်များမှ ဒေလီသို့ ကုန်စည်ပေးပို့နိုင်မှုနည်းနေသေးသည့်အတွက် ဒေလီမြို့တွင် ကြက်သွန်နီဈေးနှုန်းမှာ တစ်ကီလိုလျှင် ၃၀ မှ ၄၀ သို့မြင့်တက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အစိုးရက ၎င်းဝယ်ယူထားသည့် ကြက်သွန်နီများမှ နေ့စဉ်တန်ချိန် ၁၀၀ နီးပါး အထိ ပြီးခဲ့သည့် ၁၀ ရက်အတွင်း ထုတ်ရောင်းပေးခဲ့ကြောင်း၊ ဈေးကွက်အတွင်း ကုန်စည်ပမာဏပိုများလာစေရန် ရည်ရွယ်ကာ ယခုဆက်လက်၍လည်း ကြက်သွန်နီများကို နေ့စဉ်တန်ချိန် ၂၀၀ ခန့် ထုတ်ရောင်းရန် စီစဉ်နေကြောင်း၊ ထိုသို့ရောင်းချရာ၌ လက် ကားဈေးကွက်များတွင်သာမက Mother Diary ဆိုင်များတွင်လည်း ရောင်းချပေးမည်ဖြစ်ကာ တစ်ကီလိုလျှင် ၂၆ ရူပီးဝန်းကျင်ဖြင့် သီးနှံသစ် မရောက်ရှိမီ ဒီဇင်ဘာလပထမပတ်ထိ ရောင်းချပေးမည်ဖြစ်ကြောင်း၊ ကြက်သွန်နီအမြောက်အများထုတ်လုပ်သည့် Karnataka နှင့် Andhra Pradesh ပြည်နယ်တို့တွင် ကြက်သွန်နီသစ်များ စတင်ထွက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## ၂၀၁၉ ခုနှစ် မတ်လကုန်တွင် သကြားတန်ချိန် ၁၅ သိန်းခန့် တင်ပို့ရန် Maharashtra ရှိ သကြားစက်များ အသင့်ပြင်

ဘရာဇီး၊ ဥရောပနှင့် ထိုင်းနိုင်ငံတို့က သကြားထုတ်လုပ်မှု ခန့်မှန်းပမာဏအောက် လျော့နည်းခဲ့ခြင်းနှင့် ရူပီးငွေတန်ဖိုးကျဆင်းခြင်းတို့ကြောင့် Maharashtra ပြည်နယ်ရှိ သကြားစက်များသည် လာမည့်မတ်လကုန်ထိအတွင်း သကြားတန်ချိန် ၁၅ သိန်းခန့် တင်ပို့နိုင်ရေး ကြိုးပမ်းရန် အရှိန်မြှင့် ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

ဗဟိုအစိုးရသည်လည်း လာမည့်နှစ်နှစ်အတွင်း သကြားတန်ချိန်ကိုးသန်းခန့် တင်ပို့ရန်စီစဉ်နေပြီး ထိုသို့တင်ပို့နိုင်ရေး အပတ်စဉ်အစည်းအဝေး ကျင်းပရန် ဆုံးဖြတ်ထားကြောင်း၊ ၂၀၁၈-၁၉ နှစ်အတွင်း သကြားတန်ချိန် ငါးသန်းခန့် တင်ပို့နိုင်ရန်အတွက် သကြားစက်များအလိုက် ခွဲတမ်းကို ဗဟိုအစိုးရက သတ်မှတ်ပေးထားပြီး ကြံတစ်တန်လျှင် ၁၃၈ ရူပီးခန့်အထိ Incentives ပေးထားသည့်အပြင် သကြားတင်ပို့မှုအတွက် သယ်ယူပို့ဆောင်ရေး အထောက်အပံ့စရိတ်များကိုလည်း စီစဉ်ပေးထားကြောင်း၊ သို့ဖြစ်၍ သကြားတင်ပို့မှုအတွက် တစ်ကီလိုလျှင် ၁၁ ရူပီးအထိ ထောက်ပံ့ငွေရရှိနိုင်ရန် အစိုးရက ဆောင်ရွက် ပေးထားကြောင်း သိရှိရပါသည်။

သကြားပို့ကုန်တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဘရာဇီးနှင့် တရုတ်နိုင်ငံများသို့ အိန္ဒိယအစိုးရကိုယ်စားလှယ်များသွားရောက်၍ ဈေးကွက်ရရှိရေးကြိုးစားရန် စီစဉ်ထားကြောင်း၊ ပုံမှန်အားဖြင့်မူ အဆိုပါ ဈေးကွက်များအား ထိုင်းနှင့် ဘရာဇီးတို့က နေရာယူထားကြောင်း၊ ယခုနှစ်တွင် ဘရာဇီးနှင့် ထိုင်းတို့က ထုတ်လုပ်မှုပမာဏ လျော့နည်းခဲ့ပြီး ဩစတြေးလျသကြားများမှာလည်း မတ်လနောက်ပိုင်းမှသာ ဝင်ရောက်လာမည်ဖြစ်သည့်အတွက် အိန္ဒိယအနေဖြင့် အထူးအခွင့်အလမ်းရရှိလာနိုင်သည့် အနေအထားဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် ကုန်သွယ်မှုကဏ္ဍမှတစ်ဆင့် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးအတွက် အကူအညီပေးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်က တိုက်တွန်း

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ကျင်းပသော Global Value Chains နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် ကုန်သွယ်မှုကဏ္ဍမှတစ်ဆင့် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးအတွက် လိုအပ်သောအကူအညီများပေးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်က တိုက်တွန်းခဲ့ပါသည်။

လက်ရှိအချိန်၌ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ပိုမိုပါဝင်လာရေးအတွက် အဟန့်အတားများရှိနေကြောင်း၊ အဆိုပါ အဟန့်အတားများကို ကျော်လွှားနိုင်ရေးအတွက် မတည်ရင်းနှီးငွေများပိုမိုရရှိရန် ဖန်တီးပေးခြင်း၊ ကုန်သွယ်မှုမူဝါဒဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပိုမိုနားလည်စေမည့် အစီအစဉ်များ ပြုလုပ်ပေးခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ Awareness များ ပေးခြင်းနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် ပိုမိုပါဝင်နိုင်မည့်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ဖြင့် အမျိုးသမီးများအတွက် လိုအပ်သော အကူအညီ များပေးအပ်သွားရန်မှာ အရေးကြီးကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးတွင် ပါဝင်ချိတ်ဆက်ဆောင်ရွက်ခွင့် ရရှိသော MSMEs လုပ်ငန်းများ၏ ၁၅ ရာခိုင်နှုန်းကိုသာ အမျိုးသမီးများအနေဖြင့် ဦးဆောင်သည့် နေရာရရှိလျက်ရှိကြောင်း၊ အမျိုးသမီးများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် ကုန်သွယ်မှုကဏ္ဍမှတစ်ဆင့် ပိုမိုပါဝင်လာစေရေးအတွက် အဓိကအားဖြင့် ကုန်သွယ်မှုဆိုင်ရာ စံချိန်စံညွှန်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့မှု၊ ကုန်သွယ်မှုဆိုင်ရာ အကူအညီနှင့် ကုန်သွယ်မှုမူဝါဒတို့နှင့် ပတ်သက်၍ Capacity Building မြှင့်တင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Trade and Gender လုပ်ငန်းအဖွဲ့၏ တာဝန်ခံက သုံးသပ်ပြောဆိုခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုကဏ္ဍတွင် အမျိုးသမီးများပိုမိုပါဝင်လာစေရေးအား အထောက်အကူပြုစေရန်ရည်ရွယ်လျက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံအစည်းအဝေးကာလအတွင်း ထုတ်ပြန်ကြေညာခဲ့သော Joint Declaration on Women and Trade အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နှင့် လေ့လာသူအဆင့်နိုင်ငံပေါင်း ၁၁၈ နိုင်ငံတို့နှင့်အတူ ပါဝင်ထောက်ခံခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုကဏ္ဍတွင် အမျိုးသမီးများ ပိုမို ပါဝင်လာစေရေး အစီအစဉ်များတွင် အခြားသော အဖွဲ့ဝင်နိုင်ငံများနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ညီညီအောင် (WTO သံမှူး)**
**ဂျီနီဗာမြို့**

# တောင်ကိုရီးယားအစိုးရအနေဖြင့် စွန့်ဦးတီထွင် လုပ်ငန်းများအတွက် ထောက်ပံ့ဆောင်ရွက်သွားမည်



တောင်ကိုရီးယား အစိုးရအနေဖြင့် မကြာသေးမီက စွန့်ဦးတီထွင်မှု ဖွံ့ဖြိုးရေးအစီအစဉ်အား ကြေညာခဲ့ပြီး အလုပ်အကိုင်သစ်များ ဖန်တီးရေးနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုပိုမို အားကောင်းစေရေးတို့ကို ဇဟိုပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ မိုဘိုင်းဖုန်း၊ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် သင်္ဘောစက်ရုံများအား ယခုနှစ်အတွင်း ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အစိုးရအနေဖြင့် သက်ဆိုင်ရာကုမ္ပဏီများအား ဆက်လက်ထောက်ခံအားပေး သွားမည်ဖြစ်ကာ ယခုနှစ်အတွင်းကဏ္ဍအမျိုးမျိုးတွင် အလုပ်အကိုင်သစ် ၆၀၀၀၀ ရရှိအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

အစိုးရ၏ မူဝါဒအစီအမံများတွင် လက်ရှိစီးပွားရေးနှင့်ဆက်စပ်ဖြစ်ပွားလျက်ရှိသော အငြင်းပွားမှုကိစ္စများ၊ ဈေးကွက်ခိုင်မာရေးနှင့် စွန့်ဦးတီထွင်သူများအတွက် လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရေးစသည်တို့ပါဝင်ကြောင်း ဘဏ္ဍာရေးဝန်ကြီး Kim Dong-yeon က စီးပွားရေးနှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် အစိုးရ၏ စွန့်ဦးတီထွင်မှုဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ဖန်တီးရေး လမ်းညွှန်မူဝါဒထုတ်ပြန်ခြင်း အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အလုပ်အကိုင်ညွှန်းကိန်းတွင် နိုင်ငံအနေဖြင့် အခက်အခဲ ရင်ဆိုင်နေရပြီး စက်တင်ဘာလအတွင်း၌လည်း လုပ်ဆောင်ရန်ရှိသော စီးပွားရေးမူဝါဒကို ပြန်လည်သုံးခဲ့ကာ ရင်းနှီးမြှုပ်နှံသူများ၏ အခက်အခဲနှင့် စားသုံးသူများ၏ အခြေအနေတို့အပေါ် ပြန်လည်သုံးသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုများအတွက် ဘဏ္ဍာရေးအကူအညီရရှိစေရန် ၁၅ ထရီလီယံဝမ် အသုံးပြုကာ ထောက်ပံ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# ဆော်ဒီအာရေဗျနိုင်ငံ၏ အသိဉာဏမူပိုင်ခွင့် အကာအကွယ်ပေးရေး မူဝါဒနှင့် ပတ်သက်၍ အငြင်းပွားမှု ဖြေရှင်းပေးရန် ကာတာနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြ

ကာတာနိုင်ငံအနေဖြင့် ၎င်းပိုင်ဆိုင်သော အသိဉာဏမူပိုင်ခွင့်နှင့် ပတ်သက်၍ ဆော်ဒီအာရေဗျနိုင်ငံမှ ကျင့်သုံးသော အသိဉာဏမူပိုင်ခွင့် အကာအကွယ်ပေးရေး မူဝါဒမှာ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ Agreement on Trade-Related Aspects of Intellectual Property Rights (TRIPs) နှင့် ကိုက်ညီမှုမရှိသဖြင့် အငြင်းပွားမှု ဖြေရှင်းပေးရန် ကာတာနိုင်ငံမှ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့သို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်တွင် တင်ပြထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကာတာနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Dispute Settlement Body ဥက္ကဋ္ဌထံသို့ ကုန်သွယ်မှုအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ သဘောတူညီချက်၏ Article (4.4) အရ ပထမဆင့်အနေဖြင့် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု (Consultation) ပြုလုပ်ပေးနိုင်ရေး တရားဝင် အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း သိရှိရပါသည်။

**ညီညီအောင် (WTO သံမှူး) ဂျီနီဗာမြို့**

# အောက်တိုဘာလတွင် တောင်ကိုရီးယားပို့ကုန်တင်ပို့နိုင်မှု တိုးတက်ခဲ့

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန် တင်ပို့နိုင်မှုသည် အောက်တိုဘာလ တွင် ယမန်နှစ်ကာလတူထက် ၂၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အစိုးရမှ ထုတ်ပြန်သည့်အချက်အလက်များအရ သိရှိရ သည်။ အောက်တိုဘာလအတွင်း ပြည်ပသို့ စုစုပေါင်းတင်ပို့နိုင်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၉၇ ဘီလီယံရှိခဲ့ပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ယခုကာလအတွင်း ဒုတိယမြောက်အမြင့်ဆုံးစံချိန်တင်နိုင်ခဲ့ကြောင်း တောင်ကိုရီးယား ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စာရင်းများအရ သိရှိရသည်။ သွင်းကုန်အနေဖြင့် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၄၂ ဘီလီယံတန်ဖိုး တင်သွင်းနိုင်ခဲ့ပြီး ကုန်သွယ်မှုပိုငွေပြခဲ့ကာ တောင်ကိုရီးယားအနေဖြင့် ၈၁ လ ဆက်တိုက် ကုန်သွယ်မှုပိုငွေပြနေခဲ့ခြင်း ဖြစ်သည်။




နိုင်ငံအလိုက်တင်ပို့နိုင်မှုအနေဖြင့် အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်သို့ တင်ပို့နိုင်မှုမှာ ၁၇ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အဓိကအားဖြင့် ရေနံဓာတုထွက်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများစသည်တို့ တိုးတက်တင်ပို့နိုင်ခဲ့ခြင်း ဖြစ်သည်။ လက်ရှိအချိန်တွင် ထုတ်လုပ်မှုကဏ္ဍနှင့် အကြီးစားစက်မှုကဏ္ဍမှ ထုတ်ကုန်ပစ္စည်းများ ဝယ်လိုအားမြင့်တက်နေခြင်းသည် နိုင်ငံ ပို့ကုန်တိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည်။

သို့သော်လည်း အမေရိကန်နှင့် တရုတ်အကြား ကုန်သွယ်ရေးအငြင်းပွားမှု တဖြည်းဖြည်းကြီးထွားလာခြင်းကိုလည်း သတိပြုကိုင်တွယ်ဆောင်ရွက်ရန်လိုအပ်နေပြီး ယင်းနိုင်ငံများသို့ အမှီပြုနေရာမှ အခြားသော ဈေးကွက်အမျိုးမျိုးကို ရှာဖွေထိုးဖောက်နိုင်ရန် လိုအပ်ကြောင်း၊ အမျိုးသား အကျိုးစီးပွားကာကွယ်ရေးမူဝါဒ ကြီးထွားလာခြင်းကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်သုံးသပ်ကာ တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့။**

## Golden King Dragon General Services Company Ltd.

နံ့သာပြုအမွှေးတိုင်
Export & Import



No.79, 24th STREET, LATHA TOWNSHIP, YANGON, MYANMAR.
TEL : 01 241756, 01 370334, 09 5103207,09 5154464
09 965103207

## SHWE MYINT MIN CO., LTD.

FORKLIFT အသစ်၊ အဟောင်း၊ အပိုပစ္စည်းအမျိုးမျိုး ရောင်းသည်။ ငှားသည်။ ပြုပြင်သည်။




Add : No 8, Sanakuu Street, Botahtaung Township, Yangon, Myanmar.
Hot Line : 09420042844
Email : gm@shwemyintmin.com

## MKK Mya Kyoe Kyar (Whale Logistics) Co.,Ltd.

L-3, Shwe Zabe Housing, Bayint Naung Road, Kamayut Township, Yangon, Myanmar.
Tel : +95-1-535571
Fax : +95-1-535571
E-mail:mkkwhalelogistics2012@gmail.com
thetthetwin.ygn@gmail.com



## XCMG

For Your Success

Sales, Services & Rental

Special Promotion in 2016



KOL Global Construction Machinery Co., Ltd.
HOT Line : 09 -977 110 481
No. (45) , Shwe Myo Taw Pagoda Road, Yangon Idustrial Zone, Mingalardon Tsp. Email : xcmg@kolmyanmar.com; Ph : 09 855 2818

## APIA ASIA PACIFIC INSPECTION AGENCY

**The Best Services for all Investors.**

APIA LTD OFFERS A WIDE RANGE OF SERVICES FOR ISO CERTIFICATIONS TRAINING FOR QUALITY MANAGEMENT SYSTEMS AND AUDITING.

Our Certificates are recognized by banks worldwide in connection with transactions covered by Letters of Credit where our Certificate is specified as a condition of payment.

- Garment Inspection
- Pre-Shipment Inspection.
- Destination Survey.
- Pre-production Raw Material Inspection.
- Loading / Unloading Supervision.
- ISO consultant
- ISO 9001
- ISO 14001
- GMP/HACCP, ISO 22000
- ISO/IEC 27001
- ISO 50001
- ISO/TS 16949
- OHSAS 18001



ASIA PACIFIC INSPECTION AGENCY LTD.
No. 317 (First Flr.), SEA GREEN Tower,
Mahabandoola Rd., Botahtaung Tsp.,
Yangon, Myanmar.
Tel: 01 245836, 01 380812
Fax: 01 380812
E-mail: apia@mptmail.net.mm
Web: http://www.apiamyanmar.com

## Never old

မြန်မာနိုင်ငံသားများဖြင့် စုစည်းတည်ထောင်ထားသော **NEVER OLD TRADING CO.,LTD** မှ နိုင်ငံတကာအဆင့်မှီ အရည်အသွေးဖြင့် **STRUCTURAL INSULATED PANEL** များကို မြန်မာပြည်အနှံ့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေသည် ဖြစ်ပါ၍ လုပ်ငန်းရှင် မိတ်ဆွေတို့ အနေဖြင့် နိုင်ငံခြားမှ မှာယူတင်သွင်းရန် မလိုအပ်တော့ပဲ အချိန်တိုတိုအတွင်းမှာ ပြည်တွင်း ဖြစ်ထုတ်ကုန်များကို လိုအပ်သည့် အချိန်တိုင်းမှာ မှာယူရရှိနိုင်ပါပြီ။

### SPECIFICATIONS
TYPICAL PHYSICAL PROPERTIES

| PROPERTY | RESULTS |
|---|---|
| Injected Overall Density (Kg/m³) | 42 ± 2 |
| Thermal Conductivity (W/m*K) | 0.022 - 0.024 |
| Tensile Strength (KPa) | 300 - 500 |
| Bending Strength (KPa) | 300 - 500 |
| Shear Strength (KPa) | 120 - 300 |
| Water Absorption (volume change %) | <2 |
| Closed Cell content (%) | >90 |
| Water Vapor Transmission | 1.8 - 3.2 |
| Flash Point (°C) | 300 |
| Stable Operating Temperature (°C) | -40 to +80 |

## Product Application



- Industrial Coldroom & Hot Room.
- Electronic/Pharmaceutical Clean Room.
- Food Processing Plant/ Factory.
- Polatry Farms.
- Telecommunication Cabins.
- Schools.
- Mining & Platation Quarters.
- Modular Systems.
- Prefabricated Houses & Buildings.

*Make local Standard Global*

Office Address: No. 8/9, 3rd Floor, Thanthumar Street, Gagyi Ward, Thingangyun Township,Yangon, Myanmar.
Ph : 09773179881, 09773179882, 09773179883, 09773179884, 09773179886, 09773179887.
Email : info@neverild.com.my
Website : www.neverold.com.my

## Honda Maung Maung

### Construction & Trading Co.,Ltd





မုံရွာတောင်၊နတ်လှထပ်ပန်းရပ်ကွက်၊မုံရွာမြို့။

Ph : 09 2132221 , 09 962132221, 09 6450607, 09 2132223, 09 962132223, 09 33332373, & 07 125522

## MK Myanmar Modular Konstruction



Showroom : No.891, Byamaso Rd, (6)Qtr, South Okkalapa, Township, Yangon.
Office : No(793), Thayakhittayar (22) Street, (5)Qtr, South Okkalapa Township.
Tel. : 09 - 777737955, 09 - 762833847.
Email : aungtutu1@gmail.com, aungmyatthu.a1@gmail.com
FB Page : www.facebook.com/myanmarmodular/

COMMERCE
INTERNATIONAL

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံ အစည်းအဝေး ကျင်းပမည့်ရက် အတည်ပြု

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံအစည်းအဝေးအား အာဂျင်တီးနားနိုင်ငံ Buenos Aires မြို့တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ကျင်းပခဲ့ပါသည်။




ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဝန်ကြီးအဆင့် ညီလာခံများကို ပုံမှန်အားဖြင့် နှစ်နှစ်လျှင်တစ်ကြိမ် ဒီဇင်ဘာလအတွင်း၌ ကျင်းပလေ့ရှိပါသည်။ (၁၂)ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံအစည်းအဝေးကို လက်ခံကျင်းပမည့် ကာဇက်စတန်နိုင်ငံ၏ ဒီဇင်ဘာလ ရာသီဥတုအခြေအနေမှာ ကျင်းပရန် သင့်လျော်ခြင်းမရှိသဖြင့် ဒီဇင်ဘာလတွင် ကျင်းပမည့်အစား ရာသီဥတုကောင်းမွန်သည့် ဇွန်လတွင်ကျင်းပရန် လက်ခံကျင်းပနိုင်ရေး အိမ်ရှင်နိုင်ငံမှ အဆိုပြုခဲ့ပါသည်။

(၁၂)ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံ အစည်းအဝေးအား ကာဇက်စတန်နိုင်ငံ၏ မြို့တော် Astana တွင် ၂၀၂၀ ခုနှစ် ဇွန် ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပခဲ့သော အထွေထွေကောင်စီအစည်းအဝေးမှ အဖွဲ့ဝင်နိုင်ငံအားလုံး၏ တူညီဆန္ဒဖြင့် အတည်ပြုသဘောတူညီခဲ့ကြပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဝန်ကြီးအဆင့်ညီလာခံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ဆုံးဖြတ်ချက်နှင့် သဘောတူညီချက်များကို အပြီးသတ် အဆုံးအဖြတ် ပြုလျက်ရှိသည့် အမြင့်ဆုံးသော အာဏာပိုင်အဆင့် ညီလာခံဖြစ်ပြီး အဆိုပါညီလာခံတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအပေါ် ထိန်းကျောင်းသည့်မူဝါဒနှင့် သဘောတူညီချက်ရလဒ်များ ပေါ်ထွက်လာရန် အဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာ Focal ဝန်ကြီးများကိုယ်တိုင်တက်ရောက် ဈေးစပ်ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ကြပါသည်။

ကျင်းပပြီးစီးခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဝန်ကြီးအဆင့် ညီလာခံများ၏ အတွေ့အကြုံအရ သိသာထင်ရှားသော သဘောတူညီချက်ရလဒ်များ ထွက်ပေါ်ရေးအတွက် ညီလာခံအစည်းအဝေး မကျင်းပမီ အနည်းဆုံး တစ်နှစ်ခွဲခန့်ကြိုတင်ကာ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သက်ဆိုင်ရာကော်မတီ အစည်းအဝေးများတွင် Issue အလိုက် အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များမှ မိမိတို့၏ ရပ်တည်ချက်အလိုက် ဈေးစပ်ညှိနှိုင်းမှုများကို အပြင်းအထန် ပြုလုပ်ကြကြောင်း တွေ့ရှိရပါသည်။

**ညီညီအောင် (WTO သံမှူး)**
**ဂျီနီဗာမြို့**



# အာရှစတော့ခ် ဈေးကွက်အတွင်း အမေရိကန်ဒေါ်လာ ကျဆင်းလာ

အမေရိကန်နဲ့ တရုတ်တို့ရဲ့ ကုန်သွယ်ရေးစစ်ပွဲနောက်ပိုင်း တရုတ်စတော့ရှယ်ယာဈေးကွက်မှာ အမေရိကန်ဒေါ်လာဈေးတွေ ကျဆင်းသွားတယ်လို့ နိုဝင်ဘာ ၂၃ ရက်က နိုင်ငံတကာစတော့ဈေးကွက်တွေရဲ့ အညွှန်းကိန်းတွေအရ သိရပါတယ်။ အညွှန်းကိန်းတွေရဲ့ အဆိုအရ အမေရိကန်ဒေါ်လာဟာ အာရှရှယ်ယာဈေးကွက်အတွင်းမှာ အနိမ့်ဆုံးကျဆင်းမှုဖြစ်ပေါ်နေတယ်လို့ ဆိုပါတယ်။

အမေရိကန်သမ္မတ ထရန့်နဲ့ တရုတ်ဝန်ကြီးချုပ်တို့ တွေ့ဆုံရာမှာ အကြောင်းအကျိုးလျော်ညီတဲ့ တွေ့ဆုံဆွေးနွေးမှုတွေအပြီး အမေရိကန်ဒေါ်လာဈေးတွေ ပြန်တက်လာတယ်လို့ ဆိုပါတယ်။

ဒီလိုတွေ့ဆုံမှုတွေ ပြီးပေမယ့် အမေရိကန်ဘက်ကတော့ သူရဲ့နည်းပညာတွေကို တရုတ်က ရယူသွားတယ်ဆိုပြီး စွပ်စွဲနေဆဲဖြစ်ပါတယ်။ တရုတ်ဝန်ကြီးချုပ်နဲ့ အမေရိကန်သမ္မတတို့ တွေ့ဆုံစဉ် ထရန့်က နောက်လာမယ့်အပတ် အာဂျင်တီးနားအစည်းအဝေးမှာ သေချာပြောမယ်လို့ ဆိုပါတယ်။

အမေရိကန်က သူ့ရဲ့ နည်းပညာတွေကို တရုတ်က ခိုးယူတယ်ဆိုပြီး စွပ်စွဲချက်တွေရှိနေခဲ့တာပါ။ ဒါကိုလည်း တရုတ်ဘက်က ငြင်းဆိုထားပါတယ်။ အဓိကကတော့ တရုတ်ရဲ့ ဟာဝေးတယ်လီကွန်းနဲ့ သက်ဆိုင်နေတာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အမေရိကန်သမ္မတ ထရန့်က သေသေချာချာ ဆွေးနွေးသွားမယ်လို့ ဆိုပါတယ်။

အမေရိကန်ရှယ်ယာဈေးနှုန်းတွေ ကျသွားတာကြောင့် နိုင်ငံတကာက သူနဲ့ဆက်နွှယ်နေတဲ့ ရှယ်ယာဈေးနှုန်းတွေလည်း ကျဆင်းသွားတဲ့အခြေအနေ ဖြစ်ပေါ်နေပါတယ်။

ပြီးခဲ့တဲ့လပိုင်းက အမေရိကန်နဲ့ တရုတ်တို့အကြား ဖြစ်ပေါ်ခဲ့တဲ့ ကုန်သွယ်ရေးဆိုင်ရာ အခွန်ကန့်သတ်ချက်တွေကြောင့် နိုင်ငံတကာ ရှယ်ယာဈေးကွက်တွေမှာ ကမောက်ကမတွေဖြစ်ခဲ့ရတာကို ပြန်လည်ထိန်းညှိဖို့ စီးပွားရေးဆိုင်ရာ ပညာရှင်တွေက ထောက်ပြခဲ့ကြပါတယ်။ **AT**

Don't be drastic, Say "no" to plastic

**ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။**

# အာရှကနဂါးကြီး အနောက်က သိမ်းငှက်နှင့် နှစ်ပါးသွား ကမ္ဘာ့အလှ

တရုတ်-အမေရိကန်ဆက်ဆံရေး စီးပွားရေးအပေါ် အခြေခံပြီး အခြေ အတင်ဖြစ်နေတဲ့ အာရှအင်အားကြီး တရုတ်နဲ့ အနောက်အင်အားကြီး အမေရိကန်တို့အကြား ဖြစ်ပေါ်နေတဲ့ စီးပွားရေးဆိုင်ရာကို ဖြေရှင်းဖို့အတွက် ကြိုးပမ်းနေချိန်မှာပဲ ဟောင်ကောင်ဆိပ်ကမ်းမှာ အမေရိကန် ရေတပ်သင်္ဘော ဆိုက်ကပ်ခွင့်ပြုလိုက်တာကြောင့် အမေရိကန်နဲ့ တရုတ်တို့အကြား ကုန်သွယ်ရေး ရပ်ဆိုင်းလိုက်တယ်ဆိုပြီး အမေရိကန်ဘက်က နိုဝင်ဘာ ၂၃ ရက်မှာ ပြောကြားလိုက်ပါတယ်။

ဒါဟာ တကယ်တော့ အမေရိကန်ဘက်ဘက်က တစ်ဖက်သတ်ပြောတယ်ဆိုပြီး တရုတ်ဘက်က ပြောပါတယ်။ ဒီအခြေအနေမှာ တစ်ဖက်နဲ့တစ်ဖက် လုံးဝကိုအလျှော့မပေးပါဘူး။ ဒီကုန်သွယ်ရေးစစ်ပွဲဟာ နိုင်ငံတကာအတွက်ကတော့ မကောင်းတဲ့အရာဖြစ်ပါတယ်။

တကယ်ပြန်တွေးကြည့်မယ်ဆိုရင် နိုင်ငံတကာအင်အားနဲ့ စီးပွားရေးဆိုင်ရာ အတိမ်အနက်ကို ကြည့်မယ်ဆိုရင် အာရှမှာ တရုတ်အနောက်မှာ အမေရိကားလို့ ပြောရမှာဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တရုတ်ပြည်ရဲ့ တစ်ခုတည်းသောလမ်းဆိုတဲ့ အစီအစဉ်ကို လက်ခံခဲ့ပါတယ်။ လက်ရှိဖြစ်နေတဲ့အခြေအနေက တရုတ်လား အမေရိကန်လားဆိုတဲ့ အခြေအနေဖြစ်နေပါတယ်။

တကယ်တော့ အမေရိကန်ဟာ တရုတ်နဲ့ ကုန်သွယ်ရေးရပ်ဆိုင်းဖို့ဆိုတာဟာ စီးပွားရေးတွက်ချက်မှုအရ ဘယ်လိုမှမဖြစ်နိုင်တဲ့ တွေးခေါ်မှုတွေပဲဖြစ်ပါတယ်။ အာရှရဲ့ စီးပွားရေးအင်အားကြီးတစ်ဦးအနေနဲ့ ဘယ်လိုအကြောင်းပြချက်တွေ ရှိနေပါစေ သူ့ရည်ရွယ်ချက် သူ့ပန်းတိုင်ကို အရောက်သွားနိုင်မယ်ဆိုတဲ့ အားသာချက်က ခနပါပဲ။

တရုတ်မှာ အဓိကရှိနေတာကတော့ အာရှခနတွေအားလုံး သူ့ဆီမှာရှိနေတာဖြစ်ပါတယ်။ တရုတ်-အမေရိကန် ဆက်ဆံရေးဟာ အာရှနိုင်ငံတွေသာမက အနောက်နိုင်ငံတွေဆီကိုပါ သက်ရောက်မှု ရှိစေပါတယ်။ လေ့လာကြသူတွေအဆိုအရ အမေရိကန်ရဲ့ ကိုယ်ကျိုးစီးပွားရပ်တည်မှုနဲ့အတူ တရုတ်ရဲ့ ကိုယ်ကျိုးစီးပွားရပ်တည်မှုက စီးပွားရေးစစ်ပွဲကိုဖြစ်ပေါ်စေတယ်လို့ ဆိုပါတယ်။ **AT**